www.burmeseclassic.com

# မောင်မောင့် မမ မြင့်မြတ်မယ်




## လေဒီဇော်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၈၃၀၈၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၀၆၀၉၁၁
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၁၊ ဒီဇင်ဘာလ။
ထုတ်ဝေသူ - ဦးအေးလွင်(၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ - ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖြန့်ဈေး - ၁၀၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
လေဒီဇော်
မောင်မောင့် မမ မြင့်မြတ်မယ်/ လေဒီဇော် ။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၁ ။
၃၁၂ - စ၊ ၁၂.၃ x ၁၈ စင်တီ။
(၁) မောင်မောင့် မမ မြင့်မြတ်မယ်






# နိဒါန်း

www.burmeseclassic.com

www.burmeseclassic.com



- ဝတ္ထုတစ်ပုဒ်သည် ဇာတ်ဆောင်နှစ်ဦး၏ စိတ်ခံစားမှုကို စာဖတ်သူ မျိုးဝွေ့အောင် အလှည့်ကျတင် ပြနိုင်မှ စာရေးဆရာ၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြတ်သားစွာ ထင်မြင်နိုင်မှာ ဖြစ်သည်၊

- သို့မဟုတ် . . . ဝတ္ထုတစ်ပုဒ်သည် ဇာတ်ဆောင်နှစ်ဦး၏ စိတ်ခံစားမှုကို Actor ကဏ္ဍနှင့် Actress ကဏ္ဍဟူ၍ စာဖတ်သူ စိတ်ဝင်စားအောင် ခန်းသစ်ခွာတင်ပြနိုင်မှ စာရေးဆရာ၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြတ်သားစွာ ထင်မြင်နိုင်မှာ ဖြစ်သည်၊

- ဘာပဲဖြစ်ဖြစ် ဝတ္ထုမှန်လျှင် နိဂုံးပိုင်းကတော့ hit တစ်ခု ဖြစ်ရမြဲတည်း၊

သို့သော် . . . ထိုပုံစံ နှစ်မျိုးလုံးမဟုတ်သော Actor ကဏ္ဍ တစ်ခုတည်းကိုသာ တစ်ဖက်သတ်တင်ပြထားသော အလွန်ထူးဆန်းသည့် ဝတ္ထုတစ်ပုဒ်ကတော့ မကြာသေးခင်က ကျွန်တော့်ထံ ရောက်ရှိလာခဲ့၏။



ဘယ်လောက်ထိ တစ်ဖက်သတ်ဆန်လွန်းသလဲဆိုရင် . . ကျွန်တော် ဖတ်ရင်း ဖတ်ရင်း တစ်မျက်နှာမပြောနှင့် စာလုံးလေး တစ်လုံးတောင် ချန်လှပ်ကျော်ဖတ်လို့မရအောင် ထိုဝတ္ထုလေးက ဖွဲ့ဆောင်အား ကောင်းလွန်းပါသည်၊

ဒါပေမဲ့ . . . နိဂုံးပိုင်းရောက်ခါနီးထိ စာရေးဆရာ၏ ရည်ရွယ်ချက်ကို ရှာမရခဲ့ဘဲ ဖတ်လေ ဝေးလေ ဖြစ်နေရသည်၊

ဒါကြောင့် တစ်ဖက်သတ်ဆန်လွန်းသော်လည်း ဖွဲ့ဆောင်အားကောင်းနေသော ထိုဝတ္ထုလေးကို ကျွန်တော် ပစ်ချမထားရက်တော့ဘဲ နိဂုံးပိုင်းကို ရောက်ဖို့ ဖွဲ့ကောင်းစွာ ဆက်ဖတ်ရပါတော့မည်၊

ဆက်မဖတ်ခင် ထိုဝတ္ထုလေးအကြောင်းကို ကျွန်တော် ကြားဖြတ်ပြောပြပါမည်၊

ဝတ္ထုလေး၏ နိဒါန်းမှာ . . .

www.burmeseclassic.com

www.burmeseclassic.com



# ရင်ခုန်ခြင်းကဏ္ဍ . . .





## ၁

ထိုနေ့က ကျွန်တော် စာမေးပွဲဖြေပြီး သူငယ်ချင်း ထွေးညီနှင့် မြို့ထဲမှာ ကဲပစ်လိုက်တာ အချိန်တော်တော် ကြာသွားခဲ့သည်။ ညနေစောင်းမှ အိမ်ပြန်လာတော့ အိမ်ရှေ့နားအရောက်မှာပဲ မိုးက မထင်မှတ်ဘဲ ဖြန်းခနဲ ရွာချတော့၏။

"oh! very good "

ကျွန်တော် အပျော်လွန်ပြီး ထအော်လိုက်မိသည်။ အကြောင်းမှာ အဲဒီလို မထင်မှတ်ဘဲ ရွာချတတ်



www.burmeseclassic.com

www.burmeseclassic.com



သောမိုး (ထိုမိုးသည် အချိန်ကောင်းလည်း ဖြစ်ရမည်) ပြီးတော့ ခုနစ်ရက်ခုနစ်လီ ဆွေနေသော မိုးမျိုးမဟုတ်ဘဲ ညှို့ညှို့ဆိုင်းပြီး အရှိန်အဟုန်နှင့် ရေချိုးချင်စိတ်ရှိလာအောင် ရွာချတတ်သောမိုး (ထိုမိုးသည် အလွန်သဘော ကောင်းသော မိုးဖြစ်ရမည်) အဲဒီလို ရွာတတ်သော မိုးမျိုးဆိုရင် ကျွန်တော်က ဒန်းပေါ်မှာ ပက်လက်လှန်ပြီး မိုးကောင်းကင်ကိုကြည့်ကာ ဇိမ်ခတ်ပြီး ရေချိုးတတ်ခြင်းကြောင့် ဖြစ်ပါသည်။

ပြီးတော့ သူငယ်ချင်းတွေစုပြီး ဘောလုံးကန်တတ်ခြင်းကြောင့်လည်း ဖြစ်ပါသည်။

“ဘာဖြစ်တာလဲ မင်းက အရူးပဲ။ မိုးရွာရင် အပြင်ထွက်ဖို့ လွယ်တာမဟုတ်ဘူး။ မင်းမို့ ပျော်နေသေးတယ်ကွာ”

“အေး . . . မင်းလို အိမ်မကပ်ချင်တဲ့ကောင်၊ ပင်ပန်းတဲ့အလုပ်ဆိုရင် သီချင်းဆိုတာကလွဲလို့ ဘာမှမလုပ်ချင်တဲ့ကောင်ကတော့ ဒီစကားပြောမှာပေါ့။ မသိရင်မှတ်





ထား မိုးရွာတုန်း မိုးရေချိုးတာနဲ့ မိုးရွာထဲမှာ ဘောလုံးကန်ရတဲ့ အရသာက ရည်းစားတွေနဲ့လဲပစ်လို့ရတယ်”

အိမ်မကပ်ချင်သော ထွေးညီကို ကျွန်တော် ခပ်ရွဲ့ရွဲ့ ပြန်ပြောလိုက်ပြီး ကားပေါ်မှ ခုန်ဆင်းလိုက်သည်။

“ဒါပေမဲ့ မိုးရွာတာ ဒီလောက်မြူးစရာမဟုတ်ဘူးကွ။ မိုးရေထဲမှာ ဗီးလ်ဝင်ပြီး နမိုးနီးယားဖြစ်မှ သဲချစ်ကလေးနဲ့ မတွေ့ရဘဲ အသက်ပါ ပျောက်သွားမယ်”

ထွေးညီကလည်း ကျွန်တော်နှင့် တကယ်မဖြစ်သေးသော ကျွန်တော်ကြံနေသော girl friend သဲချစ်ကို ဆွဲထည့်ပြီး ပြောဖြစ်အောင် ထပ်ပြောသည်။

“ဒါဆိုလည်း ပြောလိုက်စမ်းကွာ။ သဲချစ်ဆီက အပြန်မှာ ချယ်ရီ မိုးမိလို့ ဖျားနေပြီ။ ကော်ဖီလာတိုက်လှည့်ပါလို့”

“အိုခေ . . . ပြောလိုက်မယ်။ ချယ်ရီ မိုးကြိုးပစ်လို့သေပြီ။ ရေဝေးပို့ဖို့ ရယ်ဒီသာ လုပ်တော့လို့”

ထွေးညီက မခံနိုင်အောင်ပြောပြီး ဝေါခနဲ မောင်း

www.burmeseclassic.com



ပြေးလေသတည်း.

"ဟာ . . . ကြည့်စမ်း . . . တွေ့မယ် . . . တွေ့မယ်။ မနက်ဖြန်တွေ့မယ် ခွေးကောင်"

ကျွန်တော် မီသလောက် လှမ်းအော်လိုက်ပြီး ခြံထဲဝင်လာခဲ့တော့၏။ အိမ်အဝင်မှာတော့ ထုံးစံအတိုင်း ကြိုနေတတ်သော၊ ကျွန်တော့်ကို အလွန်ချစ်ပြီး အလိုလိုက်သော၊ ကျွန်တော်လည်း သားတစ်ယောက်တည်းမို့ အလိုလိုက်ခံထားရပြီး ဆိုးချင်တိုင်း ဆိုးလို့ရသော ဘွားဘွားနှင့် မေမေက ဆီးကြိုနေပါသည်။

"ကြည့်စမ်းပါဦး ပေါ်တော်မူမြေးကလေး ခုမှပဲ ပြန်လာတော့မယ်။ ဘွားဘွားတို့မှာဖြင့် မျှော်လိုက်ရတာ။ ငါ့မြေး ဘာများဖြစ်နေလဲလို့။ ဖုန်းတစ်ချက်ဆက်ဖော်မရဘူး။ ဆက်လိုက်ရင် ပြန်ခေါ်မှာ ကြောက်လို့ မဟုတ်လား။ လက်ကိုင်ဖုန်းတွေဆိုတာ တမင်သက်သက်ထုတ်ထားတာ မဟုတ်ဘူး။ သားလည်း အလကားရတာမဟုတ်ဘူး။ ရောက်တဲ့အရပ်မှာ အချိန်မရွေး ဆက်သွယ်လို့ရအောင်





ဝယ်ပေးထားတာ"

"ဟုတ်သားပဲ သားရယ်။ စာမေးပွဲပြီးတဲ့နောက် စောစောပြန်လာပါတော့လား။ မဖြေခင်လည်းလည်၊ ဖြေပြီးတော့လည်းလည်။ အပြင်ရောက်ရင်လည်း ဖုန်းကို တန်းပိတ်တော့တာပဲ။ အကြောင်းရှိရင် မေမေ့မှာ ဘာလုပ်ရမှန်း မသိဘူး။ ကဲ . . . အချိန်လည်း မရှိတော့ဘူး။ အကျီချွတ် ရေချိုးတော့"

ဆိုသည့် ဘွားဘွားနှင့်မေမေ့ စကားအဆုံး ကျွန်တော် ရယ်ပြီး အကျီချွတ်လိုက်သည်။

"မစိုးရိမ်ပါနဲ့။ သားက ဘွားဘွားအတွက် မြေးနဲ့ မေမေ့အတွက် ချွေးမသွားရှာနေတာ"

"အံမယ် . . . ဘွားမြေးက ဘယ်ဆိုးလို့တုန်း။ ဘယ်သူလေးလဲကွယ်။ ဘယ်ကလဲ၊ ဘယ်သူ့သမီးလဲ။ ငါ့မြေး တကယ်ကြိုက်ရင် ဘွားဘွားကိုယ်တိုင် လိုက်တောင်းပေးမယ်"

"အို . . . အမေကလည်း နေရာတကာ အလို



www.burmeseclassic.com

www.burmeseclassic.com



လိုက်နေတာပဲ၊ ကျောင်းမပြီးခင် ဒီစိတ်တွေ မကူးရပါဘူး"

"ဟဲ့ . . . ညည်းသားက ကလေးမဟုတ်တော့ဘူး။ လူပျိုကြီး ဖြစ်နေပြီ"

"ဖြစ် . . . ဖြစ်"

မေမေနှင့်ဘွားဘွား ပဋိပက္ခဖြစ်နေတော့ ကျွန်တော် ဖျတ်ခနဲ ခြံထဲထွက်ဖို့ လှည့်လိုက်စဉ် မေမေကလည်း ဆတ်ခနဲပင် ကျွန်တော့်လက်ကို အမိအရ လှမ်းဆွဲလေသည်။

"ဒါ . . . ဘယ်လဲ၊ မေမေသိတယ်၊ အရူးမထန်နဲ့။ အခုဒီလို အရူးထမှုကြောင့် မိုးတွင်းရောက်တိုင်း ခဏခဏ ဖျားတာမေ့နေပြီလား၊ ရေချိုးခန်းထဲမှာ သွားချိုး"

"အိုက်လွန်းလို့ပါ မေမေရယ်။ သား မိုးရေပဲချိုးချင်တယ်၊ ဘောလုံးလည်း ကန်ချင်လို့ပါ"

"ဒီလောက်မိုးမှောင်ကျနေတာ ဘယ်ကလေးက ဘောလုံးကန်မှာလဲ"

"ဒါဆိုလည်း မိုးရေခဏလေးပဲ ချိုးမယ် မေမေရာ နော်၊ ဘွားဘွား မေမေ့ကို ကြည့်ပြောပါဦး"





"ကဲ . . . သွား . . . သွား . . . ချိုးလိုက်၊ မကြာစေနဲ့နော်။ ဒီမိုးက မိုးကောင်းပါ ချိုးကောင်းပါတယ်၊ ညည်းကလေးကို နေရာတကာမှာ မပိတ်ပင်ပါနဲ့"

"အချိန်မရှိလို့ ပြောနေတာ။ မှောင်လာပြီ။ အမေ့မြေးက ဘယ်လောက်ဇိမ်ခံနေဦးမယ် မသိဘူး"

"မကြာစေရပါဘူးအေ။ ကြာရင် ငါထွက်ခေါ်မယ်"

"အိုခေ . . . ဒါမှ တို့ဘွားဘွားချစ်"

ကျွန်တော်ပျော်ပြီး ခြံထဲသို့ ခုန်ပေါက်ပြေးထွက်ခဲ့တော့၏။ ဘွားဘွားနှင့် မေမေ၏ ဒုတိယအကြိမ် ပဋိပက္ခကို ကျွန်တော် ဆက်မကြည့်တော့။ အိမ်ရှေ့လမ်းမတန်းပေါ် ကြည့်လိုက်တော့ မိုးသည်းထန်စွာ ရွာချနေမှုကြောင့် လူတစ်ယောက်၊ ခွေးတစ်ကောင်၊ ယာဉ်တစ်ယာဉ်ပင် မမြင်ရ။ ပြီးတော့ မေမေပြောသလို မိုးမှောင်ကျလာပြီး ဘောလုံးကန်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ပြီမို့ ခြံထဲမှာရှိသည့် ပန်းပင်တွေ၊ ပန်းအိုးတွေကိုသာ ရှင်းစရာရှိတာရှင်း၊ ပြင်စရာရှိတာပြင်ပြီ ဒန်းပေါ် ပက်လက်သွားလှန် နေလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

အဲဒီလို မိုးသည်းညနေတွေဆိုရင် ကျွန်တော်၏ မိုးရေထဲမှာ ရေချိုးနည်းက အလွန်အရသာရှိ၏။ မိုးစက် မိုးပေါက်တို့၏ အရသာကိုလည်း ကြည်ကြည်နူးနူးခံစားနေ လို့ရ၏။ ကောင်းကင်ကြီးကိုကြည့်ပြီးတော့လည်း စိတ်ခံစား မှုတစ်ခုကို ဖော်ကျူးလို့ရ၏။ ပြီးတော့ ဘောလုံးကန်ရတာ လည်း အရမ်းပျော်ဖို့ကောင်းပါသည်။

အခုတော့ အချိန်က မှောင်ရီပျိုးနေပြီမို့ ရေချိုးလို့ သာကောင်းပေမယ့် မည်းမှောင်နေသော ကောင်းကင်ကြီး က ခံစားမှုရသတို့ကို မပေးစွမ်းတော့ပါ။ ဒါကြောင့် ကျွန် တော် မျက်စိမှိတ်ပြီး မိုးရေ၏ အရသာကိုသာ ခံစားနေ လိုက်မိပါသည်။

ထိုအချိန်မှာ မိန်းကလေးတစ်ဦး၏ "ကိုကြီး . . . ကိုကြီး" ဟူသော ခေါ်သံလေးက ဝါးတားတား ထွက်လာ တာကြောင့် ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်မိ၏။ မိုးက ထင်ထားတာထက် ပိုသည်းလာတာမို့ သိပ်မသေချာချင်။



"ကိုကြီး . . . ဒန်းပေါ်က ကိုကြီး"

ဟု သေချာသောပုံစံမျိုးဖြင့် vocal ကို မြှင့်ခေါ် လိုက်မှ ကျွန်တော်ထပြီး ခြံရှေ့ကြည့်လိုက်စဉ် တံခါးနားမှာ ထီးတစ်လက်ဖြင့် ခေါင်းလေးပြူတစ်ပြူတစ် ဖြစ်နေသော ကောင်မလေးတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။

"ဒီမှာရှင့် . . . ကိုကြီးကို သမီးခေါ်နေတာ"

"ဘာလဲကွာ။ ဗီးလ်ပျက်လိုက်တာ"

ကျွန်တော် ခပ်တိုးတိုးရေရွတ်ရင်း ခြံတံခါးနားကပ် လာခဲ့သည်။

"ကိုကြီး သမီးတို့က ဟိုဘက်ခြံကို နေ့လယ်ကမှ ရောက်လာတာပါ။ အိမ်မှာ သမီးအစ်မ မူးနေလို့ ဆေးခန်း ခဏလိုက်ပို့ပေးပါရှင်"

ကြည့်စမ်း။ ရေချိုးလို့ကောင်းတုန်း ဖိမ်လည်းလာ ဖျက်သေးသည်။ နိုင်းလည်းနိုင်းနေပြန်သေးသည်။

"ငါ ဒရိုင်ဘာမဟုတ်ဘူးကွ။ ကိုယ့်ဘာသာ ငှား ငှားသွားပါလား"

www.burmeseclassic.com

www.burmeseclassic.com



"အငှားကား မတွေ့လို့ပါ"

"ဒီနားမှာ ဘယ်တွေ့မလဲ။ ဟိုလမ်းထိပ်ဘက် သွားရှာပေါ့"

"သမီး ဘာမှမလုပ်တတ်လို့ပါ ကိုကြီးရဲ့။ သမီးတို့ အဘလည်း မရောက်သေးလို့ပါ။ ခုမှ ရောက်တာဆိုတော့ လည်း သမီးတို့ ဘယ်မှမသွားတတ်ပါဘူး။ ကူညီပါ အစ်ကို ကြီးရယ်။ အစ်မ သေမှာစိုးလို့ပါ"

"အရစ်ပဲကွာ။ လာရှုပ်နေပြန်ပြီ"

"ရှုပ်တာ မဟုတ်ပါဘူး။ တကယ်ပြောနေတာပါ အစ်ကိုကြီးရဲ့။ ကိုကြီးသာ လိုက်မပို့ရင် အစ်မသေပြီပဲ"

"ဟား . . . ပြဿနာပဲ။ တရားခံလာရှာနေပြန်ပြီ။ သွားသွား ငါလာခဲ့မယ်"

ကျွန်တော် မျက်နှာမှ ရေတွေကိုပွတ်ပြီး အော် လိုက်မှ ကောင်မလေး ခပ်သွက်သွက်ပြေးထွက်သွားသည်။ ကျွန်တော် စိတ်လက်မကြည်မသာဖြင့် အဝတ်အစား ကပျာကယာလဲရ၏။ ဂျင်းန်ဘောင်းဘီ သရီးကွာတားကို



ဝတ်လိုက်ပြီး အနက်ရောင် တီရှပ်လက်တိုကိုဝတ်ကာ ဆံပင်တွေကို Dryer နှင့် မမှုတ်တော့ဘဲ Towel နှင့် တစ်ချပ်နှစ်ချပ်ပွတ်ပြီး ဖြီးလိုက်သည်။ ကျွန်တော် အပြင် ထွက်လာတော့ ဘွားဘွားက ထမင်းစားဖို့ စောင့်နေ၏။

"ဖတ်လမ်းလာရှုပ်နေတယ် မေမေရေ။ သားကို ထမင်းစားဖို့ မစောင့်နဲ့တော့။ ဟိုဘက်ခြံက လူသစ်တွေက နေမကောင်းလို့ ဆေးခန်းပို့ပေးပါဆိုလို့ သားလိုက်ပို့ရဦးမှာ"

"ဟုတ်လား။ ဘယ်တုန်းကလာပြောလို့လဲ"

"သား . . . ရေချိုးနေတုန်းက မေမေ။ လာခေါ်တဲ့ ကောင်မလေးကလည်း အကူအညီတောင်းတာ ကောင်း ကောင်းမတောင်းဘူး။ သားမှ လိုက်မပို့ရင် သူ့အစ်မ သေ ပြီတဲ့"

"ဘုရားရေ"

"ဟုတ်ကောဟုတ်ရဲ့လား မသိပါဘူး မေမေရာ။ အကြောင်းမသိ၊ ခေတ်မသိနဲ့ သူပြောသလို တကယ်ဖြစ် နေမှ ပြဿနာ"

www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဟုတ်ရင်လည်း ဟုတ်မှာပါ။ မေမေတောင် အဲဒီကိစ္စ သားကိုပြောမလို့ဘဲ။ သွား . . . သွား . . ပို့လိုက်။ မေမေတို့ Family Doctor ဆီကို ခေါ်သွား"

"မှန်တယ်။ ပို့ပေးလိုက်ပါ မြေးလေးရယ်။ ကူညီကောင်းပါတယ်။ ရှုပ်တယ်လို့ မထင်ပါနဲ့"

ဘွားဘွားနှင့် မေမေက ရှေ့ဆင့်နောက်ဆင့် သဘောကောင်းပြနေတာမို့ ကျွန်တော် ကားထုတ်ပြီး လူသစ်တွေခြံသို့ ကူးလာခဲ့တော့၏။ မေမေနှင့် ဘွားဘွားတောင် ပြောင်းလာသောလူသစ်တွေအကြောင်းကို သိသင့်သလောက် သိနေပုံပေါ်ပြီ။

ထိုတိုက်မှာ ကျွန်တော့်ဖေဖေ စိတ်တိုင်းကျဆောက်ထားပြီး ပွဲစားမပါဘဲ မျက်နှာချင်းဆိုင် အရောင်းအဝယ်တည့်သွားတာကို ကျွန်တော် တစ်လလောက်က ကြားထားတာမို့ ထိုခြံထဲသို့ ကားကို ကျွမ်းကျင်စွာ လှည့်ပတ်မောင်းပြီး ထိုးပေးလိုက်၏။ ပြီးတော့ နောက်ကို တစ်ချက်မှလှည့်မကြည့်ဘဲ သီချင်းတိုးတိုးလေးဖွင့်ပြီး စောင့်နေ





လိုက်သည်။

မတတ်သာလို့သာ ကူညီရတာ ကျွန်တော် လုံးဝစိတ်မပါပါ။ သူမတို့ ကားပေါ်ရောက်လို့ "မောင်းလို့ရပါပြီ" ဆိုမှ မောင်းလာခဲ့တော့၏။ ဆေးခန်းသို့ ရောက်ပြန်တော့လည်း သူမတို့ ဆေးခန်းထဲ ဝင်တာ ထွက်တာ ကားထဲဝင်တာထွက်တာတွေကို ကျွန်တော် တစ်ချက်မှ လှည့်မကြည့်ဘဲ "မိုးကြိုး"သီချင်းခွေကိုသာ ဖွင့်နေလိုက်မိသည်။

မိုးသံနှင့်အပြိုင် မိုးကြိုးပေါက်ကွဲပြနေသော သီချင်းသံက ကျွန်တော့်အတွက်တော့ အလွန်ခံစားလို့ကောင်း၏။ သူမတို့ ဆေးခန်းထဲမှ ပြန်ထွက်လာပြီး "ရပြီ ကိုကြီး" ဟု ပြောမှ ကျွန်တော် သီချင်းလိုက်ဆိုရင်း မောင်းထွက်လာခဲ့လေသည်။

သို့သော် ကျွန်တော်သည် သူမတို့နှင့်ပတ်သက်ပြီး ဘာတစ်ခုမှ အလေးထား ဂရုစိုက်ခြင်း မပြုလုပ်ပေမယ့် နောက်ဘက်မှ တစ်ချက်တစ်ချက် ဝေ့ဝဲလာသော သင်းပျံ့နေသည့် ချိုမြမြ ရေမွှေးနံ့လေးတစ်ခုကိုတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အထူးဂရုစိုက်လိုက်မိပါသည်။ အလွန်ထူးဆန်းသောရေမွှေးနံ့ဖြစ်၏။ ထိုရေမွှေးနံ့က တစ်သက်တာအထိ ဘယ်လိုမှ မေ့မရတော့မည့် အနံ့တည်း။

ကျွန်တော် ပိုမှတ်မိအောင် ထိုအနံ့ကို စိတ်ရှည်ရှည် ရှူရှိုက်ကြည့်လိုက်မိသည်။ သေချာပြီ။ ထိုရေမွှေးနံ့ကို ကျွန်တော်သေတဲ့အထိ မမေ့တော့။

အနံ့ကလေး၏ အရသာမှာ ခေါင်းကိုကြည်လင်စေသည်။ ချိုမြ၍ တစ်သက်တာထိ စွဲမက်စေသော ဂုဏ်သတ္တိနှင့် ပြည့်စုံပါသည်။ ကျွန်တော် ဆေးခန်းကို လိုက်ပို့ပေးရခြင်း၏ အကျိုးရလဒ်ကတော့ ကျွန်တော့်တစ်သက်တာအထိ စွဲမက်သွားစေမည့် ထိုရေမွှေးနံ့ပင် ဖြစ်ပေသည်။

သို့သော် ကျွန်တော် ဆေးခန်းလိုက်ပို့ပေးရသည့် အကျိုးရလဒ်သည် ကျွန်တော့်ရင်ထဲ တစ်သက်တာထိ စွဲသွားစေသည်။ ထိုရေမွှေးနံ့တစ်ခုတည်းဟု သတ်မှတ်ခဲ့ခြင်းမှာ လုံးဝမှားယွင်းသော အခြေအနေသို့ မကြာခင်မှာပဲ ဆိုက်ရောက်ခဲ့ရပြန်ပါသည်။



အကြောင်းကတော့ ထိုရေမွှေးနံ့တစ်ခုတည်းကိုသာ ရရှိခြင်းမဟုတ်ဘဲ။ နောင်တစ်ချိန်မှာ ဒီလိုမိုးသည်းထန်စွာရွာသွန်းပုံမျိုးအောက်မှာ ကျွန်တော့်ဘဝကြီး ပြောင်းလဲ ရှုးသွပ်သွားလောက်သည့် အဖြစ်မျိုးကိုပါ ရရှိခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ကံကိုသာ ကြိုမြင်နိုင်လျှင် ထိုဆေးခန်းပို့ပေးခြင်းကိစ္စကို ကျွန်တော် ပြုလုပ်ခဲ့မည်မဟုတ်ပါ။

အဲဒီလို ကျွန်တော့်အတွက် စိတ်ဝင်စားစရာကောင်းသော၊ ကျွန်တော်စွဲမက်စွာ ဖတ်လာခဲ့သော ဝတ္ထုလေးက ထိုမိုးရွာချိန် ဆေးခန်းလိုက်ပို့ပေးရသော အဖြစ်မှ စတင်ခဲ့ပါသည်။

ထိုညက ကျွန်တော်သည် အပြင်မှာ ထွေးညီနှင့် လည်ပတ်ခဲ့ရသည့် ပင်ပန်းမှု၊ မိုးရေတွေချိုးထားမှု ဆေးခန်းပို့ပေးခဲ့ရသည့် ဝန်ပိုမှုကြောင့် အိပ်ရာထဲဝင်ဝင်ခြင်း အိပ်ပျော်သွားလိုက်သည်မှာ ညဥ့်နက်သန်းခေါင် တေးသံသာတစ်ခု၏လှုံ့ဆော်မှုကို ကြားလိုက်မှ ဖျတ်ခနဲ တစ်ရေးနိုးသွားခဲ့လေ၏။

www.burmeseclassic.com



ကျွန်တော် ကြားလိုက်ရသည့်တေးသံက ပထမ တော့ အိပ်မက်လို မှုန်ဝါးဝါးမှုတစ်ဆင့် တဖြည်းဖြည်း သေချာပီပြင်စွာ ထွက်လာတာမို့ အိပ်မက်မဟုတ်မှန်း အလိုလိုသိလာပြီး နိုးခဲ့ရတာဖြစ်သည်။ သီချင်းက ကျွန်တော် သိပ်မကြိုက်လှသော်လည်း သိနေသော . . .

End of the world.

ဖြစ်၏။

အေးစိမ့်စိမ့် မိုးမာတ်နှင့် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တို့၏ ပံ့ပိုးမှုကြောင့် ထိုသီချင်းကလေးက အရမ်းနားထောင်ကောင်းပြီး ကျွန်တော် စိတ်ပါဝင်စားသွား တော့သည်။

ဘယ်ကများလဲ။

ဒီလမ်းထဲမှာ ဒီလိုအချိန်မျိုး သီချင်းဖွင့်ပြီး ခံစား နေတတ်တဲ့လူဆိုတာ ကျွန်တော် မကြုံဖူးသေးပါ။ ကျွန် တော်တို့အရွယ် လူငယ်တွေဆိုတာလည်း ဒီခေတ်ကြီးထဲ မှာ ညဉ့်နက်သန်းခေါင် အွန်လိုင်းပေါ် ရောက်သွားတတ်





တာကလွဲလို့ သီချင်းဖွင့်ပြီး ဝုတ်တုတ်ခံစားနေရလောက်တဲ့ အထိ မရှူးသွပ်။ ကိုးတန်းဆယ်တန်းအရွယ် ဆယ်ကျော် သက်တွေကလည်း တခြားအတတ်ဆန်းတွေကိုသာ ထွင် ချင်ထွင်မည်။ ထိုအလုပ်မျိုးကိုတော့ ယောင်လို့တောင် စိတ်ကူးမှာ မဟုတ်။

ညဉ့်နက်သန်းခေါင်မို့ အသံက နီးသလိုလို ဝေး သလိုလိုနှင့် ဖမ်းဆုပ်ရခက်ခဲသော လေလွင့်မှုတစ်ခုလို ဖြစ် နေသည်။ သေချာတာကတော့ မြောက်ဘက်အိမ်နှင့် တောင်ဘက်မှ လောလောဆယ်ပြောင်းလာသော လူသစ် တွေအိမ်ကပဲဖြစ်ရမည်။ လူသစ်တွေအိမ်ကဆိုလျှင် ဆေးခန်း ပို့ပေးဖို့ လာခေါ်သော ကောင်မလေးကလည်း ဆယ့်ငါးနှစ် လောက်ပဲ ရှိဦးမှာမို့ ထို "End of the world" ကို အိပ်ပျက် ခံပြီး ခံစားနေမှာမဟုတ်။

ဆေးကုခံသူ မိန်းကလေးကလည်း ကျွန်တော်မှ လိုက်မပို့ရင် သေဆုံးတော့မှာဖြစ်သော patient တစ် ယောက်မို့ ဒီလိုအချိန်မျိုးမှာ ဖီးလ်ဝင်ပြီး ထခံစားနေမှာ

www.burmeseclassic.com



မဟုတ်။

မြောက်ဘက်အိမ်က မိသားစု အခြေအနေကို လည်း ကျွန်တော် သိကျွမ်းပြီးသားမို့ သူတို့လည်း မဖြစ်နိုင် ပါ။ ကျွန်တော် နဖူးပေါ်လက်တင်စဉ်းစားနေရင်းမှ သီချင်း သံက တစ်စတစ်စ တိုးတိတ်ပျောက်ကွယ်သွားလေသည်။

ပြီးဆုံးသွားပြီအထင်နှင့် ကျွန်တော် ပြန်အိပ်တော့ မည့်ဆဲဆဲမှာပင် မထင်မှတ်ဘဲ တီးလုံးသံလေးတစ်ခု ပျံ့ လွင့်လာပြန်၏။ ဒီတစ်ခါ သီချင်းကတော့ End of the world မဟုတ်တော့ဘဲ ဖြူဖြူကျော်သိန်း၏ "မသေနိုင် သော" ဖြစ်ပါသည်။

ကျွန်တော် သေချာပေါက် တွက်လိုက်နိုင်ပါပြီ။ ထို song feeling ယူနေသော မိန်းကလေးသည် သူမ၏ ရင်ထဲတွင် ကြီးမားသော ခံစားချက်တစ်ခု နှိုအောင်းကိန်း ဝပ်နေရမည်ဆိုတာ။

နားဆင်သူက ဘာကိုမှ အာရုံမထားဘဲ အေးအေး လူလူ ငြိမ့်ညောင်းစွာ ခံစားနေပေမယ့် ကြားရတဲ့ ကျွန်





တော့်အတွက်တော့ ဆက်လှဲပြီး မနေနိုင်အောင် သီချင် စိတ် ပြင်းထန်သွားလေသည်။

(ကိုယ့်စိတ်က သိနေတယ်×××
တိတ်ဆိတ်ငြိမ် မင်းသံ×××
ပြင်းပြတဲ့ မင်းခေါ်သံ နှလုံးသားကကြား×××
မမြင်နိုင်တဲ့ နှောင်ကြိုးများ×××
အို×××ကိုယ် ကိုယ်တိုင်လည်း
ရုန်းမထွက်နိုင်ဘူးလေ×××)

မိုးစာတ်ကြောင့် အားလုံးအိပ်မောကျပြီး ဆိတ်ငြိမ် နေပေမယ့် သီချင်းသံက အကျယ်ကြီးမဟုတ်ဘဲ အဓိပ္ပာယ် ထင်ရှားရှုံလောက်သာ ကြားလာရတာမို့ ကျွန်တော်လည်း လသာဆောင်သို့ ဘယ်လိုဘယ်ပုံရောက်သွားမှန်းပင် သတိမထားလိုက်မိတော့ပါ။

မြတ်စွာဘုရား . . .

ကျွန်တော့်မျက်လုံးတွေ ပိုတောက်ပသွားလေသည်။

ခံစားနားဆင်နေသူမှာ တောင်ဘက်လူသစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



အိမ်တဖြစ်ကြောင်း ကျွန်တော် ကြားသိမြင်တွေ့လိုက်ရခြင်းကြောင့်တည်း။ လုံးချင်းတိုက်ကလေး၏ မြောက်ဘက်ခန်းထဲတွင် မီးများထိန်ထိန်လင်းလျက်ရှိပြီး မှန်ပြတင်းပေါက်ဖွင့်ထားရာမှတစ်ဆင့် သီချင်းသံက ပိုလွင့်မျောလာကြောင်းကို ကျွန်တော် လက်တွေ့ သိလိုက်ရပါသည်။

"မသေနိုင်သော" ပြီးပြန်တော့ choice လုပ်ထားသလားမသိပါ။ ချောစုခင်ပြန်ဆိုထားသော "အတ္တ" သီချင်းက ချိုချိုရှရှလေး ပြန့်လွင့်လာပြန်သည်။

ကြည့်စမ်း . . .

ဘယ်သူလဲ . . .

ဘာဖြစ်လို့လဲ . . .

ဘာဖြစ်လို့ ဒီလောက်ခံစားပြီး ကြေကွဲပြနေတာလဲ။

ကျွန်တော့်ဘဝတွင် တစ်ခါမှ မတွေ့ကြုံဖူးသော ခံစားချက်အသစ်တစ်ခု ဖြစ်ပါသည်။

ဘယ်လောက်ခံစားလို့ကောင်းတဲ့ သီချင်းသံလေး





လဲ . . .

ဘယ်လောက်များ အရသာရှိလိုက်တဲ့ ရာသီဥတုကလေးလဲ . . .

ဘယ်လောက်များ romance ဖြစ်လိုက်တဲ့ အတွေ့အကြုံကလေးလဲဆိုတာ . . .

ကောင်းကင်ကို မော့ကြည့်ပြန်တော့ ညနေက ရွာထားသောမိုးက အိပ်မက်တစ်ခုလို လွင့်ပြယ်သွားသည်မှာ ကြယ်တွေ စုံစုံလင်လင်ဖြင့် အလွန်လှပနေလေသည်။ မိုးရန့်ဖြင့် အေးစိမ့်နေတာမို့လည်း ပိုပြီးသာယာကြည်နူးဖွယ်ကောင်းနေပါသည်။

ကျွန်တော်သည် သီချင်းသံ ပျောက်ဆုံးမသွားမခြင်း လသာဆောင်မှာ လျှောက်နေပြီး သီချင်းပြီးဆုံးကြောင်း သေချာမှ လင်းနေသော ထိုအခန်းကြီးမှောင်အတိကျသွားမှ အထဲပြန်ဝင်ခဲ့လေ၏။ အိပ်ရာထဲ ရောက်ပြန်တော့လည်း တော်တော်နှင့် အိပ်မရဘဲ တွေးနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မသေနိုင်သော နှင့် အတ္တ . . .

အတ္တ နှင့် မသေနိုင်သော . . .

(ဆန္ဒများနဲ့ စိတ်ဓာတ်ကိုဖိဆီး . . .

ခန္ဓာကိုယ်က သွေးဆဲလ်နဲ့ . . .

တည်ငြိမ်နေတဲ့ နှလုံးသားထဲ . . .

ဘယ်သူဝင်ကာ အဆိပ်ခတ်လိုက်ပြီလဲ . . .

အိုး . . . အိပ်လို့မရတော့ဘူး ညညတွေ . . .

ရင်မောကာနေရတာ စိတ္တဇလိုပဲ . . . ကူညီကြပါဦး

ဒီမှာကယောက်ချောက်ချားအတွေးများနဲ့ ရူး . . ရူး)

× × ×



## ၂

"သားရေ . . . သားလေး ထတော့လေ"

ညက သီချင်းသံအကြောင်းကို စဉ်းစားရင်း မိုးလင်းခါနီးမှ အိပ်ပျော်သွားတာမို့ မေမေ လာနှိုးမှ နိုးတော့သည်။ သို့သော် အရမ်းအိပ်ကောင်းနေချိန်မို့ မျက်လုံးက ဘယ်လိုမှ ဖွင့်မရ။

"သား . . . ကြားလား မနိုးသေးဘူးလား"

"အိပ်ချင်သေးတယ် မေမေရာ။ သား အိပ်ရေးမဝ

www.burmeseclassic.com

www.burmeseclassic.com



သေးဘူး"

"ပြီးမှ ပြန်အိပ်၊ ဟိုဘက်အိမ်သစ်က ကောင်မလေးနဲ့ သူ့အဘလာတယ်၊ သားကို ဆေးခန့်ပို့ပေးတဲ့အတွက် ကျေးဇူးစကားပြောချင်လို့တဲ့"

"နေမကောင်းတဲ့ ကောင်မလေးလား မေမေ"

"သူ ဘယ်လာနိုင်မလဲ သားရဲ့၊ သူညီမနဲ့ သူတို့အုပ်ထိန်းသူ ကိုယ်တိုင်လာတာ ထွက်မတွေ့လို့ ကောင်းမလား . . . ထစမ်း"

"သူကိုယ်တိုင်လာမှပဲ ထွက်တွေ့တော့မယ်ဗျာ။ မေမေပဲ ကြည့်ပြောလိုက်တော့။ သား မျက်လုံးတွေ ဖွင့်မရဘူး"

"ဒီကလေးဟာလေ ပြောမရ ဆိုမရနဲ့၊ လူကြီးလူကြီးမှန်း မသိတဲ့ကလေး"

မေမေ စိတ်မရှည်စွာပြောပြီး ကျောကိုဘုန်းခနဲရိုက်သွားမှ ကျွန်တော် ဖက်လုံးဆွဲ၍ ပြန်နှပ်လိုက်သည်၊ တစ်ရေးကောင်းကောင်းပြန်အိပ်ပြီးမှ စောစောက မေမေ့ကို





အိပ်ချင်မူးတူး ငြင်းလွှတ်လိုက်တာတွေကို သတိရလာပြီး ရေချိုးခန်းထဲ ဝင်လာခဲ့လေသည်။ ရေချိုးအဝတ်အစားလဲပြီး အောက်ထပ်ဆင်းလာခဲ့တော့ ဘွားဘွားနှင့် မေမေက ထွက်မတွေ့လို့ဆိုပြီး ဟိန်းဟောက်တော့သည်။

"သားချယ်ရီနော် သတိထားနေ။ ဘာဖြစ်လို့ ဒီလောက်အိပ်ပုတ်ကြီးနေရတာလဲ"

"ညက အိပ်မပျော်လို့ မေမေရ"

"မင်းလုပ်ပုံက မေမေ ဘယ်လောက် အားနာစရာဖြစ်ရလဲ။ အိပ်မပျော်လည်း ဒီနေ့တစ်နေ့လုံး ဆက်အိပ်နေလိုက်ပါလား။ ခုမှ ဘာလို့ ထလာတာလဲ"

"ဟုတ်သားပဲ . . ,. မြေးလေးကလည်း ခဏတော့ ထွက်တွေ့ဖို့ကောင်းတာပေါ့။ ပြီးမှ ပြန်အိပ်ရင်ရတာပဲ။ လူကြီးလူကောင်းတစ်ယောက်လာတာ အားနာဖို့ကောင်းတယ်"

"ဘွားဘွားကလည်းဗျာ . . . အဘိုးကြီးလာတာကို အဘွားကြီးက တွေ့လိုက်ရင်ပြီးတာပဲ၊ နေမကောင်းတဲ့ လူ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လာတာဆိုရင်တွေ့ရတာ တော်သေးတယ်”

“နေမကောင်းပါဘူးဆိုမှ ဘယ်လိုလာနိုင်မှာလဲ။ လူငယ်တွေ လာတာထက် လူကြီးကိုယ်တိုင်လာတာ ပိုပြီး အဆင့်အတန်းမရှိဘူးလား”

ကျွန်တော် ဘာမှပြန်မပြောတော့ဘဲ ဘွားဘွားနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။

“ကလေးမလေးတွေရဲ့ အဘက ဘွားလောက်မရှိတာရှိပဲ မြေးရဲ့ ဖျတ်ဖျတ်လတ်လတ်နဲ့ လုပ်ငန်းတွေကို ခုထိ ဦးစီးတုန်းလို့ပြောတယ်။ အဲဒီ မြေးမလေးနှစ်ယောက်နဲ့ ဒီမှာ အတူနေမယ့်အကြောင်းလည်း ပြောသွားတယ်”

“ဟုတ်လား”

“ညက သူမရှိတုန်း ဆေးခန်းပို့ပေးတဲ့ကိစ္စကိုလည်း ကျေးဇူးတင်ကြောင်း ထပ်တလဲလဲ ပြောသွားလေရဲ့။ သူက အပြင်ကို ခဏခဏထွက်ရတတ်လို့ ကလေးနှစ်ယောက် ကို သွေးသားအရင်းလို ဂရုစိုက်ဖို့မှာသွားသေးတယ်။ ဘွား တို့အတွက်လည်း မိုးကုတ်လက်ဆောင် ပန္နည်းတွေ ပေး



သွားတယ်။ အငယ်အလေးကတော့ ငါ့မြေးကို သူ ရအောင် ခေါ်လို့ သူ့အစ်မ သက်သာတာတဲ့ ငါ့မြေးရေ”

ဘွားဘွားက သဘောကျနေသော မျက်နှာဖြင့် ရွှန်းရွှန်းဝေအောင် စုံလင်စွာပြောပြီး butter cake ကို ယူ ထားသည်။ ကျွန်တော် ကော်ဖီငှဲ့ပေးလိုက်၏။ ကျွန်တော့် အတွက်တော့ မေမေက ငှဲ့ပေးပါသည်။ ကျွန်တော် အိပ်ရာ ထချိန် ဘယ်လောက်ပဲနောက်ကျ နောက်ကျ breakfast စားဖို့အတွက်တော့ မေမေနှင့်ဘွားဘွားက သည်းခံပြီး စောင့်ပေး၏။ သူတို့ အရမ်းဆာနေရင်တောင် ကော်ဖီတစ် ခွက်လောက်စီ သောက်ထားပြီး စောင့်ပေးပါသည်။

“ဘွားဘွားနဲ့တွေ့လိုက်တာ သတင်းစုံသွားပြီးပဲ။ သား ထွက်တွေ့စရာတောင်မလိုတော့ပါဘူး ဘွားဘွားရယ်။ ညကတည်းက စိတ်မပါဘဲ လိုက်ပို့ရတာဆိုတော့ သိပ် ထွက်မတွေ့ချင်ဘူး။ ကာယကံရှင်မပါတော့ ပိုတောင် မတွေ့ချင်သေးတယ်။ သူဖြစ်လို့ သားလိုက်ပို့ရတာဆိုတော့ သူကိုယ်တိုင် ကျေးဇူးစကားလာပြောမှ သား ထွက်တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



တာ နည်းလမ်းကျမှာပေါ့"

ကျွန်တော့်စကားကြောင့် မေမေက မျက်စောင်း လှမ်းပစ်သည်။ ကျွန်တော့်စိတ်ဓာတ်ကြီးကျယ်ကြောင်းကို ကျွန်တော်နှင့် ပတ်သက်သူအားလုံး အသိဆုံးဖြစ်၏။

"မြေးလေးကလည်းကွယ် ကြဲကြဲဖန်ဖန် အဲဒီလို ကတ်ဖွဲ့ပြီး မတွေးစမ်းပါနဲ့။ သူ့ခမျာ နေမကောင်းဖြစ်တာ လိုက်လာနိုင်ပါ့မလား။ သူ့အဘကိုတော့ ကျေးဇူးတင် ကြောင်း တတွတ်တွတ် မှာလိုက်တယ်ဆိုပဲ။ ဒီမှာ မြေးလေး ဘွားဘွားတစ်ခွန်းပဲ ပြောလိုက်မယ်။ စားသောက်ပြီးရင် မင်းသူ့ကိုသွားမေးလိုက်။ ခြံချင်းကပ်လည်းဖြစ်ပြီး အစစ အရာရာ ဘွားတို့ကိုအပ်သွားတာဆိုတော့ ကိုယ့်မောင်နှမ တွေလို သဘောထားပါ။ အဲဒီကလေးနှစ်ယောက်ကို သား စောင့်ရှောက်ပါ။ အဲဒါ ဘွားရဲ့အမိန့်ပဲ"

ပြဿနာပဲ . . .

အလိုလိုက်ရင်လည်း သူမတူအောင်လိုက်တတ် ပြီး အမိန့်ချမှတ်ရင်လည်း သူများထက် ပြင်းထန်စွာ ချမှတ်





တတ်သော ဘွားဘွားဒေါ်ချွယ်ရှိကြောင့် ကျွန်တော့ ခေါင်း တားသွားလေ၏။ သို့သော် ကျွန်တော် စိတ်မပါသည့်လုပ် တစ်ခုမို့ Reason တစ်ခုတော့ ပြန်ပေးဖြစ်အောင်ပေးလိုက် ပါသေးသည်။

"သားကတော့ စပြီးသွားမတွေ့ချင်ပါဘူး ဘွား ဘွားရာ။ သူ သက်သာနေပြီမို့လား။ ညက ကူညီပြီးပြီပဲ။ အဲဒီကောင်မလေးနေကောင်းရင်သာ သားကို ကျေးဇူးတင် စကား လာပြောရအောင် သားလုပ်ပြမယ်။ သူ သားဆီ လာကို လာစေရမယ်"

"မြေးရယ် အဓိပ္ပာယ်မရှိလိုက်တာ။ ဒါလူ့ဝတ္တရား ကွယ့်။ တစ်နယ်တစ်ကျေးက ပြောင်းလာတဲ့သူ၊ နောက်ပြီး ကိုယ့်အိမ်နဲ့ခြံကို ကြိုက်ဈေးပေးဝယ်တဲ့သူလေ။ ရောက် ခါစဆိုတော့ ကူညီရမှာပေါ့"

"သိပ်ခေါင်းမာမနေနဲ့။ ပြီးရင် သား သွားမေးဖြစ် အောင်မေးပါ။ သားဖေဖေနဲ့ အဲဒီအဘက ပါတနာတွေဖြစ် သွားပြီနော်။ သားဖေဖေ မျက်နှာပျက်အောင်လုပ်လို့မရ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ တကယ်လို့ သားမမေးချင်သေးရင် ကောင်မလေးက ကတ်ပေးလိုက်တယ်။ မေမေလည်း သားကတ်ကို ပြန်ပေးလိုက်တယ်။ အဲဒီနည်းနဲ့ မေးချင်မေးပေါ့။ ဒီနေ့ အပြင်ထွက်ဖို့ကတော့ လုံးဝဆောရီးပဲနော်။ သားဖေဖေမှာသွားတယ်"

ဟု မေမေက ဝင်ပြောပြန်တော့ ကျွန်တော် ငြိမ်ကုပ်ပြီး ကော်ဖီကိုသာ သောက်လိုက်ပါသည်။ ဒါပေမဲ့ ကိုယ့်အတွေးနှင့် ကိုယ်တော့ ရင်ထဲမှာ အားတက်သွား၏။ ဘာကြောင့်လဲဆိုတော့ ညက song feeling ယူသူမှာ ထို patient မိန်းကလေးမှလွဲပြီး တခြားဘယ်သူမှမဖြစ်နိုင်ခြင်းကြောင့်ပင်။

ကျွန်တော် တကယ်ပဲ တွေးရင်းတွေးရင်း တဖြည်းဖြည်း စိတ်ဝင်စားလာပါသည်။ ညက ဆေးခန်းက အပြန်မှာ လုံးဝအိပ်ပုံမပေါ်ဘဲ သီချင်းနားထောင်နေရင်း သူမရောဂါက ဘာရောဂါများဖြစ်နေမလဲ။ ညဉ့်နက်သန်းခေါင်ထိအောင် သီချင်းနားထောင် ခံစားနိုင်ပါလျက်နဲ့ ကျွန်တော့်



ဆီကျတော့ ဘာဖြစ်လို့ လိုက်မလာရတာလဲ။

ဘာပဲဖြစ်ဖြစ် ကတ်ကလေးတွေ လဲလိုက်ပုံကိုတော့ ကျွန်တော် ပဟေဠိတွေကြားမှ သဘောအကျဆုံးဖြစ်သွားသည်။ သူမနှင့်ကျွန်တော့်ကြားမှာ တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် ဆက်သွယ်မှုတစ်ခုတော့ ဖြစ်တော့မည်ဆိုတာ ထိုကတ်ကလေးတွေက သက်သေပြနေပြီဖြစ်၏။

သူ မဆက်ရင် ကိုယ်ဆက်ရမယ့်သဘော . . .

ok. right . . .

မင်းနဲ့ကိုယ် ဘယ်သူအရင် ဆက်သွယ်ကြမလဲဆိုတာ . . .

စောင့်ကြည့်ကြစို့ . . .

ကျွန်တော် စားသောက်ပြီးတော့ မေမေချပေးသော ကတ်ကလေးကိုယူပြီး ထွက်လာခဲ့သည်။ သူမတို့ခြံဘက်ကြည့်လိုက်သောအခါ ဖေဖေ၏စိတ်ကူးယဉ်မှုအတိုင်း တိုက်နှင့်လိုက်ဖက်စေရန် ပျိုးထောင်ပေးထားခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော ပန်းပင်ကလေးတွေကို ချာတိတ်မလေးက ရေဖျန်းနေတာ တွေ့လိုက်ရပါသည်။ ခြံနှင့်တိုက်၏ ကြိုက်ရေးရမှုကို ထိုအလှဆင်ယှဉ်ပေးထားသော ပန်းပင်ကလေးတွေကလည်း ပံ့ပိုးပေးပါ၏။

ထိုနေ့က ကျွန်တော် တစ်နေ့လုံး အပြင်မထွက်။

မေမေနှင့်ဘွားဘွားစေခိုင်းသလိုလည်း သူမတို့အိမ်ကိုမသွား။ ဖုန်းလည်း လုံးဝမဆက်ဘဲ။

ခပ်ဂျစ်ဂျစ် ညည်လေးကို ထုတ်ပြနေခဲ့သည်။

ညရောက်တော့လည်း ကျွန်တော်၏အတွေးအမြင်တွေ ပိုသေချာသွားအောင် သီချင်းခံစားသူကို အကဲခတ်ရသေးသည်။ ထင်သည့်အတိုင်း ညဆယ့်နှစ်နာရီကျော်မှာ တီးလုံးသံလေး ပျံ့လွင့်လာလေ၏။ ညက သီချင်းတွေလိုပဲ သူမက feeling ဖြစ်ပုံရပါသည်။ တကယ်ပင် ထိုကောင်မလေးမှာ ခံစားချက်တစ်ခုရှိနေပြီဆိုတာ ပိုသေချာနေတော့သည်။

နောက်နေ့ ညတွေမှာလည်း ထုံးစံအတိုင်း ကျွန်





တော်စောင့်ကြည့်တော့ သူမက မပြောင်းလဲဘဲ နားထောင်နေမြဲသာတည်း။ သူမက ဖွဲ့ကောင်းနိုင်မလား။ ကျွန်တော်ကပဲ ဖွဲ့ကောင်းနိုင်မလားဆိုတာ စောင့်ကြည့်ရင် အဲဒီပွဲမှာ ကျွန်တော့်ဘက်က အရှုံးပြမှာ သေချာပါသည်၊ သူမကတော့ မပြောင်းလဲဘဲ သူ့ခံစားမှုနှင့်သူ ညတိုင်း ထိုသီချင်းများဖြင့် စီးဆင်းလွင့်မျောနေမှာသာဖြစ်၏။

ထိုပုံစံဖြင့် ငါးရက်မြောက်သွားသောအခါမှာတော့ ကျွန်တော့်ဘဝအတွက် ဝတ္ထုတစ်ပုဒ်ကဲ့သို့ ဖတ်လို့ကောင်းသော၊ အလွန်ထူးဆန်းပြီး စွဲမက်ဖွယ်ကောင်းသော ဖြစ်ရပ်များကို သူမဘက်မှ စတင်လာခဲ့ပါတော့သည်။

မထင်မှတ်သော ကံကြမ္မာသည် တစ်ယောက်နှင့်တစ်ယောက် ဖွဲ့ကောင်း၍ တင်းခံနေကြသော သူမနှင့် ကျွန်တော့်အတွက် ကမ္ဘာပေါ်မှာ အရျစ်ဆုံးလူသားနှစ်ဦး ဖြစ်သွားအောင် ဖန်တီးပေးခဲ့ပါသည်။ အဲဒီဘဝမျိုးကိုရောက်မှ သူမ ညတိုင်း song feeling ယူတတ်မှု အစီအစဉ်လည်း ပျောက်ပါးသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းတွေကို ခန့်မှန်းခြင်းအားဖြင့် သူမမှာ ရင်ဖွင့်ဖော်လိုအစ်နေကြောင်း၊ သံယောဇဉ်ဆိုတာကို နှစ်သက်နှံမင်ကြောင်း၊ ပျော်ရွှင်ကြည်နူးမှုကို ဝတ်မွတ်လျက်ရှိကြောင်း ဆိုတာ အဖြေထွက်နေပါပြီ။

သို့သော် သူမနှင့်ကျွန်တော် စတင် စကားပြောလိုက်ရမှုသည် နည်းနည်းတော့ ကလေးဆန်ပြီး ရယ်ချင်စရာကောင်းနေပါလိမ့်မည်။ အဖြစ်အပျက်မှာ . . .

ငါးရက်မြောက်သွားသောနေ့ထိ ဖုန်းပြောဖို့ကိစ္စကို သူ့အရင်စဆက်နိုး ကိုယ်အရင်စဆက်နိုးဖြင့် တင်းခံနေကြရင်း ကျွန်တော်ခြံထဲမှာ ဂျာနယ်ဖတ်နေတုန်း ဖုန်းသံလေး ဝင်လာခဲ့လေသည်။

စိတ်တွေက ဘောလုံးပွဲသတင်းထဲမှာ နစ်မျောနေတာမို့ Dispalay ကို လုံးဝမကြည့်မိဘဲ နားစွင့်လိုက်၏။ အပြင်မထွက်လို့ ထွေးညီလှမ်းခေါ်တာပဲဖြစ်မယ်ဟု ထင်လိုက်မိသည့် ကျွန်တော့်ခန့်မှန်းချက်သည် လုပစွာ လွဲချော်သွားခဲ့လေသည်။



"Hello! you, good day"

တစ်ခါမှ မကြားဖူးသောအသံမို့ ကျွန်တော် အံ့သြသွားပြီး စကားမပြန်နိုင်ဘဲ Dispalay ကို ကြည့်လိုက်ရတော့၏။

ကြည့်စမ်း . . .

ဝိုး . . . အဆင်ပြေဆုံး . . .

"မြောက်ဘက်အိမ်က ယူမို့လား။ တို့က မကြာသေးခင်ကမှ ပြောင်းလာတဲ့ ဆေးခန်းလိုက်ပို့ပေးတဲ့သူပေါ့"

ကျွန်တော် ဂျာနယ်ကိုပစ်ချပြီး ပြုံးခနဲ ထလိုက်၏။ ကျွန်တော့်မျက်လုံးလေးတွေလည်း တောက်ပ ကြည်လင်လို့သွားလိမ့်မည်။

ဘုရားရေ . . .

အသံလေးက ရန်ကုန်လေသံမျိုးမဟုတ်။ တချို့မိန်းကလေးတွေလို ချွဲနွဲ့ရှိသာသော အသံမျိုးလည်း မဟုတ်ဘဲ၊ ဝဲသလိုလို၊ ချွဲသလိုလို၊ သြသလိုလို၊ ရှသလိုလို၊ ကြွ

www.burmeseclassic.com

www.burmeseclassic.com



တတကလေးနှင့် စွဲမက်စရာကောင်းသော အသံမျိုး ဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် တစ်ခါမှ မမြင်ဖူးဘဲ ဖုန်းပြောရတာ အနည်းငယ်တော့ ရင်ခုန်ဖို့ကောင်း၏။

"အိုခေ . . . သိပြီ။ မင်းနေကောင်းပြီလား"

"ကောင်းပါပြီ။ ဘာမှမစိုးရိမ်ရပါဘူး။ အဲဒီနေ့က ခရီးရောက်ခါစဆိုတော့ ပင်ပန်းပြီး မူးနေတာမျိုးပါ။ တို့က အဲဒီလိုမျိုး ခဏခဏဖြစ်တတ်တယ်"

"ဖုန်းကတ် အရင်စလဲတာ မင်းနော်"

"အင်း"

"နေကောင်းရဲ့သားနဲ့ နံပါတ်ရပြီး ဘာဖြစ်လို့ အကြောင်းမကြားတာလဲ။ တကယ်ဆို ကတ်လဲစရာမလိုပါဘူး။ မင်းအဘ လာကတည်းက မင်းလိုက်လာခဲ့ဖို့ကောင်းတာ။ မင်းမပါလို့ ငါထွက်မတွေ့လိုက်တာဘဲ။ ခုကော ဖုန်းဆက်တာ ဘာသဘောလဲ"

"Thank you very muchပေါ့။ တခြားအကြောင်းမှ မရှိတာ။ ဆေးခန်းလိုက်ပို့တဲ့ကိစ္စအတွက် ကျေးဇူးတင်





ကြောင်း ပြောချင်နေတာကြာလှပါပြီ"

"တစ်ပတ်လောက်ရှိပြီပဲကွ။ ဒီကြားထဲ ပြောလို့ရရဲ့သားနဲ့။ မင်း ဘာဖြစ်လို့လာမပြောတာလဲ"

"ဖုန်းပြောဖို့က ပြောသင့်မပြောသင့် ထိန်းရင်းနဲ့ ကြာသွားတာ။ အပြင်ထွက်လာဖို့ကတော့ တို့က shopping ထွက်တာနဲ့ beauty saloon သွားတာကလွဲလို့ တခြား ဘာအကြောင်းနဲ့မှ အပြင်ကို မထွက်တတ်ဘူးလေ"

ပြတ်သားစွာထွက်လာသောအသံကြောင့် ကျွန်တော့်စိတ်ထဲတွင် တွေဝေသွားသည်။ သေချာပြီ။ ကျွန်တော် တမ်းတစွဲလမ်းနေသော ညမင်းသမီးကလေးနှင့် မျက်နှာ မမြင်ရတာမှလွဲပြီး စကားပြောနေရပြီဆိုတာ။ သူမပုံစံက ပိုစိတ်ဝင်စားစရာကောင်းလာသလို အပြင်မထွက်တတ်တာကိုလည်း ကျွန်တော် သိချင်စိတ် ပြင်းပြလာပါသည်။

"မင်းက သိပ်ပြီးမြောက်ကြွမယ့်ပုံပဲ။ မင်းဘာသာမင်း ဘယ်အကြောင်းနဲ့မှ မထွက်ဘဲနေနေ ဘယ်လောက်ပဲ

www.burmeseclassic.com



မာနကြီးကြီး ငါနဲ့ပတ်သက်ရင်တော့ မင်းအိမ်ထဲက အိမ့်မြင်ကို ထွက်ကိုထွက်လာစေရမယ်"

"ဟင်! ရှင် ဘယ်လိုလူလဲ၊ ရှင်နဲ့ကျွန်မက ခုမှ စကားပြောဖူးတာနော်"

သူမ လေသံချက်ချင်း ပြောင်းထွက်သွားသည်။

"တအားရင်းနှီးတဲ့လူတွေကို အနိုင်ယူတဲ့ပုံစံမျိုးနဲ့ မဆက်ဆံပါနဲ့။ ရှင့်ကို ကျွန်မ ကတ်လဲပေးလိုက်တာဟာ ကျွန်မရဲ့ အကောင်းဆုံးစိတ်ကူးပဲ။ အဲဒါကိုပဲ ရှင်ကံကောင်းတယ်မှတ်ပါ။ ကျွန်မ ဘယ်မှလည်း မထွက်တတ်သလို ဘယ်သူနဲ့မှလည်း ဖုန်းမပြောတတ်ဘူး သိလား"

"ကြည့်စမ်း . . . မင်းက ဘာဖို့လို့ ဒီလောက်တောင် မာနကြီးနေရတာလဲ။ ခုမှ စကားစပြောဖူးရုံရှိသေးတယ်။ အထာကြီးနဲ့ ဆရာမကြီးလိုလို ဘာလိုလို လာလုပ်မနေနဲ့၊ ရတယ်လေ။ ငါက ပြောပြီးသားစကားကို နှစ်ခါ ပြန်ပြောတတ်တဲ့ အကျင့်မရှိဘူး၊ ဒါပေမဲ့ မင်းကိုတော့ ထပ်ပြောလိုက်မယ် ဘယ်သူနဲ့မှ ဖုန်းမပြောတတ်တဲ့မင်းဟာ



ငါနဲ့အမြဲ ပြောချင်သွားစေရမယ် သိလား ငါလုပ်ပြမယ်"

"အောင်မယ် . . . သေလိုက်ပါလား။ ဒီမှာ ကျွန်မ ရှင့်ဆီဖုန်းဆက်တာက ကျေးဇူးစကားပြောဖို့ဆက်တာနော်။ ရန်ဖြစ်ဖို့မပါဘူး။ ခုတော့ ရှင်နဲ့ စကားပြောရတာဟာ ရန်ဘက်တွေလို ဖြစ်နေတယ်"

သူမစကားကြောင့် ကျွန်တော် ရယ်ချင်သွားပါသည်။ ညမင်းသမီးလေးကို စိတ်ဝင်စားလို့သာ ပြောချင်တာတွေ စွပ်ပြောနေရခြင်းဖြစ်သည်၊ ညမင်းသမီးကလေးကို မြင်ချင်လို့သာ ပြောချင်တာတွေ စွပ်ပြောနေရခြင်းဖြစ်သည်။ အဲဒီလိုပြောရတာကိုပင် ကျွန်တော့်ရင်ထဲမှာ ဘယ်အတိုင်းအတာထိ မြူးတူးနေသည်ဆိုတာကိုတော့ ညမင်းသမီးကလေး သိနိုင်မည်မဟုတ်။

သူမ သီချင်းနားထောင်တတ်တဲ့အချိန်တိုင်း လူတွေအားလုံး အိပ်မောကျလောက်ပြီအထင်နှင့် သူမက လျှို့ဝှက်နေနိုင်နေပမယ့် ကျွန်တော်တစ်ယောက်တည်း အမြဲ ပြည့် စောင့်ကြည့်နားထောင်ခဲ့တာက တစ်မျိုးကြည်နူးစရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေတာမို့။ အဲဒါကို ဗုက်ဖဲအဖြစ် ထားထားလိုက်တော့မည်။

"ငါပြောမယ် ကလေးမရဲ့ မှတ်ထား။ ငါ့ကိုကျေးဇူးတင်တဲ့အကြောင်းပြောရင် ဖုန်းထဲက ပြောတာမျိုးကို ဘယ်တော့မှလက်ခံမှာ မဟုတ်ဘူး။ မင်းနားလည်ပါ။ ကျေးဇူးစကားပြောချင်တဲ့သူဟာ ငါ့ရှေ့တည့်တည့်မှာ ငါ့မျက်နှာကိုကြည့်ပြီးပြောရမယ်။ အဲဒါမျိုးမှ ငါလက်ခံမယ် ပေါက်တယ်နော်"

"ဒါဆို ရှင်ကလည်း ကျွန်မကို ဒုတိယအကြိမ်ထပ်ပြီး အနိုင်ယူလိုက်တာပဲ။ ရှင့်ကို ကျေးဇူးတင်တဲ့အကြောင်း ကျွန်မအာဘနဲ့ ညီမက လာပြောပြီးပဲ။ လူကြီးချင်းလည်း ရင်းနှီးသွားပြီလေ။ ဘာလိုသေးလို့လဲ"

"ဟား . . . သိပ်လိုတာပေါ့"

"ကျွန်မဘက်က အားလုံးတာဝန်ကျေတယ်။ ရှင်သာ ရှင့်အဘွားနဲ့ ရှင့်အမေက ကျွန်မဆီလွှတ်မယ်ပြောပြီး ဘာဖြစ်လို့ ရောက်မလာတာလဲ။ ရှင် လာမေးစေချင်လို့





ပြောနေတာမဟုတ်ဘူးနော်။ မလာချင်ရင်တောင် ဖုန်းပြောဖို့ နံပါတ်ပေးထားသားပဲ။ ကဲ . . . ကျွန်မဘက်က တာဝန်ကျေရဲ့သားနဲ့ ရှင့်ဘက်က ဘာဖြစ်လို့ တာဝန်မကျေလဲ"

ဇယားကတော့ ရှုပ်ပြီ။

အဖြစ်အပျက်က သူမပြောသလိုပင် တစ်ခါမှ မတွေ့ဖူး မမြင်ဖူးသေးဘဲနှင့် ရန်ဘက်တွေလို ဖြစ်နေ၏။ ဘယ်လိုအနေအထားမျိုးပဲ ဖြစ်စမ်းပါစေ သူမနှင့် စကားပြောနေရတာကိုက ကျွန်တော် တစ်ခါမှ မမြူးထူးသော မြူးထူးနည်းဖြင့် မြူးလာတာသေချာ၏။

ဒါ ညမင်းသမီးကလေးကို ကျွန်တော် မမြင်ရသေးပါ။ မြင်သာမြင်လိုက်ရရင် ကျွန်တော် ဘယ်လိုခံစားသွားရမလဲ။ ဘယ်အတိုင်းအတာထိ ရူးသွပ်သွားမလဲ။ ကျွန်တော်သည် ပြုံးရင်း ဂျာနယ်ဖတ်နေသော နံမှာ ပြန်ထိုင်လိုက်သည်။

"ကောင်းပြီ . . . ငါပြောမယ်။ ဒီကိစ္စမှာ ငါ့အနေနဲ့ မင်းဆီကို လာမေးစရာလည်း မလိုဘူး၊ ဖုန်းဆက်စရာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မလိုဘူး။ ဆေးခန်းကို လိုက်ပို့တာပဲ။ မင်းကံကောင်းတယ်မှတ်ပါ။ မင်းတို့လို တစ်နယ်တစ်ကျေးက ပြောင်းလာတဲ့လူတွေ အဲဒီလိုအချိန်မျိုးမှာ ကားငှားသာသွားကြည့်လိုက်ပါလား။ ရန်ကုန်မြို့ကြီးကို လျှော့မတွက်နဲ့ကွ။ ငါသာအဲဒီညက လိုက်မပို့ရင် မင်းသေပြီပဲ။ လူ့အသက်ထက်ဘာများတန်ဖိုးရှိသေးလို့လဲ။ ငါ့ကို တရားခံလာရှာနေလို့မပို့ချင်ဘဲနဲ့ ပို့ခဲ့ရတာ ဟုတ်ပြီလား"

လုံးဝအလျှော့ပေးလို့မဖြစ်တော့။ ငုံ့ညာပြီး အလျှော့ပေးလိုက်ရင် သူမရဲ့နေထိုင်ပုံ စရိုက်အရ ခြုံချင်းကပ်မဆိုထားနှင့် တစ်အိမ်တည်းနေရရင်ပင် သူမ မျက်နှာကို ကျွန်တော် သေတဲ့အထိ မြင်ရမှာ မဟုတ်ချေ။

"ဟုတ်ပါပြီ။ ရှင်ပြောသလိုပဲ ကျွန်မကလည်းအားကျမခံ ပြန်ပြောရတော့မှာဘဲ။ အဲဒီနေ့က ရှင်လိုက်မပို့လည်း ဘယ်ကားကိုမှ စိတ်ရှုပ်ခံပြီး ငှားနေမှာ မဟုတ်ဘူး။ ရှင် လိုက်မပို့ပါစေနဲ့လို့တောင် ကျွန်မအသေအလဲဆုတောင်းနေတာ။ အိမ်က ညီမကို မနိုင်လို့ လက်လျှော့





လိုက်ရတာပဲ။ ကျွန်မက သေချင်နေတဲ့လူလေ"

"ဘာ"

"ဟုတ်တယ်။ သေချင်နေတဲ့လူ။ ကျွန်မ အသက်ကို ရှိသမျှ စည်းစိမ်တွေပုံအောပေးပြီး လုယူရမယ်ဆိုရင်တောင် ကျွန်မက အသက်သာ အသေခံသွားမယ် စည်းစိမ်ကို အကုန်ခံမှာ မဟုတ်ဘူး"

မြတ်စွာဘုရား . . .

ကျွန်တော် ခေါင်းကြီးသွားပါသည်။ ကြားလိုက်ရသောထူးဆန်းထွေလာ စကားများကြောင့် ကျွန်တော် ဘာဆက်ပြောရမှန်း မသိအောင်လည်း ဖြစ်သွားရပါသည်။ ရင်ထဲမှာလည်း ဘယ်တုန်းကမှ မဖြစ်ဘူးသော စိတ်မကောင်းသလိုမျိုးလေး ခံစားလိုက်ရသည်။ ကျွန်တော်အပျော်အပျက်ပြောသောစကားတွေကို သူမက အတည်အကျ မှတ်ယူပြီး ခံစားသွားပြီမို့ သူမပုံစံလေးကို ပုံဖော်မြင်ယောင်ပြီး သနားသလိုရှိသွား၏။

ဘယ်လိုပုံစံလေးများဖြစ်နေမလဲ။



www.burmeseclassic.com

www.burmeseclassic.com



သေချင်လောက်တဲ့ထိ မျက်နှာမပြင်ဘူးဘဲနှင့် ရင်ဖွင့်ပြနေမှတော့ သူမရဲ့ ခံစားချက်က ဘယ်ထိကြီးမား နေမှာလဲ။

"ဟိတ် . . . မင်း ဘာတွေလျှောက်ပြောနေတာလဲ။ အမိပ္ပာယ်မရှိဘဲ သေချင်တဲ့အကြောင်း ငါ့လာမပြောနဲ့ကွ။ ငါ ခုနပြောလိုက်တဲ့စကားတွေကြောင့် မင်း စိတ်မကောင်း ဖြစ်သွားတာလား"

"မဟုတ်ပါဘူး။ ရုတ်တရက် ရှင်ပြောတာနဲ့ တိုက်ဆိုင်သွားလို့ ပြောလိုက်မိတာပါ။ အိမ်နီးချင်းတွေ ဖြစ်သွားပြီပဲ၊ မောင်နှမတွေလိုပေါ့၊ နောက်တော့ ကျွန်မတို့ အကြောင်း ရှင် တဖြည်းဖြည်းသိလာမှာပါ"

"အိုခေ . . . ငါလက်ခံတယ်"

"ရှင့်ကို ကျွန်မထပ်ပြီး ကျေးဇူးတင်တဲ့အကြောင်း ပြောပါရစေ၊ ရှင်လက်မခံချင်လည်း ထပ်တလဲလဲ ပြော ရစေ၊ ဘာကြောင့်လဲဆိုတော့ ရှင်ဖိမ်ခေတ်ပြီး ရေချိုးနေ အချိန်မှာ စိတ်အနှောင့်အယှက်ပေးသလို ဖြစ်သွားတဲ့အတွ





ပေါ့။ နောက်တစ်ချက်က ရှင် ဘယ်တုန်းကမှ သူများနိုင်းတာ မလုပ်ဘူးတာရယ်။ အိမ်က အလိုလိုက်ထားတာတွေရယ်ကို သိလိုက်ရတဲ့အတွက်ကြောင့်ပေါ့။ ရှင်သိပ်လိုချင်တဲ့ ရှင့်ရှေ့မှာ ကျေးဇူးစကားလာပြောဖို့ဆိုတာကတော့ ဆောရီးပါနော်၊ ကျွန်မအပြင်မထွက်တတ်လို့ပါ"

"နိုး . . . နိုး . . . အဲဒီတစ်ခုတော့ ငါခွင့်မပြုနိုင်ဘူး၊ လုံးဝလက်မခံဘူး။ မင်းကလည်း အပြင်မထွက်ချင်တဲ့ အတွက် ဖုန်းထဲကနေ ထပ်တလဲလဲ တောင်းပန်နေသလို ငါကလည်း မင်းကို ထပ်တလဲလဲပြောပြီး တောင်းဆိုရမှာပဲ။ ဖုန်းထဲကနေ ကျေးဇူးစကားပြောတာမျိုးကို ငါလက်ခံလို့ ရဘူး။ တကယ်ကျေးဇူးတင်ရင်၊ ရင်ထဲက ဆန္ဒပါတယ်ဆိုရင် ငါ့ရှေ့ကိုလာခဲ့ပါ။ ငါ့မျက်နှာကိုကြည့်ပြီး ကျေးဇူးစကား ပြောလှည့်ပါ"

" . . . "

"ငါပြောတာ ဒါနဲ့ဆို ဒုတိယအကြိမ်နော်၊ တတိယ အကြိမ်ပြောဖို့ စိတ်ကူးမရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ခြိမ်းခြောက်မှု ငြိစွန်းသော သတိပေးစကားကြောင့် သူမဘက်မှ သက်ပြင်းသံတစ်ခုသာ ထွက်လာပြီး ဆိတ်ငြိမ်သွားတော့သည်။ သူမ အပြင်ထွက်ဖို့ အရေးကို အင်မတန် ကြောက်ရွံ့ထိတ်လန့်နေပုံရသည်။ အပြင်ကိုလည်း လုံးဝမထွက်ချင်သလို ကျွန်တော့်ကိုလည်း ကျေးရွှေးတင်စကားတွေ လှိုက်လှိုက်လှဲလှဲ ပြောချင်နေသော သူမအဖြစ်က ကျွန်တော့်အတွက် ဒွိဟနန့်ပြီး ပြုံးစရာဖြစ်ရ၏။

ဘယ်လောက် အရသာရှိတဲ့ ကိုင်တွယ်မှုကလေးလဲ။

ကဲ . . . ဘယ်လိုပြန်ပြောမလဲ ညမင်းသမီးကလေး။

မင်းဖြေမယ့် အဖြေကို ငါသိနေပြီ။

"ကောင်းပြီလေ။ ကျေးဇူးစကားကို ရှင့်ရှေ့မှာ လာပြောမှ ကျေနပ်မယ်ဆိုလည်း ကျွန်မ ဘယ်တုန်းကမှမလုပ်ဘူးတဲ့အလုပ်ကို ပထမဆုံးအကြိမ် အရဲစွန့်ပြီး လာလုပ်ပါ



တော့မယ်။ တစ်ခုတော့ မေးချင်တယ်။ အဲဒီကိစ္စတစ်ခုအတွက်နဲ့ လာစေချင်တာလား"

"ငါလိမ်ရင် မင်းလာမှာလား"

"ရှင်လိမ်သည်ဖြစ်စေ မလိမ်သည်ဖြစ်စေ ရှင့်ရှေ့ကိုလာမှ ရှင်ကကျေနပ်မှာဆိုတော့ ကျွန်မဘက်က မလာမဖြစ် လာရတော့မှာပဲ"

"ငါ အမှန်ကိုဝန်ခံရရင် မျက်နှာချင်းဆိုင်ပြောတဲ့ ကျေးဇူးစကားကို ခံယူချင်တာရယ်၊ မင်းမျက်နှာလေးကို မြင်ချင်တာရယ်ပေါ့"

"ကျွန်မထင်တဲ့အတိုင်းပါပဲ။ ဒီလိုပဲ ဖြစ်ရမှာပေါ့လေ။ အိုခေ ကျွန်မလာခဲ့တော့မယ်"

ကျွန်တော့်ရင်ထဲ နွေးထွေးရှိန်းမြသွားလေ၏။ "အိုခေ ကျွန်မလာခဲ့တော့မယ်" ဆိုသည့် အသံလေးက ကျွန်တော့်နားထဲမှာ တွဲခိုလျက်ရှိနေပြီမို့ မျှော်လင့်ရင်ခုန်ခြင်းများဖြင့် ခြံတံခါးကို သွားဖွင့်ပေးထားလိုက်တော့သည်။ ပြီးတော့ ဘောလုံးဂျာနယ်ကို အထာပေးပြီး ဖတ်ချင်ယောင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေလိုက်မိ၏။

ကျွန်တော့်စိတ်သည် ကျွန်တော် crazy အရမ်းဖြစ်သော ဘောလုံးသမားတွေဆီမှာ တကယ်မရှိပါ။ ညမင်းသမီးကလေး၏ပုံစံကိုသာ မျှော်တလင့်လင့်ဖြင့် ဂျာနယ်ထဲမှာ စိတ်ကူးပုံအမျိုးမျိုး ဖော်ကြည့်နေလိုက်မိပါသည်။

ကျွန်တော်နှင့် သူမ၏အဖြစ်က အဲဒီလို romance အနေအထားမျိုး ဖြစ်လာလိမ့်မည်ဟု ကျွန်တော် လုံးဝကြို မတွက်ခဲ့မိချေ။ ထိုအချိန်မှစပြီး ကျွန်တော့်ဘဝတွင် ထူးဆန်းသော ရင်ခုန်ခြင်းများ ဖြစ်တည်လာတော့၏။

× × ×





## ၃

ကျွန်တော်သည် . . .

ကျွန်တော့်ရှေ့သို့ Modelတစ်ဦးလို လျှောက်လှမ်းလာမလား?

ဂါဝန်ကလေးတို့၊ စကပ်ကလေးတို့ဖြင့် ချစ်စရာကောင်းစွာ ရောက်လာမလား?

ရှော့ပန်နတို့၊ မီနီစကပ်တို့၊ ဂျင်းဘောင်းဘီအရှည်တို့၊ အသားကပ်ဘောင်းဘီတို့ဖြင့် ရောက်လာမလား?



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ ဖဲဆေးခဲပါးပါးဆိုးထားသော ဆံပင် ဖရိုဖရဲနှင့်အတူ ဘောင်းဘီတိုနှင့် တီရှပ်လက်ပြတ်ဝတ် ထားသော ပုံစံကိုလည်း သူမမြင်သွားရင် ဘယ်လိုထင် မလဲ?

စသဖြင့် တွေးရင်း ဂျာနယ်ကြည့်လျက် စိတ်များ နေလေ၏။ ထိုအချိန်မှာပဲ ကျွန်တော် သူမနှင့် ပတ်သက်ပြီး ပထမဆုံးခံစားထိတွေ့ခဲ့သော ရေမွှေးနံ့လေးကို ရလိုက်ပါ သည်။ ကျွန်တော် ရင်တဒိတ်ဒိတ် ခုန်လာပြီဖြစ်၏။ မမြင် ရခင်ကတော့ တွေ့ချင်မြင်ချင်စိတ်တွေ အသည်းအသန် ပြင်းထန်ခဲ့ပေမယ့်။ တကယ်တမ်း မြင်ရတော့မည်ဆိုသော အခါ ပြောမပြတတ်သော ခံစားမှုတစ်ခုက ရင်ထဲမှာ မွှေ နှောက်လာပါသည်။

ကျွန်တော့်ရှေ့သို့ လူမရောက်ခင် အနံ့ကလေးက ရှေ့ပြေးအဖြစ် သတိပေးလာသလိုပါ။ ကျွန်တော်သည် စာဖတ်နေသည့်ပုံစံမပျက်ဘဲ အနံ့ကလေးကို အာရုံခံ ရှူ ရှိုက်နေမိပြန်သည်။ ထိုရေမွှေးနံ့လေးက ခေါင်းကို တကယ်





ကြည်လင်စေသည်။ ရင်ထဲကို တကယ်အေးမြစေသည်။ ချိုချိုမြမြနှင့် တစ်သက်တာအထိ တကယ်ပဲ စွဲမက်သွား စေပါသည်။ အဲဒါ "ရင်ခုန်ခြင်း၏ ပထမ" ဖြစ်သည်။

ခြေသံလုံးဝမကြားရဘဲ ကြွကြွကလေးလှမ်းလာ ပြီး ကျွန်တော်နှင့် မလှမ်းမကမ်းမှာ ရပ်လိုက်သည့် High Heel ကလေးနှင့် ခြေတစ်စုံပင် ဖြစ်ပါသည်။ အဲဒီလောက် လှပသောခြေစုံမျိုးကို ကျွန်တော့်တစ်သက်တာမှာ ဒါ ပထမဦးဆုံးအကြိမ် တွေ့လိုက်ရခြင်းပင်။

နို့နှစ်ရောင်ခြေခုံကလေးသည် သနားစရာကောင်း စွာ High heel ထဲမှာ နစ်ဝင်နေသည်။ ညီညာ ချောမွတ်သော ခြေချောင်းကလေးများကတော့ ချယ်ရီ ရောင်ဆိုးဆေးများဖြင့် ဝင့်ကြွားစွာ လှလှပပ နေရာယူထား ၏။ ကြည့်စမ်း ဘယ်လောက်လှလိုက်တဲ့ ခြေအစုံလဲ . . .

"ရင်ခုန်ခြင်း၏ ဒုတိယမှာ"

ကျွန်တော် ဂျာနယ်ကို တဖြည်းဖြည်း ရုတ်လိုက် တော့ အပွင့်အခက်ခက်ကလေးတွေနှင့် လှပစွာ ဖွဲ့တည်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ချယ်ရီရောင်ပါတိတ်လုံချည်ဖြစ်၏။ ထိုပါတိတ်မှာ တန်ဖိုးအလွန်ကြီးမားသော အင်ဒိုနီးရှားပါတိတ်ဖြစ်ကြောင်း ကျွန်တော် အထူးမလေ့လာရဘဲ မေမေတို့ကြောင့် သိထားရခြင်းသည်။ ကြည့်စမ်း . . . ဘယ်လောက်လှလိုက်တဲ့ အရောင်လေးလဲ . . .

"ရင်ခုန်ခြင်း၏ စတုတ္ထမှာ"

ကျွန်တော် ဂျာနယ်ကိုထပ်ရုပ်လိုက်တော့ လုံချည်ဆင်အတိုင်း ဝမ်းဆက်အဖြစ် သွေးသွယ်နွဲ့နှောင်းသော ခါးကလေးပေါ်အောင် သေသပ်ချပ်ကပ်စွာ ချုပ်ဝတ်ထားသည့် ပုံဆန်းဆန်း အင်္ကျီကလေးဖြစ်သည်။

ညာဘက်လက်ကောက်ဝတ်တွင် hand chain အပျော့လေးတစ်ခုကို ဝတ်ထားပြီး လက်ခလယ်နှင့် လက်သူကြွယ်မှာတော့ စိန်လက်စွပ်တွေကို ဝတ်ဆင်ထားသည်။ ဘယ်ဘက်လက်ကောက်ဝတ်မှာတော့ ကျစ်ကျစ်သေးသေးဖြင့် စိန်လေးတွေမြုပ်ထားသော ပလက်တီနမ် လက်ကောက်နစ်ကွင်းကို ဝတ်ထားပြီး လက်ညှိုးနှင့် လက်



ခလယ်မှာတော့ ပလက်တီနမ်ကွင်းလေးတွေကို လှပစီတန်းစွာ ဝတ်ဆင်ထားပါသည်။

လက်ချောင်းကလေးတွေမှာ ခပ်သွယ်သွယ်ဖြင့် လှနေသလို ညီညာသော လက်သည်းရှည်တွေမှာလည်း ချယ်ရီရောင်ဆိုးဆေးများဖြင့် ချစ်စရာကောင်းနေ၏။

ရင်ဘတ်ပေါ်မှာတော့ စိန်ပွင့်ကလေးတွေနှင့် "M" ပုံစံဖော်ထားသည့် လော့ကတ်ကလေးပါသော မသေးလွန်း မကြီးလွန်း ဆွဲကြိုးကလေးက နေရာယူထားသည်။ ကျော့ကျော့ရှင်းရှင်းနှင့် နုထွားဖြောင့်စင်းသော လည်တိုင်လေးကလည်း မကြာခဏ ကြည့်ချင်စိတ်ရှိအောင် စွဲဆောင်အား ကောင်းလွန်းပါသည်။ ကြည့်စမ်း . . . ဘယ်လောက်လှလိုက်တဲ့ ဆင်ယဉ်မှုကလေးတွေလဲ။

အဲဒီထက် လှပပြီး စွဲဆောင်အားကောင်းလွန်းသည့်အရာကတော့ ရင်ခုန်ခြင်း၏ ပဥ္စမမြောက်နောက်ဆုံး အရာဝတ္ထုဖြစ်လေသည်။

"ရင်ခုန်ခြင်း၏ ပဥ္စမမြောက်မှာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဂျာနယ်ကို စားပွဲပေါ်တင်ပြီး ခပ်ရဲရဲ ကြည့်လိုက်တော့ . . .

သွားပြီ . . .

ကျွန်တော် တကယ်ပဲ သေသွားလောက်ပါသည်။

ဘုရား . . . ဘုရား . . .

အင်မတန် ချောမွေ့လှပတဲ့ အမျိုးသမီးတစ်ဦးပါလား။

ကျွန်တော့်အံ့သြမှုက တိမ်းပါးခွေယိုင် မူးမိုက်ချာလည်သွားတဲ့အထိ ဖြစ်လေသည်။ အဲဒီလို ဖြစ်သွားရခြင်းမှာ သူမရဲ့အလှတစ်ခုတည်းကြောင့် မဟုတ်ဘဲ၊ ထိုသူမသည် ကျွန်တော့်ထက် အသက်ကြီးသောအမျိုးသမီး ဖြစ်နေခြင်းကြောင့်တည်း။

ကျွန်တော် ခပ်ဖြည်းဖြည်း ထရပ်လိုက်သည်။ သူမကလည်း ကျွန်တော့်ကို စကားမပြောဘဲ မလှုပ်မယှက် စိုက်ကြည့်နေလေသည်။ TVမှာ SMART ပါတိတ် ကြော်ငြာထားသော "အိန္ဒြာကျော်ဇင်"ပင် သူမနှင့် ယှဉ်





လိုက်တော့ ဘာမျှားဟုတ်သေးတော့လိုလဲ။ မျက်နှာပြင်ရှိ အစိတ်အပိုင်းအားလုံးကို ကျွန်တော် တင်စားမရနိုင်အောင် လက်လျှော့လိုက်ရပြီး သူမအလှမှာ ယစ်မူးမိန်းမောသွားပါသည်။

မျက်နှာတွင် ချစ်စရာအကောင်းဆုံးအရာက ချယ်ရီရောင်ဆိုးထားသော နှုတ်ခမ်းဖူးဖူးလေးနှင့် ဖြောင့်စင်းသော နှာတံချွန်ချွန်ကလေးပင်ဖြစ်သည်။ နဖူးပေါ်မှာ ဆံစ အနည်းငယ်ကျနေပြီး နက်မှောင်ဖြောင့်စင်းသော ဆံနွယ်တွေကတော့ ပခုံးအောက်နားလောက်ထိပဲရှိသည်။ နားမှာလည်း စိန်တစ်လုံးနားကပ်ကလေးက တဖျပ်ဖျပ် လက်နေ၏။

ကျွန်တော်ကလည်း သူမအလှမှာ နစ်မျောသွားသလို သူမကလည်း ကျွန်တော့်ပုံစံကို မြင်သွားပြီး နှစ်ဦးသား ခေတ္တခပ်ကြောင်ကြောင် ဖြစ်သွားကြ၏။ စာစောက အနိုင်မခံ အရှုံးမပေး ဖုန်းပြောနေပုံများ ကလေးနှစ်ဦးလို ရန်ဖြစ်နေပုံများမှာ လုံးဝပြန်လည်ပုံဖော်ကြည့်လို့ မရနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့အောင် သူမအလှနှင့် ဣန္ဒြေသိက္ခာပြည့်ဝမှုက အနိုင်ပိုင်းသွားပါသည်။

ကြည့်စမ်း . . . သေသပ်လှပစွာသားတည်ငြိမ်သော အမျိုးသမီးတစ်ဦးနှင့် အကျီလက်ပြတ်၊ ဘောင်းဘီတိုတို၊ ဆံပင်ဖရိုဖရဲနှင့် ကြွပ်ဆတ်ဆတ်ပုံပေါက်နေသော လူငယ်ကလေးတစ်ဦး။

ဘယ်လိုမှမလိုက်ဘက်သော အနေအထားဖြင့် ကျွန်တော် သူမကို ရုက်သလိုလို အားလိုလို ဖြစ်သွားပါသည်။ ဒါပေမဲ့ ကျွန်တော် ဘယ်လို intro ဝင်ရမှန်းမသိခင် သူမက ဝင်လာတာမို့ ok သွားရ၏။

"ဟို . . . အစုနက ဖုန်းပြောတာ"

ကျွန်တော့်ကို လက်ညှိုးကလေးထိုးပြီး ပြောတာမို့ ကျွန်တော်ခေါင်းညိတ်ပြလိုက်မိသည်။

"ဘုရားရေ . . . အံ့ဩစရာလည်းကောင်းသလို ရယ်စရာလည်းကောင်းလိုက်တာ ရှင်။ အဲ . . . မင်းက ကိုယ့်ထက်ငယ်နေတာပဲ။ ကြည့်စမ်းပါဦး၊ ဖုန်းထဲမှာ ရန်



ဖြစ်လို့ကောင်းနေလိုက်တာ။ ကိုယ်က ရွယ်တူထင်နေတာကွယ်။ တကယ့်ချာတိတ်ကလေးပဲ"

ဟု အရင်းနှီးဆုံး မောင်နှမလေသံမျိုးဖြင့် လမ်းကြောင်းဖွင့်ပေးလိုက်မှ ကျွန်တော် ရုက်ကြောက်မနေတော့ဘဲ သူမရဲ့ Flow အတိုင်းမျှောလိုက်ပြီး ရဲရင့်သွားပါသည်။

"ကျွန်တော်ကလည်း ရွယ်တူထင်ပြီး မင်းနဲ့ငါနဲ့ ပြောလိုက်မိတာပါ။ ပြီးတော့ ဗိုလ်ကျတတ်တဲ့ ကောင်မလေးတစ်ယောက်အမြင်နဲ့ ပျော်ချင်လို့ စလိုက် နောက်လိုက်မိတာလည်း ပါပါတယ်။ တောင်းပန်ပါတယ်ဗျာ။ ခွင့်လွှတ်ပေးပါ"

"အို . . . ခွင့်လွှတ်ပါတယ်။ နှစ်ယောက်လုံး အတူတူပဲလေ။ ဒီတော့ မောင်နှမတွေဖြစ်သွားပြီပေါ့နော်။ မင်းက မောင်လေး၊ ကိုယ်က မမပေါ့။ Please"

အပြောနှင့်အတူ လက်ကမ်းလာသောကြောင့် ကျွန်တော့်ရင်ထဲ ကြည်နူးချမ်းမြေ့သွားပြီး စောစောက စိုးကြည့်ခဲ့သော ချစ်စရာကောင်းသည့် လက်ကလေးကို ဆုပ်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်မိတ်ဆက်လိုက်ပါသည်။ နွေးထွေးနူးအိသော လက်ကလေးက တစ်သက်တာအထိ စွဲမက်လှစွာ၏။

"မမကို ဆေးခန်းလိုက်ပို့ပေးတဲ့အတွက် မောင်လေးကို မမရင်ထဲက ဆန္ဒလှိုက်လှိုက်လှဲလှဲနဲ့ အထူးကျေးဇူးတင်ပါတယ်ရှင်"

"ကျွန်တော်ကလည်း ဝမ်းသာပါတယ်ခင်ဗျာ"

ထိုစကားတွေကို ပြောပြီးမှ လက်ကလေးတွေ ဖြုတ်လိုက်ကြပြီး နှစ်ယောက်သား မျက်နှာချင်းဆိုင် ရယ်လိုက်ကြပါသည်။ ခုလိုပုံစံကျတော့လည်း ခံစားမှုတွေ ပြည့်သိပ်နေသည့် ညှမင်းသမီးကလေး မဟုတ်တော့ဘဲ သွက်လက်ဖျတ်လတ်သော၊ အရာရာပြီးပြည့်စုံ၍ ပျော်ပျော်ရွှင်ရွှင်နေထိုင်တတ်သော အမျိုးသမီးတစ်ဦးလိုဖြစ်နေပါတော့သည်။

ဒါဆို ကျွန်တော်ကရော . . .

ကျွန်တော်ကလည်း ဖုန်းပြောတုန်းကလို ကလေးအချင်းချင်းအပေါ် အနိုင်ယူဗိုလ်ကျတတ်သော ကလေးဆိုး





လေးတစ်ယောက်မဟုတ်တော့ဘဲ ဆရာမတစ်ဦး၏အမိန့်ကို ခေါင်းငုံ့နာခံမည့် အင်မတန်လိမ္မာသော လူငယ်ကလေးတစ်ဦးအသွင် ဖြစ်နေပါတော့သည်။

"မမ ကျွန်တော့်ကို တကယ်ခွင့်လွှတ်တယ်နော်။ ဖုန်းထဲမှာ အနိုင်ယူမိတာတွေ၊ ခြိမ်းခြောက်တာတွေ၊ အကျပ်ကိုင်တာတွေအတွက် ကျွန်တော်ထပ်ပြီး တောင်းပန်ပါတယ်"

"ခွင့်လွှတ်ပြီးပါပြီ ချာတိတ်။ ထပ်ပြီး မတောင်းပန်ရပါဘူး။ မောင်လေးတစ်ယောက်က အစ်မတစ်ယောက်အပေါ် ဆိုးနည်းမျိုးနဲ့ ကိုယ်က ကျေကျေနပ်နပ်ခွင့်လွှတ်ပါတယ်ကွယ်"

"ကျွန်တော် ချာတိတ်မဟုတ်တော့ဘူး မမရဲ့။ မမနဲ့ ကျွန်တော်အသက် ဘယ်လောက်မှမကွာဘူး။ ယှဉ်ကြည့်လိုက်ပါလား။ ကျွန်တော့်ကို ကလေးတစ်ယောက်လို မဆက်ဆံပါနဲ့။ ဒီဖိုင်းကိုကြည့်ပြီးတော့လည်း မလန့်နဲ့နော်၊ မကြမ်းပါဘူး။ လန်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်တော့ မမရယ်သည်၊ မမရယ်လျှင် စံပယ်ငုံအသွေးကဲ့သို့ ဖြူဖွေးသန့်စင်ရှချင်ဖွယ်ရှိသော သွားကလေးတွေကြောင့် ပိုချစ်စရာကောင်းပါသည်။

အဲဒီလို လှပချစ်စရာကောင်းသော၊ အဲဒီလို ယဉ်ကျေးပြီး ဣန္ဒြေသိက္ခာပြည့်ဝသော မမတစ်ယောက်ကို ကျွန်တော် ရင်းနှီးကျွမ်းဝင်ခွင့်ရသည်မှာ ခန္ဓာကိုယ်က အလိုလို မြေနှင့်ခြေလွတ်ပြီး မြောက်ကြွနေသလို ခံစားရပါသည်။ ထိုသို့မြောက်ကြွနေဦးမည်မှာ ကျွန်တော့်အနားမှာ မမ ရှိနေသရွေ့ပေါ့။

"ကဲ . . . ဒါဆို ယှဉ်ကြည့်ကြစို့။ မင်းရဲ့ အသက်က ဘယ်လောက်လဲ"

"ဆယ့်ကိုးနှစ်ပါ ,မမ"

"အို၊ . . . ဆယ်နှစ်တောင်ငယ်တာပဲ ကိုယ့်အသက်က နှစ်ဆယ့်ကိုး"

"ပညာကရော"

"GTC တက်နေပါတယ်၊ ITပါ"





"အင်း . . . ကောင်းတယ်။ နာမည်က"

"ချယ်ရီမောင်မောင်"

"ကြည့်စမ်း . . . နာမည်လေးက ရိုးရိုးလေးနဲ့ သိပ်ဆန်းတယ်။ ချယ်ရီဆိုတာ ယောက်ျားလေးတွေ မှည့်လေ့မှည့်ထ မရှိဘူး"

"အားလုံးက အဲဒီလိုပဲ ပြောပါတယ် မမ။ ဘွားဘွား ပေးထားတဲ့နာမည်ပါ။ ဘွားဘွားက ဒေါ်ချယ်ရီ၊ ဖေဖေက ဦးမောင်မောင်မို့လို ချယ်ရီမောင်မောင်ဖြစ်တာပါ။ အိမ်က တော့ သားချယ်ရီလို့ခေါ်တယ်။ သူငယ်ချင်းတွေကတော့ ချယ်ရီပဲ ခေါ်ပါတယ်"

"နာမည်က ရာဇဝင်နဲ့ပဲနော်၊ မမလည်း သူငယ်ချင်းတွေခေါ်သလိုပဲ ချယ်ရီလို့ပဲခေါ်မယ်"

"ရတယ်။ မမကြိုက်သလိုသာခေါ်၊ မမနာမည်က ရော"

"မြင့်မြတ်မယ်"

"ရှယ်ပဲ . . . မိုက်တယ်၊ မမနာမည်ကမှ ခံ့ညား



www.burmeseclassic.com

www.burmeseclassic.com



ညားနဲ့ ခေါင်းခိုက်နေတာ"

မြင့်မြတ်မယ်တဲ့။ နာမည်နှင့်လိုက်အောင် မမ အလှက ခေါင်းခိုက်နေပေသည်။

"ထိုင်ပါဦး မမ၊ တစ်ခါမှ မလုပ်ဘူးတဲ့အလုပ်ကို လာလုပ်တဲ့အတွက် ကျွန်တော် ဖည့်ဝတ်ကျေပွန်ပါရစေ"

"ဟင့်အင်း . . . မထိုင်တော့ပါဘူးကွယ်။ ကိုယ် ပြန်တော့မယ်နော်။ ဒီလိုမျိုးလည်း တစ်ခါမှ မထိုင်တတ်ဘူး။ မင်းကျေနပ်အောင်လို့သာ ထွက်လာခဲ့ရတာ။ ကိုယ့်က ကိုယ့်ကို ကူညီတဲ့လူဆိုရင် မမေ့ဘူး။ မှတ်ထားနော်"

မမက နှုတ်ဆက်စကားကို ထူးထူးဆန်းဆန်းပြောပြီး ပြန်ဖို့ပြင်တာမို့ ကျွန်တော့်ရင်ထဲ နွမ်းဖတ်သွားလေ၏။ ဒီတိုင်း မတ်တတ်က ပြန်သွားမည့်အဖြစ်မျိုးကိုတော့ ကျွန်တော် လက်မခံချင်ပါ။ ကျွန်တော် တားဖြစ်အောင် တားပါတော့မည်။

အမြဲအလိုလိုက်ခံရပြီး လိုတရဘဝမျိုးနှင့် နေခဲ့ရသူမို့ လိုချင်တာကို မရရအောင် ယူတတ်သော ဖွဲ့ကလေး





နှင့် တစ်ခါတစ်ရံ ဂျစ်ကန်ကန်ဖြင့် တစ်ဇွတ်ထိုးဆန်ချင်တတ်သော ညည်ဆိုးကလေးကို မမနောက်ပိုင်းသိတော့မည့်အစား စောစောစီးစီးပဲသိသွားပါစေတော့။

ကျွန်တော် မမမြင့်မြတ်မယ်၏အလှတွင် ကြာရှည် ယစ်မူးချင်သေးသည်။ ကျွန်တော် မမမြင့်မြတ်မယ်၏ အသံလေးကို ကြာရှည်နားထောင်နေချင်သေးသည်။ ကျွန်တော် မမမြင့်မြတ်မယ်နှင့် မျက်နှာချင်းဆိုင်ပြီး စကားတွေ အများကြီး ပြောချင်ပါသေးသည်။

နောက်ထပ် ကျွန်တော် . . . ကျွန်တော်

"ကျွန်တော် မမကို သိပ်ခင်သွားပါပြီ။ မမလည်း ကျွန်တော့်ကို ခင်တယ်ဆိုရင် ထိုင်ပါ"

"ဒါတော့ ခွင့်လွှတ်ပါကွယ်။ ဒီလို ထွက်လာတာတောင် မတတ်သာလွန်းလို့လာခဲ့ရတာ"

"ရတယ်လေ . . . မမတကယ်ပဲ အပြင်မထွက်တတ်ဘူး။ ဘယ်ကိုမှလည်း မသွားတတ် မလာတတ်ဘူးနော်။ ကျွန်တော်နဲ့ ခင်ပြီဆိုရင်တော့ အဲဒီဒီဖိုင်းတွေ ဂုဏ်

www.burmeseclassic.com



ပျောက် ထွက်သွားမှာပဲ။ ဖုန်းထဲမှာ ကျွန်တော်ပြောခဲ့တဲ့ စကားကို မမမှတ်မိတယ်နော်"

"ဘာလဲ . . . မင်းနဲ့ပတ်သက်မိရင် အပြင်ကို ထွက်လာစေရမယ်။ ဖုန်းအမြဲပြောချင်သွားစေရမယ်ဆို တာလား"

"Ok! right ကျွန်တော့်ကို တကယ်ခင်ရင် ဒီမှာ ထိုင်ပါ"

"မရဘူး ချယ်ရီ။ ခင်တာက ခင်တာပဲ ကိုယ့်စိတ်ကို မင်း ဘယ်တော့မှပြောင်းအောင်လုပ်လို့ရမှာမဟုတ်ဘူး"

ကျွန်တော် မမရှေ့သို့ တိုးလိုက်၏။

"ဒီမှာ မထိုင်ရင် အိမ်ထဲကိုလိုက်ခဲ့ပါ။ မိသားစုနဲ့ မမကို မိတ်ဆက်ပေးချင်ပါတယ်"

"ဟင့်အင်း . . . ကိုယ်ပြန်တော့မယ် ချယ်ရီ"

မမက လှကြောက်တတ်သော ပုံစံမျိုးဖြင့်ပြောပြီး လှည့်ထွက်တာမို့ ကျွန်တော်ကလည်း မမလက်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်သည်။



"Excuse me ဒါ မမကို ကျွန်တော် သိပ်ခင်လိုက်တဲ့ အထိမ်းအမှတ်ပါ"

မမက ကျွန်တော့်ကို အံ့သြကြောက်လန့်သွားသောမျက်လုံးကလေးဖြင့် မော့ကြည့်သည်။ မမသည် ကျွန်တော့်ထက် အသက်ဘယ်လောက်ပဲကြီးကြီး ခုလို ယှဉ်ကြည့်လိုက်လျှင် ကျွန်တော့်ချိုင်းအောက်မှာ ချာတိတ်မလေးလို ဖြစ်သွားလေသည်။

"လွှတ်ပါ ချယ်ရီ။ ကိုယ်တောင်းပန်ပါတယ်။ တစ်ယောက်တည်းပဲနေတတ်လို့ပါ"

လက်ကို ရုန်းပြီးငြင်းဆန်ပေမယ့် ကျွန်တော် လုံးဝ လွှတ်မပေးပါ။ စကားလည်းပြန်မပြောတော့ဘဲ မမလက်ကို ခပ်တင်းတင်းဆွဲပြီး အိမ်ထဲသို့ ခေါ်ဆောင်လာခဲ့ပါသည်။

ကျွန်တော် စွဲလမ်း၍ စိတ်ဝင်စားနေသော ညမင်းသမီးကလေးတစ်ယောက်ကို ကျွန်တော် လက်တွေ့ကျကျ ဆုပ်ကိုင်နိုင်လိုက်ပြီ။ ဒါအိပ်မက်မဟုတ်၊ အိပ်မက်ဆို

www.burmeseclassic.com

www.burmeseclassic.com



ရင်တောင် ဘယ်လူသားမှ ဆုပ်ကိုင်လို့မရသော အိပ်မက်ကလေးကို ကျွန်တော်က ဆုပ်ကိုင်ပြနိုင်ပြီ။

စည့်ခန်းထဲရောက်တော့ ကျွန်တော် ပြုမူလိုက်သောလုပ်ရပ်မှာ မမျက်နှာ ရဲသွားစေသော လုပ်ရပ်တစ်ခု ဖြစ်ပါသည်။

"ဟာလမော့ညီ"

"..."

"အိုမား"

"..."

"ဟာလမော့ညီ ဒီမှာကြည့်ပါဦး။ ကောင်မလေး တစ်ယောက် မျက်စိလည်လမ်းမှားလာလို့ သား ဖမ်းထားတာ"

မမျက်နှာ ဘယ်လောက်ရဲနေမည်မသိ၊ ကျွန်တော်အော်ဟစ်လိုက်သောကြောင့် ဘွားဘွားနှင့် မေမေ ခပ်သွက်သွက်ထွက်လာကြည့်တာမို့ ကျွန်တော် မမလက်ကို မြှောက်ပြလိုက်လေသည်။





"ဟယ် . . . ဘယ်သူလေးလဲ။ လှလိုက်တာ။ ကြည့်စမ်းပါဦး။ ငါ့မြေးပုံစံကြီးနဲ့များ တခြားစီပဲ"

"သား မင်းဘာဖြစ်လာတာလဲ၊ ဘာတွေစွတ်အော်နေတာလဲ။ သမီး ရှက်နေပြီ၊ ကဲ . . . ပြောစမ်းပါဦး။ ထိုင်ကြ . . . ထိုင်ကြ"

ပျော်ရွှင်အံ့ဩသောလေသံတွေနှင့်အတူ မမအလှကို သဘောကျသွားပုံဖြင့် ဝိုင်းဖွဲ့ပြီး ထိုင်လိုက်ကြသည်။

"ဘွားဘွား ဒါ . . . ဘယ်သူထင်လဲ"

"ဘွား ဘယ်သိမှာလဲ။ ဘွားဘွားအတွက် မြေးရာပေးမယ်ဆိုတာ ဒီသမီးလေးကို ပြောတာလား"

"ဟား . . . ဟား . . . ဟား"

ဘွားဘွားစကားကြောင့် ကျွန်တော် အော်ရယ်လိုက်သောအခါ မမ မျက်နှာမထားတတ်အောင် ဖြစ်သွားပါသည်။

"သမီး သားက သိပ်နောက်တတ်တယ်ကွယ့်။ ပျော်ပျော်နေတတ်တယ်။ သမီးသာ သူနဲ့ဘော်ဒါဖြစ်ရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ တော်တော်သည်းခံရလိမ့်မယ်။ ဒါပေမဲ့ သူဆိုးနည်းက တစ်မျိုး။ တစ်ဖက်သားအပေါ် ကောင်းပြီးမှဆိုးတာ"

မေမေ ဝင်ထိန်းပေးမှ မမနေသာထိုင်သာရှိသွားသည်။ မမ အနားကပ်ထိုင်နေသော ဘွားဘွားကတော့ မမ၏အလှကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း ရင်သပ်ရှုမောဖြစ်နေလေ၏။

ကျွန်တော့်အကြိုက် မိန်းကလေးတစ်ယောက်ကို အချိန်မရွေးတောင်းပေးဖို့ ဝန်မလေးသော၊ ဧည့်သည်ကို အမြဲမျှော်ပြီး စကားပြောချင်တတ်သော၊ အိမ်မှာဟင်းအမျိုးမျိုး မုန့်အမျိုးမျိုးလုပ်စားနေတတ်သော၊ ဘုရားကျောင်းတက်ရွယ်တူတွေနှင့် မကြာခဏငယ်မူပြန်ရခြင်းကို အာသီသရှိလှသော . . .

ကိုရီးယားဇာတ်ကားများကို မပျက်မကွက်ကြည့်တတ်ပြီး "ဟာလမော့ညီ" ဟုခေါ်လျှင် ရှိတာမှန်သမျှ အကုန်ချကျွေးတတ်သော မေမေ (ရွှေမ)နှင့် မကြာခဏ ရန်ဖြစ်နေတတ်သော ဘွားဘွားသည် မမကို မြင်မြင်ချင်း



ချစ်ခင်ပြီး အိမ်မှာ ခေါ်ထားချင်စိတ်ပေါက်သွားမှာ သေချာပါသည်။

"ဘယ်လောက်လှလဲ မေမေ။ ဘွား . . . သေချာကြည့်ပါဦး မလှဘူးလား။ နာမည်က ပိုလှသေးတယ်။ မြင့်မြတ်မယ်တဲ့"

"ဟုတ်ပ။ နန်းဆန်ပြီး ဣန္ဒြေရှိတဲ့နာမည်လေးပဲ ကွယ်"

"သမီးက သိပ်လှပါတယ် သားရယ်။ ဒါပေမဲ့ သားကြောင့် သူမနေတတ် မထိုင်တတ်ဖြစ်နေရပြီ။ ဘယ်လိုပတ်သက်ပြီး ပါလာသလဲဆိုတာ ပြောစမ်းပါဦး။ သမီး အိမ်တသိရင် စိုးရိမ်နေပါ့မယ်"

"ဟုတ်သားပဲ မြေးရဲ့။ ဘွားကိုသေချာပြောစမ်း။ ဒီသမီးကလေး ဘယ်လောက်လှသလဲဆိုတာ ဘွားတောင်မယ်အလှတေးထပ်ဘွဲ့တွေနဲ့ ယှဉ်မပြနိုင်တော့ဘူး။ ငါ့မြေးကတော့ တွေ့ပဲတွေ့တတ်တယ်။ ဘွားအကြိုက် လှယဉ်ကျေးမယ်ကလေးကိုမှ ခေါ်လာတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား ဘွားဘွားရဲ့၊ ဒါဆို ဒီမမကို ဘယ်သူမှမထင်လိုက်နဲ့၊ ဟိုဘက်အိမ်သစ်က သား ဆေးခန်းလိုက်ပို့ပေးရတဲ့ မမပေါ့"

"ဘုရားရေ"

ဘွားဘွားအံ့သြသွားပုံကြောင့် မမနှင့် ကျွန်တော် မျက်နှာချင်းဆိုင် ရယ်လိုက်မိသည်။ လူမမြင်ရခင် ကလေးနှစ်ဦးလို ဖုန်းထဲမှာ ရန်ဖြစ်နေပုံကိုသာ ဘွားနှင့်မေမေကို ပြောပြလိုက်လျှင် ပိုအံ့သြပြီး သဘောကျသွားမှာ သေချာပါသည်။

"ကဲ . . . သားအိမ်ကိုရောက်လာအောင်လုပ်ပြမယ်ဆိုတာ ဘွား သိပြီမို့လား။ အခု မမက သားကို ကျေးဇူးစကားလာပြောတာပဲ ဘွားဘွားရဲ့"

"တွေ့လား သမီး၊ အဲဒါ သက်သက်အနိုင်ယူ ဗိုလ်ကျတာပဲ။ သမီးဆီကို သွားမမေးဘဲ အိမ်ကိုပါလာအောင်လုပ်တာ ဘယ်လောက်ဆိုးသလဲ"

ဟု မေမေကပြောပြီး မမအတွက် ချောကလက်





ဖျော်ရည်ကို သွားယူပေးသည်။

"မြေးလေးရယ် . . . တစ်နယ်တစ်ကျေးက ပြောင်းလာတဲ့ ဧည့်သည်ကို ဖေးမရမယ့်အစား ဗိုလ်ကျနေလိုက်တာ။ ဘွားဘွားက သားကို ခဏခဏလွှတ်နေတာ သမီးရဲ့၊ ဒါကို မသွားနိုင်ဘူးတဲ့၊ ဖုန်းနဲ့လည်း မမေးဘူးတဲ့။ သားဆီကိုလာအောင်လုပ်ပြမယ်တဲ့။ ဆေးခန်းကို လိုက်ပို့ပေးရတာပဲ။ တာဝန်ကျေပြီတဲ့လေ။ ကြည့်စမ်း။ ခုတော့ သူ့အပြောနဲ့သူ တစ်ထပ်တည်းကျအောင် လုပ်ပြလိုက်တာပဲ"

ဘွားဘွားအပြောကြောင့် အားလုံးသဘောကျသွား၏။ အပြင်ထွက်လေ့မရှိသော မမပုံစံမှာ သူစိမ်းတွေ့နှင့် ဝိုင်းဖွဲ့ ထိုင်ရလို့ပဲလား ကျွန်တော့်မျက်စိထဲမှာ တစ်မျိုးမြင်နေမိသည်။

"သမီးလေး နေကောင်းသွားပြီလား။ လိုအပ်တာရှိရင်ပြောနော်။ သားချယ်ရီကို ခိုင်းပေါ့။ အားမနာရဘူး။ မောင်နှမတွေလို ချစ်ချစ်ခင်ခင်နေထိုင်တာမျိုး ဘွားဘွားမြင်ချင်တယ်။ ဒီဘက်ကိုလာတာကော သမီးအသာ သိရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား"

"အဘက အပြင်ထွက်သွားပါတယ်ရှင်၊ ညီမကိုပဲ ပြောခဲ့ပါတယ်"

"အင်း . . . ဟိုတစ်နေ့ကတော့ ဘွားကို ပြောသွားသား။ တောင်ကြီးနဲ့ မိုးကုတ်မှာ အလုပ်ကိစ္စတွေရှိသေးတယ်တဲ့၊ ဒီမှာလည်း ကားတွေရှိတယ်လို့ ပြောတယ်။ သမီးတို့က မိုးကုတ်ဇာတိနော်၊ ကျောင်းပြီးပြီလား"

"ဟုတ်ကဲ့ရှင့်၊ သမီးတို့က မိုးကုတ်ဇာတိပါ။ သမီးဆယ့်ခြောက်နှစ်လောက်ကစပြီး တောင်ကြီးကို ပြောင်းနေပါတယ်။ တောင်ကြီးမှာပဲ ဘွဲ့ရခဲ့တာပါ"

ညမင်းသမီးကလေး မမ . . .

လူတွေနှင့် ဝေးဝေးနေတတ်သော မမသည် သူ့နည်းသူ့ဟန်ဖြင့် ဘွဲ့တစ်ခုကို အရယူနိုင်ခဲ့တာတော့ ချီးကျူးမိပါသည်။

"ကဲ . . . သမီးသောက်လိုက်ပါဦး။ ဘွားတို့အိမ်မှာ ထမင်းစားပြီး ညဘက်ကျမှ ပြန်ပါလားကွယ်၊ ဘွားက





စကားပြောဖို့အဖော်လိုနေဟာ၊ သမီး မြင့်မြတ်မယ်လေးကိုတော့ ဘွားဘွားက မြင်မြင်ချင်း သိပ်ချစ်သွားပြီ"

"ဘွားက ချစ်ပေမယ့် တားလို့ရမှာ မဟုတ်ဘူး။ ခုတောင် ပြန်ချင်နေပြီ၊ သူက အိမ်တွင်းပုန်းမမ၊ ဒီထဲရောက်လာတာတောင် သား ကြိုးစားလို့ ပါလာတာ"

"အင်း . . . အင်း . . . ဟုတ်လိမ့်မယ်၊ ဟိုနေ့က သမီးရဲ့အဘ ဘယ်သူ"

"ဦးစိန်ဥက္ကာပါ ဘွားဘွား"

"အေး . . . သူပြောသွားတာ ဟုတ်သားပဲ၊ သမီးက ကျန်းမာရေး ချူချာတယ်တဲ့။ ဘယ်မှမသွားချင် မလာချင်ဘူးတဲ့။ သမီးလေးကလည်း လိမ္မာတာကိုး၊ မိန်းကလေးဆိုတာ အဲဒီလို အိမ်ထဲမှာ ဗိုင်းကောင်းကျောက်ဖိနဲ့ ကြုခြေသိက္ခာရှိရှိ နေထိုင်တတ်တာမျိုးကိုမှ ဘွားက သဘောကျတာကွယ့်"

" . . . "

"ခုခေတ်ကလေးတွေ တော်တော်များများကို



www.burmeseclassic.com

www.burmeseclassic.com



မျက်စိထဲမှာ သိပ်တွေ့လှတာ မဟုတ်ဘူး။ မြေးပုံစံကိုပဲ ကြည့်၊ ဘယ်လို အရူးထနည်း ထမှန်းမသိဘူး။ ဘွားမှာ ဒီမြေးလေးတစ်ယောက်ပဲရှိတော့ ကြည့်မရလည်း ကြည့်နေရတာပဲ"

"တွေ့လား သမီး။ သမီးက ငယ်ငယ်ချောချောလေး ရှိသေးတာနော်။ grandma ကြီးရဲ့ storm ကို မိရင်တော့ သမီးပါ grandma စိတ်ပေါက်သွားလိမ့်မယ်။ Medilation ဘက်ကို ဆွဲမခေါ်ရင်ဘဲ သမီး ကံကောင်းပြီမှတ်။ အန်တီနဲ့ဆိုရင် နေ့တိုင်း fight နေရတယ်လေ"

"အံမယ် . . . ညည်းက ဘာဝင်ပြောတာလဲ။ ငါနားမလည်အောင် ငါ့အကြောင်းကို ဘိုလိုပြောနေတာမို့လား။ ဘိုလိုမပြောတတ်ပေမယ့် ငါ တော်ကီပွားတဲ့ အကြောင်း ပြောနေတယ်ဆိုတာ ငါသိတယ်။ ညည်း တိတ်တိတ်နေစမ်းပါ။ ညည်းနဲ့ငါ ဒီနေ့ မဖိုက်ချင်ဘူး။ ငါ့မြေးကိုရီးယားမလေးနဲ့ပဲ ဖိုက်တော့မယ်"

" . . . "



ဘွားဘွား ရမ်းတုတ်ကြီး ရန်ထောင်လိုက်သောကြောင့် မမမေဘုရားတပြီး ရှောင်ထွက်သွားသည်။ ဘွားဘွားကြောင့် ကျွန်တော့်နည်းတူ မမလည်း ပျော်သွားမှာသေချာ၏။ မမကို ပို့ပြီးအပြန်မှာတော့ ပထမဆုံး ပျော်ရွှင်မှု ရသလေးတစ်ခု ကျွန်တော့်ရင်မှာ ထင်ကျန်ရစ်ခဲ့သည်။

ထိုနေ့ကစပြီး မမြင့်မြတ်မယ်ကို ကျွန်တော် ဝတ္ထုတစ်ပုဒ်အဖြစ် တင်စားဖို့ ဆုံးဖြတ်ချက်ချလိုက်မိပါတော့သည်။

ညမင်းသမီးကလေးအဖြစ် ရပ်တည်ချင်သော မမ

အိမ်တွင်းပုန်းလေ့ရှိသော မမ . . .

တစ်ယောက်တည်းနေရတာကို နှစ်သက်သော မမြင့်မြတ်မယ်၏ အဇ္ဈတ္တနှင့် နီးနိုင်သမျှနီးအောင် ကျွန်တော် အတတ်နိုင်ဆုံး ထိုးဖောက်ကြည့်တော့မည်။

သို့သော် . . . ကျွန်တော့်ဘက်က ထိုသို့ကြံစည်စိတ်ကူးထားကာမှ မမဘက်ကတော့ ကျွန်တော့်အိမ်မှ ပြန်သွားချိန်ကစပြီး ကျွန်တော့်ကို လုံးဝအဆက်အသွယ် ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



တောက်၍ ပုန်းရှောင်သွားတာကို နောက်နေ့မှပဲ ရင်ဆိုင်လိုက်ရပါတော့သည်။

အဲဒီလို မမက ကျွန်တော် စိတ်ဝင်စားဖွယ်ဖြစ်အောင်နေထိုင်လေ ကျွန်တော်က မမအနားရောက်အောင် တိုးကပ်ချင်လေဖြစ်လာပါသည်။

× × ×



၄

"တောက်"

ကျွန်တော်သည် ဖုန်းနံပါတ်ကလေးတွေကို တို့ပြီး ဒေါသထွက်ရင်း တောက်တခေါက်ခေါက်ဖြစ်နေသည်။ ဒီတစ်ခါ ပါဆိုရင် ကျွန်တော်ဖုန်းခေါ်ရတာ ငါးကြိမ်မြောက်သွားပြီ။ hand phone ကတော့ မမပြန်သွားတဲ့နေ့မှစပြီး လုံးဝ ခေါ်ရတော့ပါ။

အိမ်ဖုန်းကို ခေါ်ပြန်တော့လည်း အကြောင်းမျိုးမျိုးပြင် ကျွန်တော် အရှုံးပေးနေရပြီဖြစ်၏။ သို့သော် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့မလျော့ဘဲ ထပ်ခေါ်ဖြစ်အောင် ခေါ်သည်။

"ဟယ်လို"

"..."

"ဟယ်လို ... မမကို ခေါ်ပေးစမ်းကွာ။ တစ်ဆိတ် ကျေးဇူးပြုပြီး ရအောင်ပြောပေးစမ်းပါ။ မင်း ငါ့ကို အားနာဖို့ ကောင်းပြီ ကလေးမရဲ့။ ဖုန်းခေါ်ရတာ ဘယ်နှခါရှိနေပြီလဲ"

"အခါပေါင်း မရေမတွက်နိုင်လို့ သမီးလည်း ကိုကြီးကို တောင်းပန်နေတာပဲ။ မမ နေမကောင်းဖြစ်နေတယ်လို့ ဘယ်နှခါ ပြောရဦးမှာလဲ။ နောက်ထပ်ခေါ်ဖို့ မကြိုးစားပါနဲ့ ကိုကြီး။ သမီး ဖုန်းကြိုးဖြုတ်လိုက်တော့မယ်"

"ကျွတ် ... ဟိုနေ့က ငါ့ဆီလာတာ အကောင်းပဲ။ လေးငါးရက်အတွင်း ဘာဖောက်သွားတာလဲ။ လုံးဝမယုံဘူး။ နေမကောင်းရင် ငါလာမေးမယ်"

"မမေးနဲ့။ မမက ဘယ်သူနဲ့မှတွက်တွေ့မှာ မဟုတ်ဘူး။ ဖုန်းလည်းပြောမှာ မဟုတ်ဘူး။ ဟိုနေ့က ကိုကြီးဆီလာတာတောင် မမဘယ်တုန်းကမှ မလုပ်ဘူးတဲ့အလုပ်ကို



လုပ်လိုက်တာပဲ။ အဲဒါ ကျေးဇူးရှိလို့ဆိုတာမှတ်ပါ"

"အောင်မာ ... ကြီးကျယ်နေပြန်ပြီ"

"မမ တာဝန်ကျေသွားပြီလေ။ ဘာထပ်တွေ့စရာလိုသေးလို့လဲ။ မမက နောက်ထပ် ဘယ်သူနဲ့မှတွေ့မှာ မဟုတ်သလို ဘယ်သူနဲ့မှလည်း ဖုန်းပြောတော့မှာ မဟုတ်ဘူးဆိုတာ ကိုကြီး နားလည်ထားပါ"

"အေး ... ကောင်းပြီ။ ငါ မင်းအစ်မကို မရရအောင် တွေ့ပြမယ်။ ဒေါ်မြင့်မြတ်မယ်ကို ပြောလိုက်စမ်း ချယ်ရီမောင်မောင်ရဲ့အကြောင်းကို ကောင်းကောင်းသိစေရမယ်"

ကျွန်တော် ဒေါ်ပြောလိုက်ပြီး ဖုန်းကို ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်၍ ခြံထဲဆင်းလာခဲ့၏။ ကျွန်တော် အဲဒီလောက် ဒေါသကြီးသွားရသည်မှာ မမဖုန်းမကိုင်တာ တစ်ခုတည်းကြောင့်မဟုတ်ဘဲ ပထမပိုင်း မမတို့အိမ် ခဏခဏသွားတွေ့စဉ်က ခြံထဲသာ ဝင်ခွင့်ရခဲ့ပြီး အိမ်ထဲ မဝင်ခဲ့ရခြင်းကြောင့် ရင်ထဲမှာ နာကျင်စူးရှခဲ့ရခြင်းများလည်း ပါဝင်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ပြီးတော့ . . .

* "အဘမရှိပါဘူးရှင်၊ အဘရှိမှလာခဲ့ပါ"
* "မမ နေမကောင်းဖြစ်နေပါတယ်၊ ဘယ်သူ့ကိုမှ မတွေ့ချင်ပါဘူးတဲ့"
* "မမမှာ တွေ့စရာအကြောင်း မရှိတော့ပါဘူးတဲ့"
* "မမက မတွေ့ချင်ပါနဲ့လို့ ပြောပါတယ်"

စသဖြင့် ငြင်းပယ်မှုများကို ဖုန်းမခေါ်ခင်က ခါးသီးစွာ ခံခဲ့ရတာကြောင့် ကျွန်တော် သွေးဆူပြီး နေမထိ ထိုင်မသာ ဖြစ်နေရခြင်းလည်း ပါဝင်ပါသည်။

မမကို ကျွန်တော် ဘယ်လိုနားလည်ရတော့မှာလဲ။

အောက်ကျို့ပြီး အကြိမ်ပေါင်းများစွာ ခေါ်တွေ့နေတာကိုပင် အားနာမှုမရှိစွာ၊ ကိုယ်ချင်းစာစိတ်ကင်းမဲ့စွာဖြင့် ရက်ရက်စက်စက် ပုံစံမျိုး ချိုးဖဲ့ထားတာ ဘာသဘောလဲ။

ကျွန်တော့်အိမ်လာတုန်းက မိသားစု ပျော်ရွှင်ဝိုင်းဖွဲ့





ပြီး ခင်တွယ်မိတာတွေကို မမက အိပ်မက်တစ်ခုအဖြစ် သတ်မှတ်လိုက်ပြီလား။

* "ဘာလဲ မင်းနဲ့ပတ်သက်မိရင် အပြင်ကို ထွက်လာစေရမယ်၊ ဖုန်းအမြဲပြောချင်သွားစေရမယ်ဆိုတာလား"
* "မရဘူး ချယ်ရီ၊ ခင်တာ ခင်တာပဲ၊ ကိုယ့်စိတ်ကို မင်းဘယ်တော့မှ ပြောင်းအောင် လုပ်လို့ရမှာ မဟုတ်ဘူး"

ကျွန်တော်သည် မမပြောခဲ့သော စကားတွေကို ပြန်ကြားယောင်လာသည်။ ထိုစကားတွေနှင့် ညီအောင် လက်တုံ့ပြန်နေတာများလား။

ကျွန်တော် ဆံပင်တွေထဲ လက်ထိုးသပ်ချလိုက်ပြီး မမအိမ်ကို မျက်တောင်မခတ် စိုက်ကြည့်နေမိပါသည်။ ပန်းခြံလေးနှင့် အိမ်ကလေးက အင်မတန်လှပပါလျက် တံခါးအားလုံး လုံခြုံစွာပိတ်ထားသည့် မမ၏ကမောက်ကမ လုပ်ပုံက လူမနေသောအိမ်လို ခြောက်သွေ့နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးတစ်ချပ်မှ မဖွင့်ဘဲ နေနိုင်တာကိုပင် ကျွန်တော်ကလည်း မခံရှိမခံသာနှင့် ထပ်တိုးချင်၏။ ကျွန်တော် ရပ်နေရာမှ မမတို့ ခြံစည်းရိုးနားကပ်သွားပြီ အရှေ့နှင့် အနောက် ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ မမအခန်းကို ကြည့်နေမိသည်။

ကျွန်တော် မမကို ဘယ်လိုတွေ့ရမလဲ။

လောလောဆယ် အကြံထုတ်လို့မရသေးပါ။

လက်သီးဆုပ်ပြီး အရှေ့နှင့် အနောက်ကို ခေါက်တုံ့ခေါက်ပြန်လျှောက်လိုက်၊ ခါးထောက်ပြီး လျှောက်လိုက်နှင့် ကျွန်တော့်ပုံစံက ကြွပ်ဆတ်ဆတ် ပေစောင်းစောင်းဖြစ်နေနိုင်၏။

ကျွန်တော် ဖွဲမလျှော့ဘဲ အဲဒီလို ဆယ်ကြိမ်လောက်လျှောက်ပြီးသောအခါ မမနေသောအခန်းမှ မှန်တံခါးလေးကို ခပ်သာသာတွန်းလိုက်သော လှုပ်ရှားမှုကြောင့် ထိုပြတင်းပေါက်တည့်တည့်မှာ ကျွန်တော် ရပ်လိုက်သည်။





အဲဒီနောက် တံခါးချပ်ရှင်းလင်းစွာ ပွင့်သွားပြီး ခန်းစည်းချည်နေသော အဝါရောင် အင်္ကျီလက်ရှည်နှင့် မမကို ကျွန်တော် ဘွားခနဲ မြင်လိုက်ရလေ၏။ မနီးကပ်ပေမယ့် မျက်နှာချင်းဆိုင်အနေအထားမို့ နှစ်ယောက်သား ရုတ်တရက် ခပ်ကြောင်ကြောင်ဖြစ်သွား၏။ ကျွန်တော် လှိုက်ခနဲ ဝမ်းသာသွားပြီး . . .

“မမ”ဟု အော်လိုက်သောအခါ မမက အထိတ်တလန့်ဖြစ်သွားပုံဖြင့် တံခါးကို ပြုန်းခနဲပိတ်ပြီး ပျောက်ကွယ်သွားတော့သည်။

“မမ”

ကျွန်တော် ဒုတိယအကြိမ် အရူးတစ်ယောက်လို အော်မိပြန်သည်။

“ဟာ . . . ကဲ”

မမလှုပ်သွားသော အပြုအမူကြောင့် ခြံစည်းရိုးအုတ်နံရံကို ဆောင့်ကန်လိုက်ပြီး ဖုန်းခါပစ်လိုက်သည်။

“မြောက်ဘက်က ကိုကြီးချယ်ရီမို့လား။ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလဲ”

“ဖြစ်ချင်သလို ဖြစ်နေတယ်။ ဖြုတ်လိုက်လေ ဖုန်းကြိုး။ ဘာဖြစ်လို့မဖြုတ်တာလဲ”

“ဖြုတ်ချင်နေတာကြာလှပြီ။ အဘဖုန်းများဝင်လာမလားလို့ စောင့်နေတာ။ ဒီနေ့တစ်နေ့လုံး ကိုကြီးဖုန်းခေါ်တာနဲ့ သမီးအလုပ်လုပ်ရမှာ မဟုတ်တော့ဘူး”

“အေး . . . နင်အလုပ်မလုပ်ရတာထက် ငါပိုဆိုးသေးတယ်။ ငါ့ကို ဘာဖြစ်လို့အရှုးလုပ်နေလဲ။ ခုနက ဒေါ်မြင့်မြတ်မယ်ကို ငါမြင်လိုက်တယ် နေမကောင်းတဲ့ရုပ်က အဲဒီရုပ်လား။ မင်းအစ်မအခန်းထဲကို သွားကြည့်ဦး။ အခန်းအောင်းနေတဲ့သူက ပြင်ထားတာ မင်းသမီး အချုံးပေးရတယ်”

“သူ့အလုပ်နဲ့သူ အမြဲလုပ်နေတာတော့ ဘယ်တတ်နိုင်မလဲ၊ နေမကောင်းတာတော့ သေချာတယ်။ မမက နေမကောင်းဖြစ်တာတောင် လှသလား မမေးနဲ့။ သေရင်တောင် လှနေဦးမှာ”



“ဘာသေရမှာလဲ။ ငါ့အစ်မကို သေကြောင်းမပြောနဲ့”

“အဲမယ် . . . ဘာငါ့အစ်မလဲ။ ကိုကြီး အစ်မမဟုတ်ဘူး။ သမီးအစ်မ၊ သမီးတောင်းပန်ပါတယ် ကိုကြီးရယ်။ ကျေးဇူးပြုပြီး မနှောင့်ယှက်ပါနဲ့တော့။ ကိုကြီးဖုန်းကိုနားထောင်ရတာ သမီးခေါင်းမူးလာပြီ”

“မူးလည်းသေလိုက်ကွာ။ မင်းထက် ငါက ပိုဆိုးနေသေးတယ်။ အိမ်နီးနားချင်းတစ်ယောက်ကို အားနာရကောင်းမှန်းမသိဘဲ လိမ်နေကြတယ်၊ အရှုးလုပ်နေကြတယ်။ အကူအညီလိုချင်ရင်တော့ မရရအောင် တောင်းတတ်တယ်။ မင်းတို့နှစ်ယောက်ကို ငါကိုင်ပေါက်ချင်တယ်။ စောင့်ကြည့်ထားပေါ့ကွာ။ ဘယ်လောက် ရှောင်နိုင်မလဲလို့”

“သမီးတို့က ကိုကြီးကို ဘာလုပ်လို့ ကိုင်ပေါက်ချင်ရတာလဲ။ ကိုကြီးဘာသာ တစ်ယောက်တည်းဖြစ်နေတာ ရယ်စရာကြီး။ လိမ်လည်း မလိမ်ဘူး၊ အရှုးလည်းမလုပ်ဘူး။ ကိုယ့်အိမ်ထဲမှာ နေတတ်သလိုနေတာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"သြော် . . . ဒီလိုလား၊ ရတယ်လေ၊ နေပြစမ်း။ ဒေါ်မြင့်မြတ်မယ်ကိုပြောလိုက် အဘကို ပိုင်အောင်ပေါင်းမြ မယ်လို့"

ဟုပြောပြီး ဖုန်းဝိုတ်လိုက်သည်၊ ကျွန်တော် တစ်မနက်လုံး ဖုန်းနှင့်နပန်းလုံးပြီး ကြွပ်ဆတ်ဆတ်ဝင်လာပုံကြောင့် ဘွားဘွားနှင့်မေမေက အပြစ်တင်ချင်သော မျက်လုံးများဖြင့် ကြည့်၏။

"သားရယ် တစ်မနက်လုံး ဖုန်းပြဿနာလုပ်နေတယ်။ ကိုယ့်ပုံစံကိုယ်လည်း မှန်ထဲပြန်ကြည့်ဦး။ ဆံပင်ကြီးကို မေမေရှုံ့လုပြီ၊ သူတို့နေတတ်သလိုနေတာကို သွားအနှောင့်အယှက်မပေးပါနဲ့ သားရဲ့၊ နေသားမကျရတဲ့အထဲ ကျန်းမာရေးကလည်း မကောင်းဘူးဆိုတော့ သားကြောင့် စိတ်ရှုပ်နေပါဦးမယ်ကွယ်"

"သိတယ်၊ သား ခဏခဏ သွားတယ်လေ။ တစ်ခါလောက်တော့ ထွက်တွေ့ဖို့ကောင်းတာပေါ့။ ဖုန်းလည်း ခဏခဏ ခေါ်တယ်၊ တစ်ခါလောက်တော့ ပြန်ပြောဖို့ ကောင်းတာပေါ့။ ခုတော့ နေမကောင်းလို့ စကားမပြောချင်ဘူးဆိုပြီး သားကိုလိမ်နေတယ်။ ခုန လှမ်းမြင်လိုက်တာ ရှုတင်သွားမယ့်ပုံစံမျိုး"

"စိတ်လျှော့ပါ မြေးလေးရယ်။ သူလည်း သူ့နေတတ်သလို နေတာပဲ၊ သားလည်း သားနေတတ်သလိုနေပေါ့။ ဟိုနေ့က အိမ်ထဲပါလာတာတောင် သားကြိုးစားလို့ ပါလာတာဆို၊ ကျန်းမာရေးချူချာတယ်ဆို၊ ဒါတွေသိရင် သား ဆက်ပြီး အနှောင့်အယှက်ပေးဖို့ မကောင်းဘူး။ သားက သိရက်နဲ့ တစ်ဖက်သတ်စိတ်ကြီးနေတာပဲ၊ ရိုးရိုးသားသားခင်တယ်ဆိုရင် ဒီလောက်စိတ်ကြီးစရာမလိုဘူး၊ ဘာလဲ မြေးလေး . . . ဘွားမြေးက အဲဒီသမီးလေးကို ချစ်နေပြီလား"

ဘွားဘွား၏ ပြောင်မြောက်လွန်းသော စကားတွေကြောင့် ကျွန်တော် ပြန်မပြောနိုင်တော့ဘဲ ဆိုဖာပေါ် ပစ်လှဲချလိုက်တော့သည်။

"ဘွားဘွားကိုပြောစမ်း မြေးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြေလိုက်လေ သား၊ ဘွားဘွား ပြောတာ မမှန်ဘူးလား။ သားဘက်က ရိုးသားရင် ဒီလောက် စိတ်ကြီးစရာ မလိုဘူး။ သူတို့ရဲ့အားနည်းချက်ကို သိထားရင် ကိုယ်က အလျှော့ပေးရမယ် သား၊ ဒီပုံစံမျိုး မေမေမကြိုက်တော့ဘူးနော်"

"ဘာမှမဟုတ်ပါဘူး မေမေရာ၊ သား ဘာမှမဖြစ်ပါဘူး ဘွားဘွား။ ချစ်တာ မချစ်တာတွေလည်း မသိပါဘူး။ မမ နေထိုင်ပုံကို သား စိတ်ဝင်စားလို့ပါ"

ဒါပဲ ပြန်ပြောပြီး အခန်းထဲ ဝင်လှဲနေလိုက်တော့၏။ ဘွားဘွားနှင့် မေမေပြောသော စကားများက ကျွန်တော့်ရင်ထဲသို့ စွဲမြဲစွာ ငြိတွယ်ကျန်ခဲ့လေသည်။ တကယ် သေသေချာချာ တွေးကြည့်လိုက်တော့လည်း ကျွန်တော် တစ်ယောက်တည်း တစ်ဖက်သတ်စိတ်ကြီးနေသည်ဆိုတာ အလွန်မှန်ပါသည်။ မမနှင့်ကျွန်တော်က ခင်မိရုံမှလွဲပြီး ဘယ်အဆင့်ထိများ ရောက်နေလို့လဲ။

"မမနဲ့ငါက ချစ်သူတွေမှ မဟုတ်ဘဲ။ ငါတစ်ဖက်သတ်စိတ်ကြီးနေပုံက ချစ်သူတစ်ယောက်လို ဖြစ်နေပါလား"



ကျွန်တော် ခဏတိုးတိုးမြည်တမ်းလိုက်သောအခါ စိတ်တွေ ပြေလျော့လာပါသည်။

* "ဘွားမြေးက အဲဒီသမီးလေးကို ချစ်နေပြီလား"

ဘွားဘွားစကားကို ကြားယောင်တော့ ကျွန်တော့်ရင်ဘတ်ထဲက လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။

* "ကိုကြီး ဘာသာတစ်ယောက်တည်း ဖြစ်နေတာ ရယ်စရာကြီး။ လိမ်လည်း မလိမ်ဘူး။ အရှုံးလည်းမလုပ်ဘူး။ ကိုယ့်အိမ်ထဲမှာ နေတတ်သလိုနေတာပဲ"

ကောင်မလေးစကားကို ကြားယောင်မိပြန်တော့ ည်း ကျွန်တော် အစံရခက်လှအောင် ရှက်စိတ်တွေက ိမ်းပြန်သည်။ ဘာပဲဖြစ်ဖြစ် သေချာတွေးကြည့်ရင် သူ့ ို့ဘက်ကမှန်ပြီး ကျွန်တော့်ဘက်ကသာ တစ်ဖက်သတ်

www.burmeseclassic.com

www.burmeseclassic.com



ဆန်လွှန်းနေသည်ဆိုတာ ဝန်ခံရပါမည်။

အဲဒီလို တစ်ဖတ်သတ်ဆန်လွှန်းရတဲ့အကြောင်းမှာ ကျွန်တော် ညမင်းသမီးကလေး မမကို စွဲလမ်းသွားသောကြောင့်ဖြစ်သည်။ ကျွန်တော် မမ၏အလှတွင် ယစ်မူးသွားသောကြောင့်ဖြစ်သည်။ ပြီးတော့ မမ၏ကိုယ်သင်းနံ့နှင့် စကားသံလေးတွေက ကျွန်တော် မမနောက်သို့ တကောက်ကောက်လိုက်ချင်အောင် ဆွဲငင်မှုတစ်ခုရရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ဒါပေမဲ့ ကျွန်တော် ဘယ်လိုပဲတွေးတွေး နောက်ဆုံးတော့ နှစ်ခါတည်းသာ မြင်တွေ့ခဲ့ရသော မမမြင့်မြတ်မယ်၏အလှက ကျွန်တော့်အား ရှုသွပ်မှုတွေကို များများဖန်တီးလေတော့သည်။

"ချယ်ရီ . . . ဟော့ကောင်"

" . . . "

"ချယ်ရီ ထွက်ခဲ့ကွ၊ ဘာရောဂါဖြစ်နေလဲ"

ကျွန်တော် အိပ်ရာထဲမှာ သွေးအေးသွားစဉ်



တော့ ဘယ်အချိန်က ရောက်လာမှန်းမသိသော ထွေးညီခေါ်သံတွေကြောင့် လေးတိလေးကန် ထွက်လာခဲ့ရ၏။

"ပေါ်လာသေးသားပဲ၊ ဖုန်းတောင်မဆက်ဘူး၊ ငါ ဘာဖြစ်နေလဲ သိလား"

"မင်းကပဲ ပြောရတယ်ရှိသေး၊ ပေါ်မလာတာ မင်းကွ၊ တစ်ခုခုတော့ ဖြစ်နေတာ သေချာပြီ၊ ဘာဖြစ်မှန်းတော့ ငါဘယ်သိမလဲ၊ အခုလာခေါ်တာ အပြင်ထွက်ရအောင်"

"မလိုက်နိုင်သေးဘူးကွာ၊ ငါ့အဖြစ်ကို အရင်ပြောဦးမယ်"

ကျွန်တော်၏ ဖရိုဖရဲ ညှိုးသိုးသိုးမျက်နှာနှင့် ထွေးညီ၏ ဂျင်းဘောင်းဘီဖင်ကျပ်၊ တီရှပ်လက်ပြတ်၊ ဆံပင်တွေကို ဂျယ်နှင့် ဟိုထောင်ဒီထောင် ထောင်ထားသော ကိုးရိုးကားရားပုံစံတွေကြောင့် မေမေက မျက်နှာမကြည်မသာဖြင့် အနားရောက်လာသည်။

"သား . . . ထမင်းစားမယ်၊ မစားနိုင်မသောက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မနေနဲ့။ ထွေးညီလည်း မစားရသေးရင် စားသွား"

"ပြီးမှစားမယ် မေမေ"

"သားက အိမ်ကစားခဲ့ပြီ အန့်တီ။ ဒီကောင် ဘာဖြစ်နေတာလဲ။ အိမ်ကပ်နေတယ်"

"အိမ်ကပ်စရာအကြောင်း သူ့မှာပေါ်နေတယ်လေ။ ကျောင်းကကောင်မလေးတွေအကြောင်းလည်း မပြောတော့ဘူး။ အွန်လိုင်းပေါ်က ရည်းစားတွေလည်း ပျောက်ကုန်ပြီထင်တယ်။ ကွန်ပျူတာမကိုင်၊ အင်တာနက်မလုပ်၊ အီးမေးမကြည့်နဲ့၊ သား မေးကြည့်ပါလား"

ဟု မေမေက hip hop အဆိုတော်ပဲ လုပ်တော့မလိုလို၊ Rep ပြောသလိုလို ဘာလိုလိုနှင့် ပြောချင်တာတွေပြောပြီး ထွက်သွားလေသည်။

"ငါ့ကိစ္စကိုမပြောမှာ မပူပါနဲ့ ထွေးညီရာ။ လာခြံထဲသွားရအောင်။ မင်း ဂစ်တာတီးချင်ရင်ယူခဲ့"

ကျွန်တော် စိတ်မရှည်စွာပြောပြီး ခြံထဲသို့ ဦးဆောင်ထွက်လာကာ မျိုးကြီး၏ "ဝေး" သီချင်းကို အော်





ဆစ်ပေါက်ကွဲလိုက်မှ ရင်ထဲလန်းသွားသလို ထင်လိုက်ရ၏။

"ငါပြောမယ် ထွေးညီ၊ ပြီးခဲ့တဲ့ ဆယ်ရက်လောက်က . . ."

" . . . "

"ငါ့ဘဝထဲကို စိတ်ဝင်စားစရာကောင်းတဲ့ ဝတ္ထုတစ်ပုဒ်ရောက်လာတယ်။ ပထမ တစ်မျက်နှာကတည်းက စိတ်ဝင်စားသွားတာ အခုဆက်ဖတ်နေတယ်။ အဲဒီဝတ္ထုရဲ့ ညွှန်ပြချက်ကို ဘယ်နေရာရောက်မှ သိရမယ်ဆိုတာ ငါ ခန့်မှန်းလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ လောလောဆယ်မှာ တစ်ဖတ်သတ်ဖြစ်နေလို့ပဲ"

ကျွန်တော် နိဒါန်းပျိုးလိုက်သော စကားကြောင့် ထွေးညီက ဂစ်တာကို ရေတမာပင်ဆီ သွားထောင်ပြီး "အံ့ဖွယ်သုတပါလား"ဟု ပြောသည်။ ဂစ်တာကို သေချာကြည့်မိမှ စိတ်ကူးအသစ်အဆန်းတစ်ခု ရလာ၏။

ထိုစိတ်ကူးမှာ မမသည် ကျွန်တော့်ကို ထိုစစ်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ငုံ့ညှာမှုမထားဘဲ ဆက်ဆံသွားမည်ဆိုပါက မမ အခန်းနှင့်တည့်တည့်တွင် တစ်နေ့လုံး တစ်ညလုံး Heavy Rock သီချင်းတွေကို သီဆိုပေါက်ကွဲပြလိုက်ဖို့ပဲဖြစ်သည်။

ကျွန်တော် တွေးမိပြီး အားတက်လာ၏။ ဒါမှ မမ စိတ်လျှော့မည်ထင်သည်။ အဲဒီလို အာရုံနှောက်စေမည့် နှောင့်ယှက်နည်းတစ်ခုကို ကျွန်တော်ပြုလုပ်လိုက်လျှင် မမ တစ်နည်းနည်းနှင့် ဆက်သွယ်လာနိုင်လောက်သည်ဟု ကျွန်တော် တွက်ပါသည်။ ထိုဆက်သွယ်မှုကတော့ . . .

ကျွန်တော် နှောင့်ယှက်တာကို သည်းမခံနိုင်ပုံဖြင့် ဖုန်းဆက်ပြီး ရန်ထောင်ခြင်းမျိုး ဖြစ်ချင်ဖြစ်လိမ့်မည်။ ဒါမှ မဟုတ် နောက်ထပ် မနှောင့်ယှက်ဖို့ တားမြစ်ခြင်း (တောင်းပန်ခြင်း)မျိုး ဖြစ်ချင်ဖြစ်လိမ့်မည်။ ဘာပဲဖြစ်ဖြစ် မမနှင့် ပတ်သက်ရင် အကောင်းအဆိုး မဝေခွဲဘဲ ကျွန်တော် လက်ခံယူချင်ပါသည်။ အဓိက ကျွန်တော် မမမျက်နှာကို မြင်ရပြီး မမအသံကို ကြားရဖို့ပဲဖြစ်သည်။

"ဟို . . . တောင်ဘက်အိမ်ကို ဝယ်လိုက်တဲ့ လူ





သစ်တွေပေါ့ကွာ။ အဘိုးကြီးတစ်ယောက်နဲ့ မြေးနှစ်ယောက်ပဲနေတာ။ စရောက်တဲ့နေ့က သူတို့အဘမရှိလို့ အိမ်ကြီးကို ဆေးခန်းလိုက်ပို့ပေးရတာက စတာပဲ"

ဆိုပြီး ကျွန်တော်သည် ထွေးညီကို လက်ရှိချိန်ထိ ဖြစ်ခဲ့သမျှကိစ္စအားလုံး တစ်ခုမကျန် အကုန်ပြောပြလိုက်တော့သည်။ ဖင်မငြိမ်တတ်သည့် ထွေးညီလည်း အလိုလို ငြိမ်ကျသွားလေ၏။

"မင်းပြောသလိုဆို နေမကောင်းတာတော့ မဖြစ်နိုင်ဘူး"

"ဒါကြောင့်ပြောတာပေါ့။ နေမကောင်းတဲ့လူက မင်းသမီးအရှုံးပေးရတယ် ထွေးညီရာ။ အဲဒီကိစ္စ ငါ တင်းသွားတာနဲ့ ဖုန်းပြန်ခေါ်ပြီး ခြိမ်းခြောက်ပစ်လိုက်တယ်။ အဘိုးကြီးနဲ့ ဝိုင်အောင်ပေါင်းပြမယ်လို့"

"တော်တော်နားလည်ရခက်တဲ့ အပျိုကြီးပါလား။ မင်း လုံးဝမလျှော့ပေးနဲ့ ချယ်ရီ။ သူနေထိုင်တတ်တဲ့ ဒီဇိုင်းပျောက်သွားအောင် မင်းကုပေးလိုက်စမ်း။ အပြင်ကို မရှရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဆွဲထုတ်ကွာ။ ဒီလောက်လှုမြင်မခံချင်တာ ပြိုင်ကားပေါ်တင်ပြီး တစ်မြို့လုံးမွှေပစ်လိုက်၊ ငါ့အစ်ကိုဆီက ပြိုင်ကား အကောင်းစားကြီး ဆွဲပေးမယ် ဘယ်လိုလဲ"

"အလှူမပေးပေမယ့် လောလောဆယ် ရှုံးသွားတာကတော့ ငါပဲ ထွေးညီ၊ သူ့ညီမ ပြန်ပြောတဲ့စကားက ငါ့ကို တစ်ချက်တည်းနဲ့ ပက်လက်လန်သွားစေတယ်၊ သွေးဆူတုန်း မတွေးမိပေမယ့် သွေးအေးတဲ့အချိန် တွေးကြည့်လိုက်တော့ ငါတော်တော်ရှက်သွားတယ်ကွာ၊ မေမေတို့ကလည်း ဗိုင်းပြောတော့ ပိုရှက်သွားတာပေါ့"

"ဘယ်လိုပြောလိုက်လို့လဲ"

"ငါတစ်ယောက်တည်း ဖြစ်နေတာ ရယ်စရာကြီးတဲ့။ သူတို့က လိမ်လည်းမလိမ်ဘူး အရှုးလည်းမလုပ်ဘူးတဲ့။ ကိုယ့်အိမ်ထဲမှာ နေတတ်သလိုနေတာတဲ့၊ ကဲ . . . မရှင်းဘူးလား၊ သေချာတွေးကြည့်မယ်ဆိုရင် ဟုတ်တယ် ထွေးညီ"

" . . . "





"သူတို့ဘာသာသူတို့ နေတတ်သလိုနေတာကို ငါကသွားပြီး တစ်ဖက်သတ်ကြီး ဖြစ်နေတာပဲ၊ တကယ်ဖြစ်နေတယ်ဆိုရင် ထားတော့ကွာ။ ခုတော့ ခင်တဲ့အဆင့်လေးနဲ့ ငါ့စိတ်တွေ ဘယ်လိုဖြစ်သွားမှန်း စဉ်းစားလို့မရတော့ဘူး"

ကျွန်တော့်စကားအဆုံး ထွေးညီ ငြိမ်သွားပြန်သည်။

"ငါ ပထမဆုံး သီချင်းသံကိုကြားပြီး စိတ်ဝင်စားခဲ့တာ၊ လူကိုတွေ့လိုက်ရတော့ heart ထိသွားရော။ အခုမနက် ငါဖြစ်နေတဲ့ပုံစံကို စမ်းစစ်လိုက်တော့လည်း သူ့ကိုချစ်နေသလို ဖြစ်သွားတယ် ထွေးညီ၊ ငါ အဲဒီအဖြေကို ထုတ်နေတာပဲ၊ ငါအချစ်မှိုင်းမိသွားပြီထင်တယ်၊ ချစ်မိသွားပြီ ထင်တယ် ထွေးညီ၊ မင်း သူ့ကိုမြင်ရင် ငါခံစားနေရတာကို ကိုယ်ချင်းစာနိုင်မှာပါ။ မမ ဘယ်လောက်ချောသလဲဆိုတာကိုတော့ ငါအပိုမပြောဘူး။ မင်းမြင်ရင် သိလိမ့်မယ်"

"ပြဿနာပါပဲကွာ၊ ဇာတ်လမ်းက စရုံရှိသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဖင်ခေါင်းက ကျယ်နေပြီ။ အေး . . . မင်းပြောသမျှ တွေ အားလုံးကို ငါမျှဝေခံစားကြည့်လိုရတယ်။ ဒါပေမဲ့ ငါ သူ့ကို မြင်ဖူးချင်တယ်။ အခြေအနေကို ကြည့်ပြီးမှ ငါ အကြံ ပေးမယ်။ သူ့ကိုမြင်ရဖို့ မင်းဘယ်လိုလုပ်မလဲ"

"ငါ ကြံပါ့မယ်။ တော်တော်ခဲယဉ်းလိမ့်မယ် ထင်တယ်ကွ။ ဖြစ်နိုင်ရင် မင်းမပြန်နဲ့ကွာ။ ညကျ အခြေ အနေကြည့်ပြီး ချောင်းကြတာပေါ့"

"အိုခေ"

ဟု ထွေးညီကပြောပြီး ဂစ်တာကို ထယူနေသည်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက် မမကြားနိုင်လောက် မည့် အသံဖြင့် . . .

Rဇာနည်၏ "ဖြတ်"

မျိုးကြီး၏ "ယဉ်ယဉ်လေးပဲ"

အငဲ၏ "ကမ်းမရှိတဲ့မြစ်" သီချင်းတို့ကို မနားတမ်း ပတ်လည်ရိုက်၍ သီဆိုကျူးရင့်လိုက်ပါသည်။ ကျွန်တော် စိတ်ကူးထားသော အကြံအစည်က ရုတ်တရက် မရည်ရွယ်



ဘဲ (မထင်မှတ်ဘဲ) အထမြောက်သွားလေ၏။ ညမရောက် ခင် အထမြောက်သွားပုံကြောင့် မမ ဘယ်လောက်ငြိုငွေ့ သွားမလဲ၊ ဘယ်လောက်များ စိတ်အနှောင့်အယှက် ဖြစ် သွားမလဲ။ အရွဲ့တိုက်မိလျှင် နှစ်ယောက်မရှိသော စိတ် ဓာတ်ကို ရှေ့ဆက်ပြီး မမကောင်းကောင်းကြီး သိစေရပါ သည်။

အငဲ ။ (မျက်လွှာလေးကိုမချနဲ့ ××× 
ကြည့်တွေ သိပ်လှလို့ ×××
မင်းမျက်လုံးကြောင့်ရူးခဲ့ ×××
ငါကြင်နာမယ် မတားနဲ့တော့ ×××
အချစ်တွေ မင်းကိုပေးမယ် ×××
လှမ်းယူလိုက်တော့ဟေ့ ×××
ချစ်ခဲ့ခြင်းဟာ ငါ့အတွက် ×××
ပိုင်လိုရီဝေရင်မှာ အဆိပ်တက်ခဲ့ ×××
လွှတ်လပ်စွာဝဲခဲ့ ×××
ငါ့ရဲ့အချစ်ကမ္ဘာပျိုပေါင်း ×××

www.burmeseclassic.com

www.burmeseclassic.com



ကမ်းမရှိတဲ့အချစ်နဲ့ ×××

ငါ့ရဲ့ နှလုံးသား မင်းတိုက်စားလိုက် ×××

အချစ်များကို လှမ်းယူဦး ×××

ငါ့အချစ်များ လှမ်းယူဦး ×××)

သို့သော် တကယ်တမ်းမှာ မမကတော့ ဘယ်လိုနေလဲမသိ။ လောလောဆယ်ငြိမ်းငွေ့ပြီး စိတ်အနှောင့်အယှက် ဖြစ်သွားသူများကတော့ ဘွားဘွားနှင့် မေမေပဲဖြစ်ပါသည်။ နှစ်ယောက်သား ခြံထဲသို့ ဘောက်ဆတ်ဘောက်ဆတ်လျှောက်လာကြပြီး ကျွန်တော်တို့ကို မကောင်းဆိုးဝါးကြည့်သော မျက်လုံးများဖြင့် ကြည့်လေသည်။

"ဘယ်လိုဖြစ်နေကြတာလဲ။ နွေခင်းကြောင်တောင်လူကြားမကောင်းအောင် အာခေါင်ခြစ် အော်နေတယ်။ ပတ်ဝန်းကျင်ကို နည်းနည်းမှ အားမနာဘူး။ တစ်မနက်လုံးငြိုးလ်မွှေနေတယ်။ ထွေးညီရောက်လာလို့ အေးပြီ မှတ်တယ်။ ပိုဆိုးတော့တာပဲ"

မေမေ၏ Rap စာသားများကြောင့် ထွေးညီက





ဂစ်တာကို ချစ်သူဖက်နည်းမျိုး ပွေ့ဖက်ထားသည်။ ဆယ်တန်းနှစ်က ကျွန်တော်တို့ သူငယ်ချင်းတစ်စု သီချင်းမှတွေ့အော်ဆိုကြသောအခါ မေမေထွက်လာပြီး ဂစ်တာကိုတကယ်ကိုင်ပေါက်ခဲ့ပုံအား ထွေးညီပြေးသတိရလို့ ထင်ပါရဲ့။

"မြေးလေးရယ် . . . လိမ္မာရဲ့သားနဲ့။ သိမ်သိမ်မွေ့မွေ့နေစမ်းပါ။ သားကို ဘွားဘွားတို့က အဆင့်အတန်းမြင့်မြင့် မွေးခဲ့တာ။ ပိုးမွေးသလို နုနုရွရွလေးမွေးပြီး စောင့်ရှောက်လာခဲ့ရတာ။ ခုတော့ ကြည့်စမ်းပါဦး။ ဘယ်လိုဖြစ်ပြီး သရုပ်ပျက်ပုံစံတွေ ပေါ်လာတယ်မသိဘူး။ သံသေး သံကြောင်တွေ ထပ်မအော်ကြနဲ့ ဘွားမကြားချင်ဘူး။ နောက်ထပ် အသံတွေ ထွက်လာရင် ဘွားအကြောင်းသိမယ်သာမှတ်လိုက်"

ဟု ဘွားဘွားက လိုအပ်တာပဲပြောပြီး အိမ်ထဲ ပြန်ဝင်သွားလေသည်။ Rapper မေမေကတော့ . . .

"ဘယ်လိုသဘောရလဲ။ နောက်ထပ်သိုကြဦး



www.burmeseclassic.com

www.burmeseclassic.com



မလား။ တစ်လုံးလောက် ကုန်းအော်ကြည့်လိုက်စမ်း"

ဟု ပွဲကြမ်းသေး၏။ ကျွန်တော်နှင့် ထွေးညီမှာ မျက်နှာချင်းဆိုင်လိုက်မိသည်။

"နှစ်ယောက်လုံး မျက်စိထဲမှာ ကန့်လန့်ဖြစ်နေတာကြာပြီ။ သားချယ်ရီနော် သတိသာထားနေပေတော့။ ညကျ မင်းအဖေပြန်လာရင် ပုံစံပြောင်းဖို့ဆွေးနွေးရမယ်။ ထွေးညီကိုလည်း မင်းမိဘနဲ့တိုင်မယ်"

"အဲလိုတော့မလုပ်ပါနဲ့ အန်တီရယ်။ သား အန်တီ့စကားကို နားထောင်ပါ့မယ်။ သားတို့ ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး။ သီချင်းမဆိုရတာကြာလို့ ဆိုလိုက်မိတာပါ"

"ဆင်ခြေတစ်ခုမှ ပြန်မပေးနဲ့။ ပါးစပ်တွေ ပိတ်ထား။ မကောင်းဆိုးဝါးအသံတွေ ထပ်မကြားချင်ဘူး။ ပေးစမ်း ဂစ်တာ"

မေမေ ထပ်မံဟိန်းဟောက်ပြီး ဂစ်တာကို ဆွဲယူသွားတော့ ထွေးညီက အီးမှုန်ထားသောမျက်နှာဖြင့် ကျန်ခဲ့ပြီး ကျွန်တော်ကတော့ ဒန်းပေါ် ဘုန်းခနဲ လှဲချ၍ ကျန်ခဲ့



လေ၏။

"မေမေက မမိုက်ဘူးကွာ"

"အေးကွာ . . . အန်တီက အာရုံပဲ"

× × ×

www.burmeseclassic.com

www.burmeseclassic.com



## ၅

ဘွားဘွားနှင့်မေမေကြောင့် ကျွန်တော်နှင့် ထွေးညီသည် နောက်တစ်ကြိမ် ပါးစပ်ပိတ်၍ ချောင်းသောနည်းကို ကြံကြပြန်သည်။

"အိုခေ . . . ငါအကြံတစ်ခုရပြီထွေးညီ။ ရှေးဟောင်းပစ္စည်းတွေထားတဲ့ ဗီရိုထဲမှာ ဖေဖေ ငယ်ငယ်က သုံးခဲ့တဲ့ အဝေးကြည့်မှန်ပြောင်းနှစ်ခုရှိတယ်။ ရှယ်ပဲ။ အဲဒါကိုခိုးပြီး ကြံရအောင်"



"အေး . . . ကောင်းသားပဲ။ မင်းသွားခိုးလိုက်"

ကျွန်တော် ခိုးပြီး ပြုလုပ်ရမည့်အစီအစဉ်မှာ ထိုအဝေးကြည့် မှန်ပြောင်းတစ်ခုဆီကို ကိုင်လျက် မမတို့ခြံစည်းရိုးနားကပ်ပြီး မမအိမ်ကို မျက်လုံးထွက်ကျမတတ် ရှာဖွေကြည့်ရမည့် အစီအစဉ်ဖြစ်သည်။ ကြည့်ရမည့်ပုံစံကလည်း ထိုအိမ်ကို လုံးဝမျက်လုံးအလစ်မပေးဘဲ နှစ်ယောက်မျက်နှာချင်းဆိုင် အရှေ့အနောက် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ကြည့်ရမှာ ဖြစ်၏။

နှစ်ယောက်လုံး၏ခေါင်းသည် ယောင်လို့မှ ကျွန်တော့်အိမ်ဘက်ကို လှည့်မလာစေရ၊ အရိပ်အယောင်ကို မမြင်ရမခြင်း မမအိမ်ဆီမှာပဲ ခေါင်းကိုလှည့်ထားရမည်၊ ထိုလုပ်ငန်းကိုမစခင် ထွေးညီက မမတို့အိမ်ဘက်ကို လှမ်းရှိန်ကြည့်နေသေးသည်။

"သိပ်တော့ မလွယ်ဘူး ချယ်ရီ။ မှန်တွေရဲ့အတွင်းမှာ ခန်းစည်းအပြည့်ရှိတယ်။ လူ့အရိပ်ကိုမြင်ရင်တောင် ဘယ်သူမှန်း သိမှာမဟုတ်ဘူး"

www.burmeseclassic.com



"ဒါကြောင့် အလစ်မပေးဘဲ စောင့်ကြည့်ဖို့ပြောတာပေါ့"

"သေလိုက်ပါတော့ကွာ။ မင်းအစီအစဉ်ကြီးက မျက်လုံးထွက်ကျမယ့်ကိန်း၊ လည်လိမ်မယ့်ကိန်းကြီးပဲ။ ငါ တစ်ခု စဉ်းစားမိတယ် ချယ်ရီ။ သူတို့က ပြောင်းလာတာလည်း မကြာသေးဘူး။ မင်းနဲ့စကားပြောရတာလည်း တစ်ခါတည်းပဲဆိုတော့ မင်းခံစားနေရတဲ့အဖြစ်က မလွန်ဘူးလား"

"..."

"အကြောင်းသိရင် ဘယ်လောက်ပဲ မြန်မြန်ကွာ ခုကြိုက် ခုယူတာ တင့်တယ်တယ်။ ခုတော့ သူ့နောက်ကြောင်း မင်းဘာမှမသိဘဲနဲ့ တစ်ဖက်သတ်ကြီး ချစ်နေတာ မမိုက်ပါဘူးကွာ။ စဉ်းစားပါဦး"

ထွေးညီစကားကြောင့် ကျွန်တော် တွေဝေငေးမိုင်သွားရ၏။ စဉ်းစားစရာမလိုအောင် ထွေးညီ၏စကားများတာ ကျွန်တော့်ရင်ထဲသို့ ထိမှန်လာသော ကျည်ဆန်တစ်တောင့်





လိုပါ။ သို့သော် . . . ကျွန်တော်မမကို စွဲလမ်းပြီး ချစ်မိသွားခြင်းမှာ ထွေးညီပြောတဲ့အချက်တွေကို လုံးဝမမြင်ဘဲ မမတစ်ဦးကိုသာမြင်သည့် မျက်ကန်းအချစ်မျိုးဖြစ်နေပါသည်။

"သူ့အကြောင်းကို မိုးကုတ်သွားပြီး စုံစမ်းကြည့်ရင် ပိုကောင်းမယ်။ လူတွေကို လုံးဝမယုံရဘူးကွ။ အခု မင်းဖြစ်နေတာပဲကြည့်တော့။ မိုးကုတ်က ပြောင်းလာတယ်ဆိုတာပဲ သိရတာ။ ဘယ်လိုမျိုးရိုးတွေလဲ၊ ဘာတွေဖြစ်လာကြတာလဲဆိုတာ မသိရဘူး။ တကယ်လို့ အောက်ကပြောင်းလာတာကို အထက်က ပြောင်းလာတယ်ပြောလည်း ငြိမ်နေရမှာပဲ"

"..."

"ပြီးတော့ သူ့အပြင်မထွက်တတ်တာ အကြောင်းရှိရမယ်။ ကျန်းမာရေးမကောင်းတာတို့၊ လူတွေ့မခံတာတို့က စဉ်းစားစရာအကွက်ပဲ။ ညဘက်အချိန်မတော် သီချင်းတွေ ထခံစားနေကတည်းက မင်းလျှော့မတွက်နဲ့တော့။ သူ့နောက်ကိုယ်ဟာ ခံစားချက်တွေ၊ နာကျင်မှုတွေ၊ အမျက်တွေ၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါသတွေနဲ့ ဖွဲ့တည်ထားတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်ရမယ် ချယ်ရီ။ ငါ လောင်းရဲတယ်"

ကျွန်တော် သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်မိသည်။ ထွေးညီ စကားတွေက တစ်ခုပြီးတစ်ခု မှန်နေတာ ဘာပြန်ပြောရမှန်းမသိသေး။

"မင်း . . . မစဉ်းစားဘဲ ထပ်တိုးမယ်ဆိုရင် သိ တော့မှာပါ။ ဥပမာ ရောဂါတစ်ခုရှိနေတာမျိုး၊ သူချစ်တဲ့လူ ကို အိမ်ကသဘောမတူလို့ ခွဲပြီးခေါ်ခဲ့တာမျိုး၊ ဒါမှမဟုတ် အိမ်ထောင်ကျပြီးမှ အိမ်ကခွဲပစ်လိုက်တာမျိုး အဲဒါမျိုးတွေ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် သူ့အိမ်ထောင်ဘက် သေဆုံး သွားတာမျိုးလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ။ မင်းအမြင်မှာ maiden လို့ ထင်နေပေမယ့် သူ့နောက်ကြောင်းက အခြေ အရာပြောလို့မှမရတာ။ စဉ်းစားမယ်ဆိုရင် အများကြီး တယ်"

"ပလိစ် . . . တော်ပါတော့ကွာ။ ကျေးဇူးပြု တော်ပါတော့။ မင်းပြောတာတွေကို ငါလက်ခံတယ်၊ အဲ



တွေကိုတွေးလည်း တွေးမိပါတယ်။ ဒါပေမဲ့ အချစ်ဆိုတာ ဘာကယ်ကြောက်စရာကောင်းတယ် ထွေးညီ။ ငါ အခု လက်တွေ့ခံနေရပြီလေ၊ မမကိုချစ်မိတာဟာ မမနဲ့ ပတ် သက်တာတွေ မမရဲ့နောက်ကြောင်းတွေကို ငါလုံးဝမတွေး ဘဲ မျက်ကန်းအချစ်မျိုးနဲ့ ချစ်တာကွ"

" . . . "

"ကျွန်တာတွေအားလုံးကို ဘေးဖယ်ထားတယ်။ ငါ့မျက်စိထဲမှာ မမကိုပဲမြင်တယ်။ နောက်ဆုံးမမ ဘာတွေ ဘဲဖြစ်ခဲ့ဖြစ်ခဲ့ ငါချစ်နိုင်တယ်ကွာ။ လက်ရှိ Free lady ဖြစ် ရင် ပြီးရော။ အဲဒါအချစ်စစ်လို့ခေါ်တယ် ထွေးညီ။ အချစ် စစ် အချစ်မှန်ပီသရင် ကြီးတာ၊ ငယ်တာ၊ ပျိုတာ၊ အိုတာ တွေကို မမြင်ဘူးကွ။ အနာအဆာကို မေတ္တာနဲ့ဆေးရင် ပျောက်တယ်"

"ဟား . . . ကြည့်စမ်း . . . သွားပြီဟေ့ ဘယ်လို မှကို မနိုင်တော့ဘူး။ တကယ့် hero ပဲ။ လေးစားတယ် ချယ်ရီမောင်မောင်။ ငါ့ရင်ထဲမှာ love feel တစ်ခုဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



ရင် မင်းဆီကိုပဲ တပည့်ခံရတော့မှာပဲ။ မင်း ဒီလိုစိတ်ဓာတ်မွေးလိုက်ပြီဆိုရင်တော့ ပွဲသိမ်းပြီကွာ။ ဘယ်သူမှပြောစရာမလိုတော့ဘူး။ ဖြစ်ချင်တာဖြစ် ၅၀ ၀n ပဲ။ ကဲ . . . လုပ်ငန်းစရအောင်။ မှောင်လာပြီ"

ထွေးညီက ပြောပြောဆိုဆို စကားလမ်းကြောင်းလွှဲပြီး အဝေးကြည့်မှန်ပြောင်းကို ဟိုချိန်ဒီချိန် ချိန်တော့သည်။ ကျွန်တော်လည်း ကောက်ပြီး မမအခန်းဆီ လှမ်းချိန်ကြည့်လိုက်၏။ မီးများ ထိန်ထိန်လင်းနေတာမှလွဲပြီး ဘာကိုမှ မမြင်ရပါ။ ထိုမီသားစု သုံးယောက်ထဲမှ တစ်ယောက်ယောက်က ယောင်၍ခန်းဆည်းကို လာလှပ်မှသာ တစ်စုံတစ်ရာကို မြင်နိုင်မှာဖြစ်သည်၊ ဒါကလည်း မသေချာပါ။

ကျွန်တော်တို့ လုပ်ရပ်အားလုံးသည် လုံးဝမသေချာသော၊ ကံဆိုးနိုင်သော လုပ်ရပ်ဖြစ်ပါသည်။

"ရူးကြောင်ကြောင်ရဲ့အလုပ်ကို လိုက်လုပ်တဲ့ သူကလည်း ရူးကြောင်ကြောင်ဖြစ်ပြီပဲ"



"မင်းပဲ မြင်ချင်လှချည်ရဲ့ဆို။ စကားမများနဲ့ ထွေးညီ။ မင်းက ခြံစည်းရိုးအနောက်ဘက်ထိသွားပြီး ငါ့ဘက်ကိုလှည့်၊ ငါက ခြံစည်းရိုးအရှေ့ဘက်ဆုံးထိသွားပြီး မင်းဘက်ကိုလှည့်မယ်။ စလျှောက်ကြမယ်။ အကြောင်းထူးရင် ပါးစပ်ဘာ လုံးဝမအော်မိစေနဲ့။ ကိုယ်ချင်းလာတိုက်လှည့်။ Ok, Are you ready"

ဟု ကျွန်တော်ပြောလိုက်ပြီး လုပ်ငန်းစကြပါသည်။ နှစ်ယောက်သား မျက်နှာချင်းဆိုင်လိုက် ကျော့ခိုင်းသွားလိုက်နှင့် ကျွန်တော်တို့ခြံဘက်ကို မလှည့်မိစေရန် ပါးစပ်ပိတ်ပြီး ကြည့်နေကြလေသည်။ လျှောက်နေသော အခေါက်ပေါင်း မရေမတွက်နိုင်သောအခါ ထွေးညီက အရက်သမားတစ်ဦးလို ကျွန်တော့်ကို ပစ်တိုက်လေသည်။

ကျွန်တော် ဒိတ်ခနဲ ရင်ခုန်သွား၏။

"ဘယ်လိုလဲ၊ မင်းတွေ့ပြီလား"

ကျွန်တော် အသံခပ်အုပ်အုပ်ဖြင့် မေးလိုက်မှ ဆင်တာနှင့်လွှဲပြီး မရှုနိုင်မကယ်နိုင် ထွေးညီ မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်လိုက်ရလေသည်။

"သေပါတော့ကွာ၊ တော်ပြီ . . . တော်ပြီ ခေါင်းတွေ မူးလာပြီ၊ မျက်လုံးလည်း ထွက်ကျတော့မယ်။ ဒီလိုလုပ်မယ့်အစား ဂစ်တာနဲ့သာ သောင်းကျန်းပြလိုက်ချင်တယ်"

"ဟာ . . . အဲဒါတော့ မဖြစ်ဘူး။ အိမ်ပေါ်က ဆင်းရလိမ့်မယ်။ ဒီလိုလုပ်မယ်ကွာ။ ဒီဘက်က လုံးဝမျှော်လင့်ချက်မရှိဘူးဆိုရင် အပြင်ထွက်မယ်။ မမတို့ ခြံရှေ့သွားပြီး ဧည့်ခန်းနေရာလောက်ကနေ ထပ်ကြိုးစားကြည့်တာပေါ့"

ဟုပြောပြီး ကျွန်တော်ရှေ့က ဦးဆောင်ထွက်ခဲ့လေသည်။ ထွေးညီကလည်း "အရှုပ်ထုပ်"ဟုပြောပြီး ဘယ်လိုပါလာသလဲ မသိပါ။ မမတို့ ခြံစည်းရိုးနားကပ်ပြီး ဧည့်ခန်းဆီ ကြိုးစားကြည့်ကြပြန်သည်။ နှစ်ယောက်သား စကြည့်လိုက်ရုံနှင့် ကိုယ်လုံးချင်းတိုက်ပြီး လုကြည့်ရသည့် အဆင့်သို့ ရောက်ရှိသွားလေ၏။

အကြောင်းကတော့ ဧည့်ခန်းမျက်နှာစာ ထောင့်





ရှုန်းမှ ခန်းစည်းစက ပြတင်းဖေဘာင်နှင့် တစ်ထွာလောက်ကွာနေတာကြောင့် ထိုတစ်ထွာကြားမှ အသည်းအသန် ကြည့်လိုက်ကြခြင်းတည်း။

"ချယ်ရီ မင်းလျှော့ကွာ၊ မင်းက မြင်မှုးပြီးသားဟာ မမြင်ရသေးဘူး"

အပြောနှင့်အတူ ထွေးညီက ကျွန်တော့်ကိုယ်ကို တွန်းထုတ်လိုက်တာမို့ ကျွန်တော့်အတွက်နေရာ မရတော့။

"ဟာ . . . တွေ့ပြီ ချယ်ရီ၊ ပါတိတ်အဝါရောင် ဝမ်းဆက်နဲ့ လက်ရှည်လေး၊ တကယ်ချောပါလားကွ။ လှမှ လှ မင်းပြောတာထက်သာတယ်၊ ဒါပေမဲ့ မျက်နှာမကောင်းဘူး"

"ဖယ်စမ်းပါကွာ"

"နေပါဦး။ သူ့ရှေ့မှာရပ်နေတာ သူ့အဘ ထင်တယ်ကွ။ တစ်ခုခုကို ဆူနေတဲ့ပုံစံမျိုးပဲ၊ စားပွဲပေါ်မှာလည်း ငွေစည်းတွေစုံလို့ မုန့်ဘူးတွေ၊ ဆေးဘူးတွေထင်တယ်"

ထွေးညီ စိတ်ထက်သန်နေပုံကြောင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လုကြည့်လိုက်တော့ ထွေးညီက လုံးဝနေရာမပေးဘဲ တွန်းထုတ်ပြန်သည်။

"တစ်ထွာကြားက ကြည့်နေရတာ ဘယ်လောက်ဒုက္ခရောက်လဲ၊ မင်းငြိမ်ငြိမ်နေစမ်း"

"ပြဿနာပဲကွာ၊ မင်းက ပိုကဲနေပြီ"

"ငါထင်တာ မှန်ရမယ်ကွ၊ ရောဂါတစ်ခုခုရှိပုံရတယ်၊ ခေါင်းခါပြီး ဘာတွေပြောနေလဲမသိဘူး။ သူ့အဘကလည်း မလျှော့ဘူးကွ၊ ပြောတုန်းပဲ၊ ဟော . . . ကြည့်မမငိုပြီထင်တယ်၊ ခေါင်းငုံ့သွားပြီ"

ထွေးညီက သူ့အားလုံးမြင်နေရ၍ ဝမ်းသာပြီး ဖယ်မပေးသလို ကျွန်တော်ကလည်း မမငိုပြီဆိုသောကြောင့် စိတ်မကောင်းဖြစ်ပြီး ထွေးညီနှင့် ကိုယ်ချင်းပူးကပ်ကြည့်လိုက်စဉ်မှာ ကျွန်တော်တို့နား ကားတစ်စီးရောက်လာပြီး ဘရိတ်အုပ်လိုက်လေသည်။

နှစ်ယောက်သား ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ . . .





မြတ်စွာဘုရား . . .

သွားပြီ၊ ဖေဖေ ဦးမောင်မောင် . . .

ကျွန်တော် ကျောချမ်းသွားလေ၏၊ မျက်လုံးကမှန်ပြောင်းထဲမှာ ရှိနေခဲ့တာမို့ ကားမီးလာတာကိုပင် သတိမထားမိအောင် မမစိတ်က ဖိစီးနေခဲ့သည်ပဲ၊ ဖေဖေကတံခါးဖွင့်ဆင်းလာတော့ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ခြံစည်းရိုးအုတ်တိုင်နားကပ်လိုက်ကြသည်။

"ကြည့်စမ်း . . . ခွေးသူခိုးနှစ်ကောင် လာစမ်း"

နှစ်ယောက်လုံး မျက်နှာသေလေးများဖြင့် ဖေဖေ့ရှေ့ရောက်သွားသည်။

"တောက် . . . ဒါဘာလုပ်နေကြတာလဲ။ လူကြီးသူကောင်းတွေနေတဲ့လမ်းကွ။ သူခိုးလိုလို ဂျပိုးလိုလိုဒီလမ်းထဲမှာ လာမလုပ်နဲ့၊ နှစ်ယောက်လုံး သေသွားချင်သား"

"ဒီအိမ်က မမက ချောလို့ သားတို့ချောင်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကြတာပါ။ သူက အပြင်လုံးဝမထွက်လို့ ဒီလိုလုပ်မိတာပါ အန်ကယ်"

"ကြည့်ချင်ရင် ငါ့ကိုပြောပါလားကွ။ လူကြီးချင်း ရင်းနှီးနေပြီပဲ အဆင့်အတန်းရှိရှိ တွေ့ပေးလိုက်မှာပေါ့"

"ဟုတ်"

"ငါ မြင်လို့ တော်သေးတာပေါ့ကွာ။ တခြားလူသာ မြင်ရင် မင်းတို့လုပ်ပုံနဲ့ ငါ့အရှက်ကွဲမယ်။ နောက်ကို ဒီလို လုပ်ရင် ငါကိုယ်တိုင် မင်းတို့ကို ရဲလက်အပ်မယ်။ ဘာပုံစံ တွေမှန်းကိုမသိဘူး။ သွား . . . ချယ်ရီ အိမ်ထဲဝင်။ တွေးညီ ကားပေါ်တက်"

ဖေဖေက ပြောပြောဆိုဆို တစ်ယောက်တစ်ချက် နားရင်းအုပ်လိုက်တာမို့ ကျွန်တော် အိမ်ထဲ ရောက်မှန်းမသိ ရောက်လာပြီး တွေးညီလည်း မလှုပ်သာတော့ဘဲ ဖေဖေ ကိုယ်တိုင်လိုက်ပို့ခြင်းကို ခံလိုက်ပါသည်။

ကျွန်တော်မမကို ချောင်းမြောင်းခဲ့ရသည့်ရလဒ် သည် နားရင်းအုပ်ခံရခြင်းနှင့် တွေးညီပြောစကားအရ မမ



တစ်ခုခုဖြစ်လို့ ကျွန်တော့်ရင်မှာ နုံးခွေသွားခဲ့ရခြင်းပဲ ဖြစ်ပါသည်။

သို့သော် ကျွန်တော် ကြာကြာမခံစားလိုက်ရပါ။ အိပ်ရာပေါ် လှဲလိုက်စဉ်မှာတော့ လုံးဝမထင်မှတ်ထားသော အံ့ဩဖွယ်ကောင်းသော မမဆီမှ ဖုန်းကို လက်ခံလိုက်ရလေသည်။ ဒီတစ်ခါတော့ ဖုန်းနံပါတ်ကလေးတွေကိုကြည့်ပြီး ဖြန်းခနဲ မထနိုင်တော့ပါ။

"မောင်လေး ချယ်ရီ"

ကျွန်တော် စွဲလမ်းပြီး ချစ်နေသော မမ၏အသံချိုချိုလေးကို ကြားလိုက်ရသောအခါ စောစောက ဖေဖေဆူပူမှုများ၊ နုံးခွေမှုများက အိပ်မက်လို လွင့်ပြယ်သွားပြီဖြစ်သည်။ ကျွန်တော် စကားမပြန်သေးဘဲ အိပ်ရာပေါ်မှ စာကြည့်စားပွဲဆီ ပြောင်းထိုင်ပြီး နားထောင်နေလိုက်၏။

"ချယ်ရီ စကားပြန်ပြောဦးလေ။ ကိုယ်ဖုန်းပြောနေပြီပဲ။ မနက်ကတော့ ဒီပုံစံမဟုတ်ပါလား။ ဘာဖြစ်လို့လဲ ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တာကတော့ ရှက်သွားလို့ပါပဲမမ။ ကျွန်တော် မမကိုခင်မိတာနဲ့ ပတ်သက်လို့ မမ ညီမနဲ့ ဖုန်းထဲမှာ ဘယ်နှခါ ရန်ဖြစ်ရသလဲဆိုတာ မမသိလောက်ပါပြီ။ ပြီးတော့ ပြတင်းပေါက်မှာ မြင်လိုက်တုန်းက မမလုပ်သွားပုံကို ကျွန်တော် ဒေါသအရမ်းထွက်ခဲ့ရသလို ရှက်လည်းရှက်ခဲ့ရတယ်။ ကျွန်တော် ဒီလောက်ဖြစ်နေရတာ စိတ်မကောင်းပါဘူး"

ကျွန်တော့်တုံ့ပြန်မှုကြောင့် မမနှုတ်ဆိတ်သွားသည်။ နှစ်ယောက်သား ခေတ္တဆိတ်ငြိမ်သွားစဉ် ကျွန်တော်ကပဲ စကားပြန်စလိုက်၏။

"မမကို ကျွန်တော်မေးချင်တယ်။ ကျွန်တော် ခင်သလို မခင်ဘူးလား"

"ခင်ပါတယ် ချယ်ရီရယ်။ ကိုယ်တစ်ခါမှ မလုပ်ဘူးတဲ့အလုပ်ကို လာလုပ်ကတည်းက မင်းရိပ်စားမိဖို့ကောင်းပါတယ်။ မင်းကို တကယ့်မောင်လေးအရင်းတစ်ယောက်လို သဘောထားတယ်။ မမကို ဆေးခန်းလိုက်ပို့ပေးထားတဲ့



ကျေးဇူးကလည်းရှိတော့ မင်းကို ကိုယ်ဘယ်တော့မှ မမေ့ဘူး။ အခင်ဆုံးပဲ။ အဲဒါ မင်းယုံပေးပါ"

"ယုံချင်ပါတယ်။ ဒါပေမဲ့ လုံးဝထွက်မတွေ့တာကြီးကတော့ လွန်ပါတယ်ဗျာ။ ကျွန်တော့်ဘဝမှာ ဒီလိုရက်ရက်စက်စက် ဥပက္ခာပြုပုံမျိုးကို တစ်ခါမှ မခံစားခဲ့ရဖူးတော့ ဖြေလို့မရဘူးဖြစ်နေတယ်။ သေချာတွေးကြည့်တော့လည်း မမညီမ ပြောလိုက်တဲ့စကားတွေက မှန်နေပြန်တော့ ကျွန်တော် ရှက်လည်းရှက်နေတာပေါ့"

"ဆောရီးပါ ချယ်ရီရယ်၊ ဆောရီးပါနော်။ အဲဒီအတွက် ကိုယ်ဝန်ခံဖို့ ဖုန်းဆက်လိုက်တာပါ။ ကိုယ့်ထက် ဘယ်လောက်ပဲငယ်ငယ်ကွယ် မနက်ကကိစ္စဟာ သာမန်လူတစ်ယောက်ရဲ့ အမြင်နဲ့ဆိုရင် ကိုယ့်ဘက်က တော်တော်ရိုင်းပြသွားတဲ့အတွက် ကိုယ်တောင်းပန်ပါတယ်"

ကြားလိုက်ရသည့်စကားက ကျွန်တော့်အတွက် အံ့သြစရာဖြစ်ရပြန်သည်။ ဘာလဲ သာမန်လူတစ်ယောက်ရဲ့ အမြင်နဲ့ဆိုရင်တဲ့ . . .

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို မမက သူ့အယူအဆနဲ့သူ သူ့အမြင်နဲ့သူဆိုရင် မရိုင်းပြဘူးဆိုတဲ့ သဘောပေါ့။

"နီး . . . မတောင်းပန်ပါနဲ့ မမ။ ကျွန်တော် မမဆီကလိုချင်တာ အဲဒီတောင်းပန်မှု မဟုတ်ဘူး။ ရင်းနှီးနေတဲ့ အနေအထိုင်မျိုး၊ ခင်မင်မှုမျိုးကိုလိုချင်တာ"

"ကိုယ်တို့ခင်သွားပြီလေ။ မောင်နမလို သဘောထားလိုက်ပြီပဲကွယ်။ မင်းက တောင်းပန်မှုကို မလိုချင်ပေမယ့်၊ ကိုယ်ကတော့ တောင်းပန်ရမှာပဲ၊ မမကိုယ်ချင်းစာတတ်ပါတယ်၊ ကိုယ်ကလည်း ဒီလိုပဲ နေထိုင်တတ်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေတော့ ခက်တယ် ချယ်ရီရယ်၊ လူမှုရေးအားနည်းချက်တွေ မမမှာ ရှိနေပါတယ်၊ မင်း နားလည်ပေးပါ၊ ကိုယ့်အနေအထိုင်အတွက် ခွင့်လွှတ်ပေးပါ၊ မင်းကျေနပ်လောက်တဲ့အထိ ကိုယ်တောင်းပန်ပါတယ်"

"ရပါတယ်။ ကျွန်တော် ခွင့်လွှတ်ပေးရမှာပေါ့၊ ဒါပေမဲ့ မမကို ကျွန်တော် ကြိုတင်သတိပေးလိုက်မယ်နော်၊ မမညီမကိုလည်း သတိပေးပြီးပြီ၊ မမ ကျွန်တော့်ရဲ့ခင်မင်မှု





ကို အသိအမှတ်ပြုတယ်ဆိုရင် ကျွန်တော့်စိတ်ကို သည်းခံရလိမ့်မယ်။ အဲဒါ ဘာလဲဆိုတော့ မမရဲ့အနေအထိုင်ကို တိုက်ဖျက်မလို့ပဲ"

"ဟင် . . . ဘယ်လိုတိုက်ဖျက်မှာလဲ"

"မမ ကျွန်တော်လိုချင်တဲ့ ခင်မင်ရင်းနှီးမှုမျိုးကို မပေးနိုင်ဘူးဆိုရင် ကျွန်တော် အဘကို အပိုင်ပေါင်းလိုက်တော့မယ်"

"ဟင်း . . . ဟင်း . . . ဟင်း" (လှောင်ပြောင်သောရယ်သံ)

မထင်မှတ်ဘဲ ထွက်လာသော မမ၏ gibe ဆန်သောရယ်သံကြောင့် ကျွန်တော်ရှက်ပြီး မမကို ပိုနားမလည်နိုင်အောင် ဖြစ်သွားသည်။

"ရယ်သံလေးကို နည်းနည်းပြင်ပေးစမ်းပါ ဒေါ်မြင့်မြတ်မယ်။ ချယ်ရီမောင်မောင်ပါ မလုပ်ဘူးမထင်နဲ့နော်။ စိတ်ကောင်းဝင်ရင်သာ ငြိမ်နေမှာ"

"အိုး . . . ခြိမ်းခြောက်လှချည်လားကွယ်။ မင်းက

www.burmeseclassic.com



သိပ်ခင်ချင်စရာကောင်းတဲ့ လူငယ်လေးဖြစ်သလို သိပ်ပြီး အဆိပ်ပြင်းတဲ့ လူငယ်လေးတစ်ယောက်လည်း ဖြစ်တယ်နော်"

"အဲဒါသိဖို့ပဲ လိုပါတယ်"

"ကောင်းပြီ။ မင်းရဲ့စိတ်ကို ကိုယ်ယုံတယ်။ ဒီနေ့ တစ်နေ့လုံး မင်းသောင်းကျန်းပြနေတဲ့ ပုံစံတွေကို အကဲဖြတ်ရမယ်ဆိုရင် မင်းရဲ့စိတ်ဓာတ်ကို လက်ခံလိုက်ပြီ ချယ်ရီ။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ မင်း ကိုယ်တို့အဘကို ပိုင်အောင်ပေါင်းလို့ရမယ်ထင်သလား။ အဘစိတ်က ကိုယ့်ထက်ပိုဆိုးတယ် ဆိုရင်ကော။ အဲဒီ အဘက ကိုယ့်ကို ချုပ်ချယ်အကျုပ်ကိုင်တဲ့ grandfather ကြီးတစ်ယောက် ဖြစ်နေတယ်ဆိုရင်ကော"

"စိန်လိုက် . . . ရတဲ့နည်းသုံးပြီး ကြိုးစားပြမယ်။ ဘာပဲဖြစ်ဖြစ် မမနဲ့ကျွန်တော် တရင်းတနှီးနေထိုင်မှုမျိုးကို ရရင်တော်ပြီလေ။ မမ ဘယ်လောက်နေနိုင်မှာလဲ။ နေကြည့်လိုက်စမ်းပါ။ ကျွန်တော် မနက်ဖြန်ပဲ အဘဆီလာ





တော့မှာပါ"

"ဒါတော့ မင်းရဲ့သဘောပဲလေ။ ကိုယ့်အဘကို ပိုင်အောင် ပေါင်းလို့ရတယ်ဆိုရင် မင်းအတွက်တော့ ဘုရားသခင်ကပေးတဲ့ ကံကောင်းခြင်းတစ်ခုပေါ့။ ဒါနဲ့ မင်းကို ကိုယ်တစ်ခု ပြောစရာကျန်သေးတယ်"

"ဘာများလဲ မမ"

"မင်းတို့ သူငယ်ချင်းနှစ်ယောက် နေ့လယ်ကလို ဇစ်တာနဲ့ နောက်ထပ်မသောင်းကျန်းဖို့ကို တားမြစ်ချင်တယ်"

"ဟား . . . ဟား . . . ဟား"

ဒီတစ်ခါတော့ ရှောင်ပြောင်သရော်ပြီး ရယ်မိသူမှာ ကျွန်တော်ပင်တည်း။ ကျွန်တော် ကြံစည်ထားခဲ့သော ဆယ်သွယ်မှုတစ်ခု တကယ်ပေါ်ပေါက်လာချေပြီ။

"ချယ်ရီ ဘာဖြစ်တာလဲ။ ဒါရယ်စရာမဟုတ်ဘူး။ ကိုယ်ဖုန်းဝိတ်လိုက်မယ်နော်"

"ခဏတော့ သည်းခံပါဦး မမရယ် တောင်းပန်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်တော့်အတွက်တော့ တကယ်ပဲ ရယ်စရာဖြစ်နေလို့ပါ။ အဲဒီလို ဂစ်တာတီးပြီး သီချင်းဆိုတာကို မတားမြစ်ပါနဲ့လို့ ကျွန်တော်က ပြန်ပြီး တောင်းပန်လိုက်ဦးမယ်။ မမကို အဲဒီလိုလုပ်ပြချင်နေတာ။ မထင်မှတ်ပဲ သူငယ်ချင်းရောက်လာလို့ ချက်ချင်းအထမြောက်သွားတယ်လေ။ မမ ကျွန်တော့်ကို ဥပေက္ခာပြုလေ လုပ်ပြချင်လေပဲ။ ဒါပေမဲ့ ရှေ့လျှောက် နေ့လယ်ဘက် မဆိုတော့ပါဘူး။ ညဆယ့်နှစ်နာရီအချိန်ကျမှဆိုရင် ပိုကောင်းမလားလို့ စဉ်းစားနေတယ်"

ဘွားဘွားနှင့်မေမေ မကြိုက်သောအလုပ်မို့ ကျွန်တော် ထပ်မလုပ်ဖို့ ဆုံးဖြတ်ပြီးသားဖြစ်သည်။ သို့သော် မမသီချင်း Feeling ဝင်ချိန်ကို ကျွန်တော် မသိဘူး ထင်နေတာကြောင့် တမင်နှိုက်ထုတ်လိုက်ခြင်း ဖြစ်၏။

"ကြည့်စမ်း . . . မင်းကတ်တီးကတ်ဖဲ့ မပြောနဲ့။ မင်းကိုခင်လို့ စေတနာနဲ့ ပြောတာ။ မင်းဘာသာ မင်းတစ်နေ့လုံးမကလို့ တစ်ညလုံးပဲ ထိုင်ဆိုဆိုပေါ့။ တစ်ခုတော့ရှိ





တယ်။ အဲဒီလို ကြွပ်ကြွပ်ဆိုလေ ကိုယ်တို့အဘက ပြေးချင်စိတ်ပေါက်လေဖြစ်မှာပဲ။ အဘက အဲဒါမျိုးတွေကို မကြိုက်ဘူး။ သူမရှိတဲ့အချိန်မှာ ဆိုလို့တော်သေးတာပေါ့။ သူရှိလို့ အဲဒီလိုအသံတွေကြားရင် ပြဿနာတက်သွားနိုင်တယ်"

ဟု ပြန်ပြောလာသော စကားများကြောင့် ကျွန်တော့်စိတ်ထဲ ချက်ချင်းတွေဝေသွားပါသည်။ ထွေးညီပြောခဲ့သော မမနှင့်ပတ်သက်သည့် သတိပေးစကားများ စဉ်းစားစရာများကို ကြားယောင်လာသည်။ မမဟာ တကယ်ပဲ အကြောင်းတစ်ခုခုကြောင့် တစ်မြို့တစ်နယ်က ပြောင်းလာသောများလား။

"ဒီလိုလား . . . ဒါဆို မမကတိပေးလေ။ မနက်ကလို ကျွန်တော့်ကို ဥပေက္ခာမပြုပါဘူးဆိုရင် မမ မကြိုက်သော ကျွန်တော်မလုပ်ဘူး"

"အင်း"

မမ၏ စိတ်မပါတပါ အင်းသံ ခပ်လေးလေးကြောင့် ကျွန်တော် ပြုံးပျော်သွား၏။ ကျွန်တော် မမကို စွဲလမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ချစ်နေမိခြင်းသည် ချစ်သူကောင်းတို့၏ စွယ်စုံလိုက်နာနိုင်သော အရည်အချင်းမျိုးနှင့်ဖြစ်သည်၊ ဆုံးမရ လွယ်ကူသော မောင်ဝယ်ကလေးကဲ့သို့လည်း ဖြစ်သည်။

"အိုခေ . . . ကျေနပ်ပါတယ် မမ၊ ဒါနဲ့ မနက်ကနေမကောင်းဘူးဆိုပြီး ဘာဖြစ်လို့လိမ်လဲ"

"လိမ်တာမဟုတ်ဘူး ချယ်ရီ။ တကယ်ဖြစ်နေတာပါ။ နောက်ပြီး လူမှုရေးအားနည်းချက်တွေရှိတယ်လို့ မင်းကိုပြောပြီးပြီလေ"

"တံခါးပိတ်ပြီး ပျောက်သွားတာကရော"

"အဲဒါ လန့်သွားတာ"

"ဟား . . . သွားပါပြီဗျာ။ ကျွန်တော့်ပုံစံက လန့်စရာကြီးလားဗျ။ အလန်းဇယားလေးတော့လုပ်ပါ။ ကျွန်တော် ချစ်တတ်တဲ့လူတစ်ယောက်ပါ မမ။ ကျောင်းမှာ ကောင်မလေးတွေ အများကြီးရဲ့ စိတ်ဝင်စားမှုကို ခံနေရတဲ့ ချယ်ရီမောင်မောင်ပါ မမ"

"အို . . . မင်းဘယ်လောက်ကြွားကြွား မင်းပုံစံကို



ကိုယ် တကယ်လန့်တယ်"

"ရတယ်လေ။ အဲဒီထက် လန့်သွားစေမယ့်ကိစ္စ ကျွန်တော် ပြောပြမယ်။ မမကတော့ ကိုယ့်ကိုယ်ကိုယ် ဘာမှမသိဘူး အထင်နဲ့ ညတိုင်း Feel ‹ 'လို့ကောင်းနေ' တယ်မို့လား၊ မမလုပ်ရပ်တွေကို ဘယ်သူမှ မသိဘူးထင်နေလား"

"ဘာလဲ ဘာတွေပြောနေတာလဲ"

"ကျွန်တော် ပြောပြမယ် သေချာနားထောင်နော် မမ။ မမကို ဆေးခန်းပို့ပေးတဲ့ ညက ကျွန်တော်ကြားလိုက်ရတဲ့ " The end of the world" သီချင်းနဲ့ "မသေနိုင်သော" တို့။ "အတ္တ"တို့က ထူးဆန်းလွန်းလို့ ကျွန်တော် ထစုံစမ်းတာ မမအခန်းက ဖြစ်နေတယ်။ အဲဒါ သေချာတယ်။ ဘာပြောချင်သေးလဲ။ အဲဒီ ညကစပြီး ခုချိန်ထိ ညတိုင်းမပျက်မကွက်ဘဲ ကျွန်တော်ပါ လိုက်နားထောင်နေကျ။ အဲဒီကတည်းက မမကို ကျွန်တော် စွဲလမ်းခဲ့တာပဲ"

"ဟယ် . . . တကယ်ပဲလား။ ကိုယ်က မသိ

www.burmeseclassic.com

www.burmeseclassic.com



လောက်ဘူး ထင်နေတာ။ ကြည့်စမ်း"

"တိတ်ဆိတ်တဲ့အချိန်ပဲ မမရယ်။ မမ အဲဒီသီချင်းတွေကို စွဲလမ်းနေတယ်နော်။ တစ်ခုခုတော့ ဖြစ်ထားပုံရတယ်၊ ကြွေမွမှုတို့၊ နာကျင်မှုတို့ပေါ့"

"ဟင့်အင်း"

"မစိုးရိမ်ပါနဲ့။ မမရဲ့ အနေအထိုင်ကို တဖြည်းဖြည်းနားလည်လာလို့ ကျွန်တော် အတင်းအကျပ် မမေးပါဘူး။ ဩော် . . . ဒါနဲ့ စောစောက မမဘာဖြစ်တာလဲ။ မမကိုအဘ ဆူနေတယ်။ မမကလည်း ငိုနေသလိုပဲ။ ကျွန်တော် စိတ်မကောင်းဘူး။ အဲဒါ သိချင်တယ်"

"ဘုရားရေ . . . မင်းဘယ်လိုသိတာလဲ။ ကိုယ်ပိုလန့်လာပြီ"

မမ အံ့ဩသွားသောအသံကြောင့် ကျွန်တော် ရယ်လိုက်မိသည်။

"ဒါဆို ကျွန်တော် မမကို ဘယ်လောက်ထိ စွဲလမ်းခဲ့သလဲဆိုတာ သိနိုင်လောက်ပါပြီ။ မနက်က မမပုံစံကြောင့်





ကျွန်တော် စိတ်မကောင်းဖြစ်ပြီး ဂစ်တာနဲ့ သောင်းကျန်းမိတာလေ။ မမဆီက တုံ့ပြန်မှုတစ်ခုကိုလိုချင်တဲ့ သဘောပေါ့"

"အင်း"

"ဒါပေမဲ့ အဲဒီသောင်းကျန်းမှုကို ဘွားဘွားနဲ့မေမေက တားမြစ်တော့ အသံမထွက်တဲ့နည်းနဲ့ မမကိုကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် Telescope နဲ့ချောင်းခဲ့တာပဲ၊ လုံးဝမတွေ့လို့ အိမ်ရှေ့ထွက်ကြည့်မှ ညှော့ခန်းက တစ်ထွာလောက်လွတ်နေတဲ့ ခန်းစည်းကြားက မြင်လိုက်ရတာပါ။ ကျွန်တော် ဘယ်လောက်ထိ ဒုက္ခရောက်ခဲ့သလဲ"

" . . . "

"ဒါနဲ့တင် မပြီးပါဘူး။ အဲဒီလို ချောင်းကြည့်နေတုန်း ဖေဖေပြန်လာတာနဲ့တိုးလို့ ကျွန်တော်တို့နှစ်ယောက်တစ်ချက်စီ နားရင်းအုပ်တာခံလိုက်ရပါတယ် မမ။ မမကိုစွဲလမ်းမိတဲ့ရလဒ်တွေပေါ့။ ဘာပဲဖြစ်ဖြစ် မမကိုမြင်ရရင်၊



www.burmeseclassic.com

www.burmeseclassic.com



မမအသံကိုကြားရရင် ကျွန်တော် ဘယ်လောက်ပဲ ဒုက္ခရောက်ပါစေ ခံနိုင်ပါတယ်။ မနက်ကလိုတော့ ဥပက္ခာမပြုပါနဲ့လို့ ထပ်ပြီးပြောပါရစေ"

"ကိုယ် . . . စိတ်မကောင်းလိုက်တာ ချယ်ရီရယ်။ အဲလောက်ထိ မတွက်ခဲ့ဘူး"

"ထားပါတော့။ မမဒိုတာကိုပဲ ကျွန်တော် စိတ်မကောင်းတာပါ။ ကျွန်တော် ဘာကူညီရမလဲ မမ၊ နေမကောင်းဖြစ်တာကရော"

"အားနည်းတာပဲဆိုပါတော့။ အဘက ကိုယ့်ကို အနေအထိုင်ရယ်၊ အစားအသောက်ရယ်၊ ကျန်းမာရေးရယ် အဲဒါတွေနဲ့ ပတ်သက်လို့ ဆူနေတာပါ။ ကိုယ် အိပ်မပျော်တာတွေများလို့ ဆေးခန်းသွားရသေးတယ်"

"ကျွန်တော် လိုက်ပို့ပေးချင်တယ်"

"မလိုတော့ပါဘူးကွယ်။ ဆရာက ဆေးစွဲစားဖို့ ပြောလိုက်တယ်။ မင်းကြောင့် ကိုယ်ညဘက်ဆိုရင် song feeling တောင် မယူရဲအောင်ဖြစ်နေပြီ။ သိပ်ဖွဲ့ကောင်းတယ် ချယ်ရီ၊ မမ ချီးကျူးတယ်"



"ဒီထက်ဖွဲ့ကောင်းတာတွေ ကျွန်တော့်ရင်ထဲမှာ အများကြီးရှိနေပြီ"

"ဘာတွေလဲ"

"နောက်တော့ သိရမှာပေါ့။ ခုတော့ ညဘက် သီချင်းတွေကို ခံစားမနေပါနဲ့တော့။ ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ မမရယ်။ မမသီချင်းတွေက feel ကောင်းပေမယ့် မှိုင်းပါတယ်။ စိတ်ကိုလေးလံစေတယ်။ ဆင်ခြင်ပါ မမ၊ ကျွန်တော့်ကို စိတ်ဝင်စားတယ်ဆိုရင် အဲဒီသီချင်းတွေကို မခံစားဘဲ အိပ်ရာထဲမှာ ချယ်ရီ့အကြောင်းကိုပဲ တွေးနေပါ"

"oh! a brave boy, good night "

ဟုသာပြောပြီး မမဖုန်းပိတ်သွားလေသည်။

a brave boy . . .

"ရဲရင့်တဲ့ လူကလေး"

မမ တင်စားလိုက်ပုံကြောင့် ကျွန်တော် အပျော်လွန်ပြီး အိပ်ရာထဲ ဒိုင်ဗင်ထိုးဝင်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကပဲ စွဲဆောင်အားကောင်းလို့လား။

ဒါမှမဟုတ် မမကပဲ ကျွန်တော့်လို စံစားနေရလို့လား . . .

ဒါမှမဟုတ် ရှက်လို့ပဲလား . . .

ထိုအချိန်မှစပြီး မမသည် ဘယ်သောအခါမှ ညှို့နက်သန်းခေါင် သီချင်းနားမထောင်တော့ပါ။

ကျွန်တော့်အတွက်လည်း ထိုညကစပြီး ထူးဆန်းသောပျော်ရွှင်ခြင်းတွေ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာခဲ့ပါသည်။

× × ×



# ပျော်ရွှင်ခြင်းကဏ္ဍ . . .

www.burmeseclassic.com

www.burmeseclassic.com



၆

နောက်နေ့မနက်မှာတော့ အဘအပြင်မထွက်ခင် ကျွန်တော် မမတို့အိမ်ကို သွားဖို့ပြင်ဆင်ရပါသည်။ ကျွန်တော် ဒီဇိုင်းပြောင်းဖို့နည်းနည်းတော့ အုံးစားရ၏။ အဓိက-မမမျက်နှာကို မြင်ရဖို့ထက် အဘနှင့် peace ဖြစ်ဖို့က ကျွန်တော့်အတွက် အဓိကကျနေ၏။

အကယ်၍ အဘသည် ခေတ်လူငယ်တွေကို နား လည်ပေးတတ်သော up to date style မျိုးဆိုရင်တော့





ကျွန်တော် ကံကောင်းဖို့ ရှိပါသည်။ ဒါမှမဟုတ် out of date style မျိုးဖြင့် လူငယ်တွေကို ရှုတ်ချကြည့်တတ်သော အဘိုးကြီးတစ်ယောက်ဆိုရင်တော့ ကျွန်တော် တံခါးဝက လှည့်ပြန်ရမယ့်ကိန်း ဆိုက်လိမ့်မည်။

ထိုနှစ်မျိုးလုံးမဟုတ်ဘဲ အလွန်ဝဂ္ဂကျပြီး ကတ်တီး ကတ်ဖဲ့နိုင်သော (အဘွားကြီးဆန်၍ နှုတ်သီးကောင်း သော) အဘိုးကြီးတစ်ယောက်သာဆိုရင် ကျွန်တော် ကောင်းကောင်းလှည့်မပြန်ရဘဲ ရန်ပွဲဆင်နွှဲပြီးမှ ပြန်လာ ရမယ့်ကိန်းဆိုက်ပါသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်က မမနှင့် တရင်းတနှီး နေထိုင်မှုမျိုးကို လိုချင်နေတာမို့ မပူလွန်း၊ မအေးလွန်း ဒီဇိုင်း မျိုးပြင်သွားဖို့ စိတ်ကူးလိုက်မိပါသည်။ ဆံပင်ကို ဇိုသီဖတ် သီ ခပ်ဝဲဝဲလေးအတိုင်းသွားရင် အဘိုးကြီး မျက်မှောင် ကြုတ်ကြည့်နိုင်၏။ ဒါကြောင့် ဂျယ်များများထည့်ပြီး နောက် တို့ တစ်မနက်စာလောက် ပြေးနေအောင် ချပ်ချပ်ကပ်ကပ် ဘလေးဖြီးလိုက်၏။

www.burmeseclassic.com



အကျီကိုတော့ နံပါတ်များ၊ ပုံများ၊ စာတန်းများ အကွက်အကြားများပါရင် မျက်စိပူလောင်စေမှာ စိုးတာကြောင့် အဖြူရောင် ဖစ်တင်တီရှပ်လက်တိုကိုဝတ်ပြီး ဘောင်းဘီကိုတော့ ဂျင်းနံအပြာနုကလေးပဲ ဝတ်လိုက်သည်။ ပြီးတော့ အမြင်ရှင်းသော Nike ဖိနပ်အဖြူကိုစီးကာ ဆွဲကြိုးနှင့် လက်ကောက်တို့ကိုဖြုတ်ပြီး နာရီတစ်လုံးသာ ပတ်လိုက်၏။

ကျွန်တော်သည် ထိုအဘကို မမြင်ဖူးသေးတာရို့ စိုးရိမ်မှုများစွာဖြင့်လည်း ရင်တွေလှုပ်ရှားနေပါသည်။ မမ ပြောသလို မမထက်ဆိုးသော၊ မမတို့၏ လွတ်လပ်ခွင့်တွေကို ပိတ်ပင်ထားသော ချုပ်ချယ်တတ်သည့် အဘိုးကြီးဆိုလျှင် ကျွန်တော် ဘယ်လိုရှဉ်းကပ်ရမည်နည်း။

သက်ကြီးရွယ်အိုတွေ ကြိုက်တတ်သော လက်ဆောင်ပစ္စည်းတစ်ခုခု အစားအသောက်တစ်ခုခုကို ဘွားဘွားဆီမှ တောင်းသွားမည်ဆိုရင်ကော တို့ဘိုးဘိုးက ကြိုက်ပါ့မလား။ သို့သော် လက်ဆောင်ပစ္စည်းနှင့် မြူဆွယ်ပြီး သူ့





မြေးတွေကို ပိုးပန်းတယ်အထင်ဖြင့် ကျွန်တော့်ကို မြင်မြင်ခြင်းပဲ ငြိုငြင်သွားမလား။ နီးပါ ဒီနည်းလည်း သုံးလို့မဖြစ်ပါ။

ကျွန်တော့်ဘဝတွင် ကျွန်တော် မလုပ်ချင်သည့် အလုပ်ထဲမှာ လူတစ်ယောက်ကို လက်ဆောင်ဘဏ္ဍာပစ္စည်းပေးပြီး ပေါင်းခြင်းလည်း ပါဝင်ပါသည်။ တစ်ဦးနှင့် တစ်ဦး သဘောထားဖြူစင်မှု၊ နားလည်ပေးမပေးတတ်မှုများဖြင့်သာပေါင်းပြီး ရင်းနှီးမှုကို အရယူရမည်ဆိုတာပဲ ကျွန်တော် ခေါင်းထဲမှာ စွဲနေခဲ့၏။ ဒါကြောင့် ကျွန်တော် ဘာပစ္စည်းမှ ယူသွားဖို့မလို စိတ်ဓာတ်ဖြူစင် မှန်ကန်မှုနှင့်သာ သွားဖို့လို၏။

နောက်ဆုံး အားလုံးပြင်ဆင်ပြီး လေကလေး အချွန်ချွန်နှင့် ထွက်လာခဲ့တော့ ထုံးစံအတိုင်း ကျွန်တော့်ကို ကြိုလာသော မေမေန ် ပက်ပင်းတိုးလေသည်။

"အလို! . . . ဘယ်လိုဖြစ်တာလဲ။ ကြည့်စမ်း . . . မေ့သားလေးက သန့်ပြန့်ချောမွေ့နေလိုက်တာ။ ဒီမိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ဘာတွေပြောင်းလို့ပါလား။ ကဲ . . . ပြော ဘယ်ဝိုးမှာလဲ ဆရာ"

"မမဆီ သွားမလို့ မေမေ။ အဘနဲ့ တွေ့ဖို့ပြောထားတယ်"

ဟု ပြောလိုက်တော့ မေမေရယ်တော့သည်။ သဘောကျစရာတွေ့ရင် စကားချက်ချင်းမပြန်ဘဲ ရယ်နေတတ်သော မေမေ့အကျင့်ကြောင့် ကျွန်တော် မလုံမလဲ ဖြစ်သွား၏။

"မေမေကလည်း ရယ်စရာကျနေတာပဲ။ ဘာပြောချင်လို့လဲ၊ သား မနေတတ်တော့ဘူး"

ဟု ပြောမှ မေမေ ဝိုရယ်ပြန်သည်၊

"သားချယ်ရီရယ် မနဲ့မောင် ဇာတ်လမ်းတွေ ဖြစ်ရုံတင်မကဘူး။ အဘိုးနဲ့အဘွား ဇာတ်လမ်းတွေပါ ဖြစ်ကုန်ရင်တော့"

"အေးဆေးပါ မေမေရာ။ တွေးပြီးပူမနေပါနဲ့"

ကျွန်တော်က ပြောပြောဆိုဆို မေမေ့ပါးကို





တစ်ချက်မွှေးပြီး ထွက်လာခဲ့တော့သည်။

အဘပုံစံကိုတွေးပြီး ကြောက်ရွံ့နေသော . . .

အဘဆက်ဆံပုံကိုတွေးပြီး စိုးရိမ်နေသော . . .

အဘပြုံးပြင်မှုကိုတွေးပြီး ပူပန်နေသော ကျွန်တော်သည် မမတို့ခြံရှေ့ရောက်၍ ထိုအဘကို မြင်လိုက်ရသောအခါ ကျွန်တော် ဖြစ်နေသောကြောက်ရွံ့မှုများက လွင့်စင်ထွက်ပြေးကုန်ပြီး အသံမပေးဘဲ စိုက်ကြည့်နေလိုက်မိပါသည်။

အကြောင်းကတော့ ကျွန်တော် မြင်လိုက်ရသောအဘပဲဖြစ်ရမည်ဟု ခန့်မှန်းလိုက်သော ထိုပုဂ္ဂိုလ်ကြီးမှာ ကျွန်တော် စိတ်ကူးပုံဖော်ကြည့်ခဲ့သော အဘိုးကြီးပုံစံနှင့် ဆန့်ကျင်ဘက်ဖြစ်နေခြင်းကြောင့်တည်း။

ပြီးတော့ ကျွန်တော်တသော အဘမျက်စိရှုပ်မှာစိုးပြီး အဖြူရောင်ရိုးရိုးလေးဝတ်ခဲ့ပေမယ့် ထိုအဘကတော့ ချောကလက်ရောင် ဝိုးတွဲလုံချည်အကွက်စိတ်စိတ်ပေါ်မှာ အဖြူနှင့် အညိုရောင်ရောယှက်ပြီး အပွင့်တွေဖော်ထား



www.burmeseclassic.com

www.burmeseclassic.com



သော ရုပ်အကျီပွပွကို ဆင်မြန်းထားတာ ဖြစ်လေသည်။

ကြည့်စမ်း . . . လူငယ်တွေကို နားလည်ပေးမယ့်ပုံပဲ . . .

အဲဒါ "ပျော်ရွှင်ခြင်း၏ ပထမ" ဖြစ်သည်။

"ပျော်ရွှင်ခြင်း၏ ဒုတိယမှာ"

အသက်ခြောက်ဆယ်ကျော်အရွယ်တို့၏ မျက်နှာထားဖြစ်ပေမယ့် ငယ်ငယ်က ခန့်ချောချောခဲ့သော လူတစ်ယောက်ဆိုတာ မြင်သူတိုင်း ကောက်ချက်ချနိုင်၏။ ဆံပင်ကတော့ အကာအကွယ်ယူခဲ့တာ ဘယ်လောက်ကြာခဲ့ပြီလဲ မသိပါ။ ဆိုးဆေးကြောင့် အညိုရောင်တောက်ပပြီး ပြောင်လက်နေသည်။ နဖူးကျယ်ကျယ်နှင့်အတူ ထိုဆံပင်တိုကပ်ကပ်ကို ဘေးခွဲအနေအထား သပ်ရပ်စွာ ဖြီးထားပုံက အိုမင်းရင့်ရော်မှုကို အနည်းငယ် ထိန်းချုပ်ပေး၏။ ကြည့်စမ်း တကယ်ခေတ်မီတဲ့ အဘပဲ။

"ပျော်ရွှင်ခြင်း၏ တတိယမှာ"

အဘ၏ body သည် အိုမင်းရင့်ရော်မှုဘက်ကို





အရွယ်နှင့်ညီမျှအောင် မပါသေးဘဲ။ အရွယ်နှင့် မလိုက်အောင် တောင့်တောင့်ဖြောင့်ဖြောင့်ရှိနေသေးခြင်းပဲ ဖြစ်ပါသည်။ ဘွားဘွားပြောခဲ့သော "ဖျတ်ဖျတ်လတ်လတ်နဲ့ လုပ်ငန်းတွေကို ဦးစီးနေတုန်းလို့ပြောတယ်" ဆိုသည့်စကားကို ကြားယောင်မိတော့ ကျွန်တော် လှမ်းကြည့်နေရင်း ပြုံးမိပါသည်။ ကြည့်စမ်း . . . 'ကျန်းမာဖျတ်လတ်အောင် golf ရိုက်၊ လမ်းလျှောက် လုပ်လေ့လုပ်ထရှိတဲ့ အဘပဲဖြစ်ရမယ်။

"ပျော်ရွှင်ခြင်း၏ စတုတ္ထမှာ"

သွက်လက်ဖျတ်လတ်သော ခြေလှမ်းများပင် ဖြစ်ပါသည်။ မာစီးဒီးမော်ဒယ်လ်အသစ်ကို စိတ်တိုင်းကျ လှည့်ပတ်စစ်ဆေးနေပုံမှာ လန်းလန်းဆန်းဆန်း တက်တက်ကြွကြွရှိလှပါသည်။ မကြာသေးခင်က အလွန်ချောမွေ့လှပသော မမကို တွေ့ခဲ့ရသလို အခုလည်း အလွန်နုံညားသော အဘကို တွေ့လိုက်ရတာမို့ ကျွန်တော် တအံ့တသြကြည့်နေမိ၏။ အင်မတန်ထူးဆန်းသော မြေးအဘိုးတည်း။ a

www.burmeseclassic.com



grand old man ဆိုတာ ဒီအဘကို ရည်ညွှန်းတာ ဖြစ် ရမယ်။

ကြည့်စမ်း . . . မမကိုတွေ့တုန်းကလို ကျွန်တော် ခံစားနေရပါလား။ အဲဒီထက်ပိုပြီး ခံစားလိုက်ရတာကတော့ ပျော်ရွှင်ခြင်း၏ ပဌမမြောက် နောက်ဆုံးအရာဝတ္ထုဖြစ်လေသည်။

"ပျော်ရွှင်ခြင်း၏ ပဌမမြောက်မှာ"

ထိုအဘက ကျွန်တော့်ကိုမြင်သွားပြီး ခြံတံခါးနားကပ်လာတော့ မမြင့်မြတ်မယ် ကျွန်တော့်ရှေ့ ရောက်လာသလို ခံစားလိုက်ရပါသည်။ ဘုရား . . . ဘုရား . . .

ကျွန်တော်၏ အံ့ဩမှုက တိမ်းပါးခွေယိုင်မူးမိုက်ရှာလည်သွားတဲ့အထိ ဖြစ်သည်။ ထိုသို့ ဖြစ်သွားရခြင်းမှာ အဘဒီဖိုင်းကို ကျွန်တော် သဘောကျနေတာ တစ်ခုတည်းကြောင့် မဟုတ်ဘဲ ထိုအဘထံမှ လွင့်လာသော အနံ့က မမ ကိုယ်သင်းနံ့နှင့် တစ်ထပ်တည်းဖြစ်နေခြင်းကြောင့်တည်း။



ကျွန်တော် ပို၍ပျော်ရွှင်သွားပြီး ခပ်သွက်သွက် လှမ်းနှုတ်ဆက်လိုက်မိတော့သည်။

"အဘ"

"ဦးစိန်ဥက္ကာဆိုတာ အဘလို့ထင်ပါတယ်"

"ဟုတ်တယ်။ မင်းဘယ်သူလဲ။ တစ်ခါမှ မမြင်ဖူးပါလား"

လေသံမှာ အလွန်ခံ့ညားအေး၏။ ဩဇာအာဏာပြည့်ဝမှုရှိ၏။ စည်းစံနစ်ရှိမည့် လေသံမျိုးလည်းဖြစ်၏။ အဘိုးကြီးသည် ကျွန်တော့်အကြောင်းကို မသိရမခြင်း တံခါးကိုယောင်လို့တောင် ကိုင်ကြည့်မည့် ပုံမပေါ်ပါ။

"ဟုတ်ပါတယ်။ သားလည်း အဘကို ခုမှမြင်ဖူးတာပါ။ မမြင့်မြတ်မယ်ကို ဆေးခန်းလိုက်ပို့ပေးတာ သားပါ"

"အိုး . . . ဟိုး . . . မင်းဘာဖြစ်လို့ အကြာကြီး ရပ်ကြည့်နေတာလဲ။ စောစောက ပြောပါလားလာကွ . . . လာလာ"

www.burmeseclassic.com



ဟု ထင်မှတ်ထားတာထက်ပိုအောင် ဖက်လှဲတကင်း ဆီးကြိုမှုကို ခံလိုက်ရတာမို့ ကျွန်တော်၏ ပျော်ရွှင်ခြင်း အရှိန်အဟုန်က ပိုပြင်းထန်သွားလေ၏။ ခြံထဲရောက်တော့ အဘက ကျွန်တော့်ကို အနောက်တိုင်းဆန်စွာ နွေးနွေး ထွေးထွေးပွေ့ဖက်ကြိုဆိုပါသည်။

"ကြည့်စမ်း . . . မင်းမျက်နှာက sweet ဖြစ်တယ်။ ချစ်စရာကလေးပဲ။ အဘက မယ်လေးနဲ့သိပ်မကွာဘူးထင် တာကွ။ ဒါကြောင့် အဘလာတဲ့နေ့က မင်းအိပ်ပုတ်ဖြစ်နေ တာထင်တယ်၊ ဟုတ်လား . . . ချယ်ရီမောင်မောင်"

ကိုယ့်အကြောင်းနှင့်ကိုယ်မို့ ကျွန်တော်ရယ်နေ လိုက်မိပါသည်။

"ခုမှပဲ လာရသလားကွာ။ အဘလည်း သားတို့ဆီ လာဖို့ စီစဉ်ထားတယ်။ နေသားမကျတာတွေကော၊ အလုပ် ရှုပ်နေတာတွေကော အချိန်မရဘူးဖြစ်နေတယ်၊ ဝင်ပါ ထွက်ပါ သားရဲ့။ ဒီလမ်းထဲမှာ အဘတို့ ပထမဆုံး ဆောက်ဆဲ တာ သားတို့အိမ်ပဲ။ မယ်လေးကိုလည်း သားအိမ်ကို အပ်





ထားပြီးပြီ"

"ဟုတ် . . . သားဂရုစိုက်မှာပါ။ မမနဲ့လည်း ခင် သွားပါပြီ"

"မင်းအကြောင်းကိုတော့ မင်းအဘွားပြောပြလို့ အဘ အကုန်သိထားပြီကွ။ သားက တော်ပါတယ်၊ GTC ကျောင်းသားတစ်ယောက်လည်းဖြစ်တယ်။ back ground လည်ကောင်းတယ်ဆိုတော့ သားမှာ တက်လမ်းတွေ အများကြီးရှိပါတယ်။ သား ကြိုးစားပါ၊ နှစ်ဆယ်ဝန်းကျင် ကလေးတွေဆိုတော့ ကိုယ့်စိတ် ကိုယ်နိုင်အောင်ထိန်းဖို့ တော့ လိုမယ်နော်။ သားရဲ့ hair style ကိုကြည့်ရင် အဘ နိုင်မိတယ်"

ဖေဖေ့လို ခေါင်းကို ပွတ်သပ်ပြောလိုက်တာမို့ ကျွန်တော်တို့နှစ်ယောက် မျက်နှာချင်းဆိုင်ပြီး ရယ်မော လိုက်ကြပါသည်။

သား ထားဖူးအောင် ထားကြည့်တာပါ အဘ။ ဖေဖေကတော့ ကိုဘိုထားမယ်ဆိုရင် လိုတာရမယ်လို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ သား စဉ်းစားဦးမယ်လို့ ပြောထားတယ်"

"ဟား . . . ဟား . . . လူလည်ပဲကွ။ အဘ နားလည်ပါတယ်။ ခေတ်ကိုမြင်တတ်တယ်။ အဘရဲ့ မျက်စိထဲမှာ ကိုးရိုးကားရား မနိုင်ဘူး။ သားနဲ့လည်း ကြည့်ကောင်းပါတယ်။ လာကွာ . . . အိမ်ထဲဝင်ရအောင်"

ဟု ပခုံးဖက်ခေါ်တော့ နှစ်ယောက်သား လျှောက်လာကြရင်း ကားရှေ့ရောက်တော့ အဘက ခေတ္တရပ်သည်။

"ကြည့်စမ်းပါဦးကွ။ ဒီကောင်ကြီး မနေ့က ထုတ်လာတာ မင်းမမအတွက်ပေါ့။ တောင်ကြီးကပါလာတဲ့ စူပါဆလွန်းက ရန်ကုန်မှာ မင်းအစ်မစီးရင် မော်ဒယ်လ်အောက်နေမလားလို့"

"မမနဲ့ဆိုမိုက်တာပေါ့ အဘရဲ့။ ပစ္စည်းကောင်း ပစ္စည်းသန့်လည်းဖြစ်တယ်။ ခန့်လည်းခန့်တယ်လေ။ အဘကိုယ်တိုင်ကလည်း ကားလောကမှာ ကျွမ်းပြီးသားဆိုတော့ သားကြည့်ပေးဖို့တောင်လိုမယ် မထင်ပါဘူး။ အဘစိတ်ကြိုက် ဝယ်ထားတဲ့ကားက မမသဘောကျတဲ့ ကားပဲ ဖြစ်



ရမှာပေါ့"

သစ်လွင်ခံ့ညားမှုအပြည့်နှင့် စွဲမက်ဖွယ်ရှိသော အနက်ရောင် မာစီးဒီးကြီးကို ဂရုတစိုက်ကြည့်ပြီး ပြောလိုက်မိသည်။ အိမ်ထဲက အိမ်ပြင်မထွက်သော မမအတွက်တော့ ထိုကားကြီး တော်တော်ပင် သနားစရာကောင်းတော့မည်။

"သားဖေဖေနဲ့လည်းတွေ့ပြီး စီးပွားရေးကိစ္စလေးတွေ ပြောစရာရှိတယ်။ အခြေအနေကို လေ့လာပြီး အဘတို့ ဘာလုပ်ငန်းနဲ့ အခြေချရင် ကောင်းမလဲဆိုတာပေါ့"

"Express တွေပြေးနေတယ်ဆို။ ကျန်ခဲ့တဲ့ကျောက်တွင်းတွေကလည်း အဆင်ပြေတယ်မို့လား အဘရဲ့"

"ကားကိစ္စကတော့ အဆင်ပြေတယ်ကွ။ အဲဒါ ထပ်တိုးဖို့ပဲ။ ကျောက်တွင်းတွေကတော့ ရောင်းပစ်လိုက်ပြီ။ ခရီးကလည်း ဝေးသလို ခဏခဏလည်း သွားနိုင်မှဆိုတော့ အဘံအရွယ်နဲ့ ပင်ပန်းမှုကို မလိုချင်တော့ဘူး။ မယ်လေးအတွက်လည်း နောက်ဆံတင်းရသေးတယ်။ မင်း

www.burmeseclassic.com

www.burmeseclassic.com



သိတဲ့အတိုင်း ဒီကလေးမက ရှုပ်ရှုပ်ယှက်ယှက်ရှိပါလိမ့်မယ်.. သိတဲ့အတိုင်း ဒီကလေးမက ရှုရှာတယ်သားရဲ့"

အဘက သူ့အသက်အရွယ်ထက် မမရှေ့ရေးကို သာ အလေးထားတွက်နေပုံရ၏။

"အဘအရွယ်ကော မမ ကျန်းမာရေးအတွက် ကောဆိုရင် အဘတွေးတာမှန်ပါတယ်။ အစုတောင် အဘ အိမ်မှာ ဒရိုင်ဘာတစ်ယောက်တော့ လိုအပ်နေပြီထင် တယ်။ အဘက အပြင်ထွက်တာများတော့ အိမ်မှာ မမ ကျန်းမာရေးအတွက် ရှိထားဖို့လိုတယ်လေ"

"အေးကွ . . . အဘလည်း စဉ်းစားနေတယ်။ မင်း မမက သိပ်လှတော့ တော်ရုံလူတွေနဲ့ အိမ်မှာထားဖို့ မလွယ်ဘူးထင်တယ်။ အဘက လူတိုင်းနဲ့ စိတ်မချဘူးကွ။ မင်းကို ဒီကိစ္စပြောရမှာ အများကြီးရှိတယ်။ ဒရိုင်ဘာတစ် ယောက်ငှားမယ့်အစားကွာ လောလောဆယ် မင်း ကျောင်း ပိတ်နေတာပဲ။ မင်းအစ်မအတွက် မင်းပဲ bodyguard လုပ် ပေးလိုက်ပေါ့"

မထင်မှတ်ဘဲ ကြားလိုက်ရသော စကားကြောင့်



ကျွန်တော့်ရင်ထဲ လှိုက်ခနဲ ဝမ်းသာကြည်နူးသွားသည်။

"တကယ်ပြောတာလား အဘ။ အဘ စိတ်ချ တယ်၊ ခွင့်ပြုတယ်ဆိုရင် သား တာဝန်ယူမယ်"

"တကယ်ပေါ့ကွ။ အကြောင်းသိနေပြီပဲကွာ။ မင်း မမကဆိုရင် မင်းကို မောင်လေးတစ်ယောက်ရလိုက်သလို ပဲ တဖွဖွပြောနေတာကွ။ မင်းကို မောင်လေးအရင်းလို သူ ချစ်နေတာ"

ပြောပြောဆိုဆို လျှောက်လာကြရင်း အိမ်ထဲ ရောက်လာခဲ့သည်။ ကျွန်တော့်စိတ်ထဲမှာ မမရင်ခွင်ရိပ်သို့ ဖျတ်ခနဲ လှုံ့လိုက်ရသလို နွေးနွေးထွေးထွေး ခံစားရလေ၏။ တစ်နေ့ထက်တစ်နေ့ ဖွဲ့မက်စရာကောင်းသော မမကို ကျွန် တော် ဒီလောက် အရှူးအမူးဖြစ်နေမိကြောင်း ဘယ်လိုဖွင့် ပြောပြရပါတော့မလဲ။

အကယ်၍ မမ၏အလှနှင့် မမ၏အနေအထိုင်တွေ အားလုံးကသာ ဝတ္ထုမဆန်ဘူးဆိုရင် ကျွန်တော် စိတ်မြန် လက်မြန် ရင်ဖွင့်လိုက်မှာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး မယ်လေးရေ ထွက်ခဲ့ဦး။ သမီးမောင်လေး ရောက်နေတယ်"

ဟု . . . အဘ အော်ခေါ်လိုက်တော့ ကျွန်တော့် မမလုလုက ကြွကြွရွရွကလေးလှမ်းလာလေ၏။ ကျွန်တော့် ဘဝထဲမှာ စကတ်တွေ့ ဂါဝန်တွေ့ ဘောင်းဘီအတိုအရှည် တွေ့ ကြိုးတစ်ချောင်းအင်္ကျီတွေနှင့် ရင်ပြတ်အင်္ကျီတွေကို သာ ဝတ်လေ့ရှိသည့် ကောင်မလေးများနှင့် ရင်းနှီးခဲ့ရတာ မို့ ပါတိတ်ဝမ်းဆက်တွေကို ပုံဆန်းဆန်းကလေးဖြစ်အောင် ချုပ်ဝတ်တတ်သော မမက ကျွန်တော့်မျက်စိထဲမှာ အထူး စွဲဆောင်နေတော့သည်။

ထိုအချိန်ကစပြီး မမသည် ဝမ်းဆက်ဒီဇိုင်း လှလှ ကလေးတွေကိုသာ ဝတ်လေ့ရှိပြီး ထိုဝတ်စုံနှင့်လည်း လိုက် ဖက်အောင် မျက်နှာနှုတ်ခမ်း၊ လက်သည်း၊ ခြေသည်းတို့မှ အစ လက်ဝတ်ရတနာကိုပါ တွဲဖက်ဆင်မြန်းတတ်သည့် အမျိုးသမီးမှန်း နားလည်ခဲ့ရ၏။

အညိုရောင် ပါတိတ်ဝမ်းဆက်၊ အညိုရောင် နှုတ်





ခမ်းနီတို့နှင့် လှုပ်လီလှုပ်လဲ့ လှမ်းလာသော မမက အညို ရောင် မျက်လုံးကလေးတွေ ကြည်လဲ့သွားပြီး ကျွန်တော့် ကို နှစ်လိုဖွယ် ပြုံးပြပါသည်။

"လာ . . . မယ်လေး၊ ချယ်ရီမောင်မောင်က အဘ ကို လာတွေ့တာတဲ့"

အဘစကားအဆုံး မမက အဘနှင့် ယှဉ်တွဲထိုင် ပြီး ကျွန်တော်နှင့် ရန်ဖြစ်ထားသော ကောင်မလေးက တော့ ကော်ဖီနှင့်မုန့်တွေကို လာချပေးသည်။ အဘရှေ့မှာမို့ ပဲလား မျက်နှာပိုးက တော်တော်သေ၏။ အဘက လေးစား ဖွယ်ကောင်းပြီး၊ မမက ချစ်စရာကောင်းသလို၊ ထိုသူငယ်မ လေးကတော့ ချစ်စရာကောင်းပါသည်။

ဘာပဲဖြစ်ဖြစ် မမနှင့်တွေ့စက ကျွန်တော် ရင်ခုန် ခဲ့ရသည်။ အဘနှင့်တွေ့ပြန်တော့ ပျော်ရွှင်ခဲ့ရသည်။ ထို ရင်ခုန်မှုနှင့် ပျော်ရွှင်မှုတို့ ပေါင်းစပ်လိုက်လျှင် မမဆီမှ "အချစ်" ဆိုသည့် အကျိုးအမြတ်ကို ကျွန်တော်ရလိုက်ချင် ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ-နေကောင်းမယ်နော်"

"ကောင်းပါတယ် ချယ်ရီ၊ မင်္ဂလာနံနက်ခင်းပါ"

"မင်္ဂလာပါရှင်"

"မမတို့အိမ်မှာ ထမင်းစားပြီးမှ ပြန်ပါလား"

"ဟုတ်တယ်၊ သားမမရဲ့ ဆန္ဒကို ဖြည့်လိုက်ပါလား၊ ပြီးတော့ မယ်လေးရဲ့အနေအထိုင် အပြောအဆိုကိုလည်း နားလည်ပေးဖို့ အဘ ပြောချင်တယ်၊ သူ အပြင်မထွက်တတ်ဘူး၊ ပြီးတော့ ကျန်းမာရေးချူချာတယ်၊ အနေအထိုင်၊ အစားအသောက် မမှန်တာရယ်ကြောင့် ကြာရင် ရောဂါတစ်ခုဝင်မှာ အဘစိုးရိမ်မိတယ်၊ ဒါကြောင့် သားက သား မမနဲ့ ပျော်ပျော်ရွှင်ရွှင်နေပေးဖို့ အဘအပ်ချင်တယ်"

ကြည့်စမ်း . . .

ကျွန်တော် လိုချင်သောစကားကို တိုက်ရိုက်ကြားလိုက်ရသောကြောင့် မမနှင့်ကျွန်တော် အလိုလိုအကြည့်ချင်းဆုံသွား၏၊ ကျွန်တော် မျက်စိတစ်ဖက်မှိတ်ပြီး လက်မထောင်ပြလိုက်သည်၊





"သား အဘွားပြောသလိုပဲ သမီးနဲ့သားတို့မောင်နှမအရင်းတွေလို နေထိုင်တာမျိုးကို အဘ မြင်ချင်တယ်၊ မယ်လေးအတွက် အဘ စဉ်းစားနေတာကြာပြီ၊ ဘယ်လိုကိုင်တွယ်ရမှန်းမသိဘူး ဖြစ်နေတယ်၊ အဘ မကြိုက်တဲ့သီချင်းတွေ ဖွင့်လိုဖွင့်၊ ဆေးကိုလည်း သောက်ချင်မှသောက်၊ ကျွေးတာလည်း စားချင်မှစားတယ်၊ အပြင်ခေါ်လည်း တစ်ခေါက်တောင်မလိုက်ဘူး၊ မိန်းကလေး တစ်ယောက် အပြင်မထွက်တာကို အဘ လက်ခံနိုင်တယ်၊ ကလန်ကဆန် တလွဲတချော်တွေလုပ်တာကိုတော့ နည်းနည်းမှကြည့်မရဘူး၊ ဒါကြောင့် သားကိုမှမအပ်ရင် မဖြစ်တော့ဘူး"

"တကယ် ခွင့်ပြုတာလားအဘ၊ လုံးဝ မချုပ်ကိုင်ဘူးနော်"

"တကယ်ပြောတာပေါ့ သမီးရယ်၊ ရောဂါဖြစ်မှာကို အဘ မမြင်ချင်ဘူး၊ သားအစ်မ ဘယ်လောက်ဆိုးသလဲဆိုရင် ညက ဆေးတွေ မှန့်တွေကို စစ်ကြည့်တာ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



မလျော့ဘူး။ အဘစကားလည်း နားမထောင်ဘူး။ ဆရာဝန်ပြောတာလည်း မလိုက်နာဘူး။ အဘနဲ့လည်း ဆေးခန်းအတူတူ မသွားချင်ဘူးတဲ့ကွာ။ အဲဒါကြောင့် ညက ဒေါ်တော်ဆူပစ်လိုက်တာ ထမင်းမစားဘဲ အိပ်သွားတာပဲ။ အခုမနက်တော့ ဘာအရှူးထလဲမသိဘူးကွာ တံခါးက မှန်တွေလဲပေးဖို့ ပူဆာနေတာပဲ"

အဘစကားကြောင့် ကျွန်တော် လွတ်လပ်စွာရယ်လိုက်တော့ မမရှက်ပြီး မျက်နှာကလေးရဲသွားသည်။ ထိုမှန်လဲဖို့ကိစ္စက မမနှင့်ကျွန်တော်သာ အသိဆုံးမဟုတ်လား။

"သူများနိုးကြည့်မှာစိုးလို့ထင်တယ် အဘရဲ့၊ လဲပေးလိုက်ပါ အဘရာ။ သားကတော့ နိုးမကြည့်ပါဘူး။ တွေ့ချင်ရင် ဝင်လာခဲ့မှာပေါ့"

"အေးပါကွာ။ သူ စိတ်တိုင်းကျဖြစ်ဖို့ အရေးကြီးတယ်။ သူစိတ်ချမ်းသာရင်ပြီးရော။ ကဲ . . . အဘ အပြင်ထွက်လိုက်ဦးမယ်။ ကားစမ်းရင်းပေါ့။ ထမင်းစားချိန်အမီ



ပြန်လာခဲ့မယ်။ အဘတို့နဲ့စားပြီးမှ ပြန်နော် သား"

ဟု . . . အဘက ဂရုတစိုက်မှာခဲ့ပြီး ထွက်သွားသောအခါ မမနှင့်ကျွန်တော် မျက်နှာချင်းဆိုင်လိုက်ကြပါသည်။

"ကဲ . . . ဘယ်လိုလဲ မမ။ ကျွန်တော် အဘကိုပိုင်အောင် မပေါင်းရခင် အဘက ကျွန်တော့်ကို အပိုင်ပေါင်းသွားတာပဲ"

"ကိုယ်လည်း အံ့ဩမိတယ် ချယ်ရီ။ ဒရိုင်ဘာထားမပေးတာဘဲကြည့်တော့၊ ဇကန်တ အဘက ကိုယ့်အတွက် ကျန်းမာရေးကိုစိုးရိမ်လို့ လွတ်လပ်မှုတစ်ခုပေးလိုက်တာဖြစ်ရမယ်။ မင်း သိပ်ကံကောင်းတယ်"

"The Good and The evil ပေါ့ မမရယ်။ အဲဒီနှစ်ခုကို ကျွန်တော် ခံစားရမှာပဲ။ ကျွန်တော့်ကို ဒီလိုလက်ခံတာပဲ သိပ်ပျော်နေရပြီ။ အဘက သိပ်ချစ်ဖို့ကောင်းတယ်၊ သိပ်လေးစားဖို့ကောင်းတယ် မမ။ မမကသာ ချစ်ချယ်တယ်ထင်ပေမယ့် လက်တွေ့မှာတော့ ဆိုးမယ်မထင်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်"

ဟု ပြောပြီး မမအနား သွားထိုင်လိုက်သောအခါ မမက တစ်ဖက်တိုးသွားသည်။ ကျွန်တော်ကလည်း ထပ်တိုးပြီး ကပ်ထိုင်လိုက်သည်။

"ဘာဖြစ်တာလဲ ချယ်ရီ"

"bodyguard လေ။ ဒီနေ့ကစပြီး ကျွန်တော့်ကြောင့် မမ ပျော်စေရမယ်။ မမ အိမ်တွင်းပုန်းမဖြစ်ရဘူး။ ကျန်းမာရေးကို ကျွန်တော်ကိုယ်တိုင် ဂရုစိုက်မယ်။ အဲဒီတော့ ပထမဆုံး လုပ်ရမယ့်အချက်ကို ကျွန်တော် ပြောပြမယ်"

"အံမယ် . . . အပိုင်တွက်လှချည်လား။ ဘယ်သူက bodyguard လုပ်ခိုင်းလို့ အစီစဉ်တွေ ဆွဲနေရတာလဲ"

"အဘက ခွင့်ပြုလိုက်ပြီလေ"

"နိုးပါ။ ကိုယ် ခွင့်ပြုမှရမှာ။ ကိုယ်က အဓိကပဲ"

"မရပါဘူးဗျာ။ ကျွန်တော့်စိတ်ကို မသိသေးဘူးလား။ မမက သိပ်ပြီး ဟန်ဆောင်ကောင်းတာပဲ။ ကျွန်တော်





ပျော်သလို မမလည်း ပျော်နေမယ်ဆိုတာ မမ မျှသိပ်ပေမယ့် ကျွန်တော် ရိပ်မိတယ်"

"ဟင်း . . . ကြီးကျယ်လိုက်တာ။ တင်တင်စီးစီး ပြောတတ်လိုက်တာ"

"ဒါပဲပေါ့။ ကဲ . . . မမနဲ့ကျွန်တော် ခြံထဲမှာ စကားပြောမယ်။ အဲဒါ ပထမခြေလှမ်းပဲ"

"ဟင့်အင်း . . . မထွက်ချင်ပါဘူး။ ဒီမှာပဲ စကားပြောမယ်"

"ခွင့်မပြုနိုင်ပါဘူးဗျာ။ သွားမယ် . . . ထ"

ကျွန်တော် မတ်တတ်ရပ်ပြီး လက်ကမ်းလိုက်တော့ မမက လက်ပိုက်ပြီး တစ်ဖက်လှည့်သွားသည်။ ကျွန်တော် ပြုံးလိုက်၏။

"ဒေါ်မြင့်မြတ်မယ် ကောင်းကောင်းခေါ်နေတယ်နော်။ ဘာလဲ မလိုက်ဘူးလား။ ဒါဆို အခွင့်အရေး နည်းနည်းပေးမယ်။ One ကနေ five ထိ ကျွန်တော် ရွတ်မယ်။ five ရောက်မှ မထရင် ပွေ့ချီသွားဖို့ ဝန်မလေးဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



One နဲ့ five ကြားမှာ လိုက်မယ်ဆိုရင်တောင် ကျွန်တော့် လက်ကိုဆက်ရမယ်။ ကဲ . . . ကျွန်တော် စရွတ်မယ်။ လက်ကမ်းထားပြီ"

"ချယ်ရီ . . . အဲဒီလို တစ်ခွတ်ထိုး အပြုအမူတွေ ကိုယ်မုန်းတယ်။ စိတ်မြန်လက်မြန်ရှိတာတွေ ကိုယ် မကြိုက်ဘူး"

"ကြိုက်ကြိုက်၊ မကြိုက်ကြိုက် မမ အပြောကို ဂရုမစိုက်။ ကျွန်တော့်လုပ်ငန်းစဖို့ကိုပဲ ကျွန်တော် ဂရုစိုက် ရမည်"

"One"

မမ မျက်တောင်းထိုး၏။

"Tow"

မမ နှုတ်ခမ်းဆူ၏။

"Three"

မမ မျက်နှာလွှဲ၏။

"four"



မမမျက်နှာ ငိုမဲ့မဲ့ မှုန်ပြသယောင်ဖြစ်၏။

"five"

မမ ပြုံးဆိုထပြီး ကျွန်တော့်လက်ကို မဆုပ်ကိုင် ဘဲ ဖျန်းခနဲရိုက်ချလေသည်။

ကျွန်တော် အလွန်ချစ်သော နုဖတ်ဖတ်လက် ကလေးကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး အော်ရယ်လိုက်သော အခါ မမ၏ငိုမဲ့မဲ့ မှုန်ပြသယောင်ဖြစ်နေသော မျက်နှာလေးက ပြုံးရောင်သန်းသွားပါတော့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



(ထိုနေ့ကစပြီး ကျွန်တော် မမ အပေါ် ရင်းနှီးစွာ ဆက်ဆံခဲ့ပုံမှာ သို့မဟုတ် ကျွန်တော်လုပ်ခဲ့သော အစီအစဉ်များမှာ . . .

1. ရာသီဥတုကောင်းလျှင် ခြံထဲမှာစကားပြောခြင်း၊ စွန်လွှတ်ခြင်း။
2. တစ်ပတ်တစ်ခါ မမ မွေးနေ့တိုင်း ဘုရားပို့ပေးခြင်း။
3. အတူတူ Shopping ထွက်ခြင်း။
4. တစ်ခါတစ်ရံ ထမင်းအတူတူစားခြင်း။
5. ဂစ်တာတီးခြင်း၊ သီချင်းဆိုခြင်း။





6. တစ်ခါတစ်ရံ ရုပ်ရှင်လိုက်ပြခြင်း။
7. ရန်ဖြစ်ခြင်း။
8. beauty spa သွားခြင်း။ Designer ဆီသွားခြင်း။
9. တစ်ခါတစ်ရံ အပြင်အစားအစာများ ထွက်စားခြင်း။
10. ဖက်ရှင်ရှိုးနှင့်ပန်းချီပြခန်းများ လိုက်ပို့ရခြင်း။

စသဖြင့် စိတ်ပျော်ရွှင်စရာ ကြည်နူးစရာများဖြစ်အောင် ကျွန်တော် ပြုလုပ်ခဲ့သည်။ အဲဒီလို ကိုင်တွယ်ဆက်ဆံခဲ့ပုံများကြောင့် မမ ပျော်ရွှင်တက်ကြွလာပြီ အထင်နှင့် အဘက ကျေနပ်ပြီး မောင်နှမနှစ်ဦးကို စိတ်ချယုံကြည်ထားသလို ကျွန်တော့်အိမ်ကလည်း စိတ်ချယုံကြည်ပြီး လွတ်လပ်ခွင့်တွေ များစွာပေးထားခဲ့ပါသည်။

ဒါပေမဲ့ ယုံကြည်စိတ်ချမှုမရှိသော၊ အပြစ်မကင်းသော၊ မောင်နှမလို သဘောမထားနိုင်သော သူမှာ ကျွန်တော်သာ ဖြစ်၏။

ကျွန်တော့်အိမ်နှင့် အဘက ယုံကြည်စိတ်ချလေ ကျွန်တော် နောက်ကျောမလုံလေ။ မမက မောင်လေးလို



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ကင်းစွာ ဆက်ဆံလေ ကျွန်တော့်ရင်ထဲမှာ မွှန်းကျပ်လေ။ ကြာလာတော့ တဖြည်းဖြည်းနှင့် ကျွန်တော့်ခံစားချက်တွေ အတိုင်းထက်အလွန် ပြင်းထန်လာခဲ့ပါသည်။

သီချင်းသံကြားမိရုံနှင့် အစွဲကြီးစွဲပြီး ရင်ထဲမှာ တည်မြဲခဲ့တဲ့နောက်၊ ဒီလို တရင်းတနှီးဆက်ဆံမိကာမှ မမ အလှနှင့်မမရသကို ပိုပြီး အပြည့်အဝခံစားလာခဲ့ရတာမို့ ကျွန်တော့်ဘက်က ဘယ်အချိန်ထိများ ကွယ်ဝှက်မျိုသိပ်ထားလို့ရနိုင်တော့မှာလဲ။

မမ၏ လှတစ်မျက်နှာက ကျွန်တော့်မျက်စိထဲမှ ထွက်မသွားနိုင်အောင် အမြဲတမ်း မြင်မက်ချင်သော မဆုံးသော ဂန္ထဝင်အိပ်မက်ရှည်ကြီးအဖြစ် ကျွန်တော်ရှုးသွပ်စွာ မက်နေချင်မိသည်။

မမ၏ စွဲဆောင်အားအပြည့်ရှိသော အလှအပတို့ကြားတွင် ကျွန်တော် အမြဲယစ်မူးချင်လောက်အောင်၊ မမအပေါ် ဘဝတစ်ခုလုံး ပုံပေးနိုင်သည်ထိ အရာရာမှာ မမအရိပ် လွှမ်းမိုးခံရသူအဖြစ် ရှင်သန်နေမိပါသည်။





ရိုးသားစွာ လွတ်လပ်ခွင့်ပေးထားသော မိဘများနှင့် ရိုးသားစွာ မောင်လေးလိုချစ်နေသော မမကြားမှာ ကျွန်တော် ဘယ်လိုပုံစံမျိုးဖြင့် ကြာရှည်ရပ်တည်နေနိုင်မည်နည်း။ ပိုခက်နေသည်မှာ ကျွန်တော်က ဟန်ဆောင်မှုကင်းမဲ့သော လူငယ်တစ်ဦးဖြစ်နေခြင်းပင်။

ဒါကြောင့် ကျွန်တော် ထိန်းချုပ်ထားသည့်ကြားမှ ရှက်ပွင့်ချင်တတ်သော အနေအထားကလေးများသာ မကြာခဏ ပေါ်လာခဲ့လေသည်။]

× × ×



www.burmeseclassic.com

www.burmeseclassic.com



## ၇

Hair coat နှံများ၊ Shampoo နှံ့ အမြဲသင်းပျံ့နေတတ်သော ဆံနွယ်လေးတွေ ရှည်လာချိန်တွင် မမက ကျွန်တော့်ကို ဆံပင်ဖြတ်ဖို့အဖော်ခေါ်တာမို့ ကျွန်တော် ပျော်ရွှင်တက်ကြွသွားပြီး အကောင်းဆုံး Beauty Spa တစ်ခုသို့ ပို့ပေးလိုက်သည်။

ထိုဆိုင်၏စည်းစံနစ်မှာ အုပ်ချုပ်သူလည်း အမျိုးသမီး ခပ်ငယ်ငယ်ဖြစ်ပြီး အဖွဲ့ဝင်တွေကလည်း ရှယ်တူတွေ





သာဖြစ်သည်။ မိန်းကလေး သီးသန့်အခန်းတစ်ခု ထားရှိပြီး၊ ယောကျ်ားလေး သီးသန့်အခန်းတစ်ခုထားရှိသည်။ တွဲမဝင်ရ။ တွဲဝင်ပါက သမီးရည်းစားလို့ပဲ သတ်မှတ်မည်။

ထိုအနေအထားကို မမက မသိ။ ကျွန်တော်က တော့ဝန်ဆောင်မှုတွေနှင့် Decrotion တွေကို သဘောကျနေတာကြာပြီမို့ မမကို ခပ်တည်တည်နှင့် ပြောင်တွဲခေါ်သွားခဲ့ပါသည်၊ ပြီးတော့ ဘေးမှာနေပြီး သတို့သားတစ်ယောက်လို ကျွန်တော့်စိတ်ကြိုက်ပြောဖို့ ဆုံးဖြတ်လိုက်သေးသည်။

"အစ်မဆံပင်က အရမ်းလှတယ်နော်။ အဖျားလည်း မရှူးဘူး၊ တစ်ဖြောင့်တည်း ညီနေတယ်။ ဖြတ်ရမှာနှမြောစရာပဲ။ နည်းနည်းလေးပဲတိပါလား။ မထူးမပါးလေးဆိုတော့ အရှည်ထားရင် အရမ်းမိုက်မယ်၊ မြန်မာဆန်တဲ့အလှနဲ့လည်း အံ့ကေတာပေါ့"

ဆံပင်မဖြတ်ခင် ဆံပင်ကို ချိန်ချိန်ဆဆ ကိုင်တွယ်ဆွေးနွေးတတ်တာ ထိုဆိုင်၏အကျင့်တစ်ခုဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ကျန်းမာရေးသိပ်မကောင်းလို့ အရှည် မထားတာပါ"

"ဒါဆို ဘာပုံစံထားမလဲ။ မင်းကရော ဘယ်လိုပုံ ဖြစ်စေချင်လဲ၊ ကွန်ပျူတာနဲ့လိုက်မယ့်ပုံ ဖော်ကြည့်မလား"

"အို . . . အဲဒီလောက်ကြီး မဟုတ်ပါဘူး။ သူ သဘောလည်း မဟုတ်ပါဘူး။ ကျွန်မသဘောပါ။ ဒီအတိုင်း လေး နည်းနည်းပဲ တိုပေးလိုက်ပါ"

"မရဘူး။ မမဆံပင်ကို ကျွန်တော့်စိတ်ကြိုက်ဖြစ် အောင် အစအဆုံးကြည့်ပြောချင်လို့ ဒီကိုခေါ်လာတာပါ။ ဒီ လိုလုပ်ပါအစ်မ။ ကျွန်တော် ကွန်ပျူတာကြည့်ပြီး တစ်ပုံပြ မယ်၊ အရမ်းလန်းရင်လည်း မမ နေတတ်မှာ မဟုတ်ဘူး။ ရိုးလွန်းရင်လည်း မကောင်းဘူး။ ကိုရီးယားစတိုင်လ်ထဲက တစ်ခုခုပေါ့"

ဟု . . . ကျွန်တော်ပြောပြီး ပုံတစ်ပုံ ရွေးပေးလိုက် သည်။

"အိုခေ . . . မင်း စိတ်ကြိုက်ဖြစ်စေရမယ်"





ဆံပင်ဒီဇိုင်နာ၏ စကားအဆုံးမှာ မမ မျက်စောင်း ပစ်ပြီး နှုတ်ပိတ်သွားပါသည်။ သိပ်မကြာခင်မှာပဲ Wave ပုံ စံအထပ်ထပ်ရှိသော လှိုင်းတွန့်ကလေးများဖြင့် တောက်ပ ပြောက်ကြွသွားသော မမသည် နှုတ်ခမ်းစူလျက် ဘောက် ဆတ်ဘောက်ဆတ်လျှောက်ပြီး ကားထဲပြန်းခနဲ ဝင်ထိုင် လေသည်။ ပြီးတော့ . . . မှန်ကြည့်ဝေဖန်တော့၏။

"ကြည့်စမ်းပါဦး။ ပြောင်စပ်စပ်ဖြစ်သွားပြီ။ သူ့ ဆံပင်ကျတော့ မလုပ်ဘူး။ သူများဆံပင်ကိုတော့ ပိုင်ဆိုး ပိုင်နင်းလုပ်နိုင်းတယ်၊ နောက် မင်းကို မခေါ်တော့ဘူး။ ကိုယ် မသွားရဲရင် အရှည်ပဲထားလိုက်တော့မယ်၊ ဒီလို အတွန့်တွေ အခွေတွေနဲ့ တစ်ခါမှ မနေဖူးဘူး ချယ်ရီရဲ့ အဘ ဆူတော့မယ်"

"ကျွန်တော်ပါနေတာပဲ မမရယ်၊ လုံးဝမဆူစေရ ဘူး။ ဘယ်လောက်လှလဲ။ အရမ်းချစ်စရာကောင်းတယ်။ အသက်ငယ်သွားသလိုပဲ"

ကျွန်တော် မမဆံပင်ကို ခပ်ရွရွလေးကိုင် ပြော



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မမကတော့ ကျေနပ်ပုံမရဘဲ မှန်ကြည့်ပြီး စူပုတ်နေဆဲဖြစ်သည်။

"ဒီဇိုင်နာကလည်း ကာယကံရှင်ရဲ့ သဘောထားကို မလုပ်ပေးဘူး။ ဘေးလူကိုပဲ ဦးစားပေးနေတယ်။ ဘာဆိုင်လို့လဲ၊ ဘယ်လိုဟာတွေလဲ။ ကိုယ့်ဆံပင်ကိုယ်တောင် ကိုယ့်စိတ်ကြိုက် မထားရတဲ့ ဆိုင်မျိုးတော့ နောက် တစ်သက် မလာဘူးမှတ်"

ဟု . . . ဒေါ်ထပြန်သည်။ ကျွန်တော် မမကို စိုက်ကြည့်ပြီး ပြုံးနေလိုက်၏။ ထိုအချိန်ကလေးသည် ကျွန်တော် မမကို အကြင်နာ ပေးချင်စိတ်ပေါက်သွားသော အချိန်ကလေးဖြစ်သည်။

"ဘာပြုံးကြည့်နေတာလဲ"

"လှလို့"

"တရားခံက မင်းပဲ။ မင်းက ပိုင်ဆိုးပိုင်နင်း ရှေ့က ဆရာကြီးလုပ်နေလို့ ခုလိုဖြစ်တာ။ မင်းက ဆရာလုပ်တော့ ဟိုကလည်း မင်းစိတ်ကြိုက်ကို လိုက်လျောလိုက်တာထင်





တယ်။ ဟုတ်လိမ့်မယ်။ ခုမှ ကိုယ်တွေးမိတယ်"

ဟု . . . ထပ်ပြောမှ ကျွန်တော် မပြုံးဘဲ ရယ်ချလိုက်မိပါသည်။

"ဒါပေါ့ဗျာ။ ကျွန်တော် ဆရာလုပ်လို့ရမယ့်နေရာကို ခေါ်သွားတာပဲ။ ဒီဇိုင်နာကို မမ အပြစ်တင်လို့မရဘူး။ တွဲဝင်လာရင် သူတို့က သမီးရည်းစားလို့ပဲ မှတ်တာ။ ဒါကြောင့် ကျွန်တော့်စိတ်တိုင်းကျလုပ်ပေးလိုက်တာ"

"ဟယ် . . . ကြည့်စမ်း . . . ကြည့်စမ်း။ ဘာဆိုင်လို့လဲ။ ကဲ . . ကဲ"

မမက ကျွန်တော့်လက်မောင်းကို နာနာလိမ်ပြီး ဆဲဆိုကြိမ်းမောင်းပါတော့သည်။ အဲဒီအချိန်တုန်းက ကျွန်တော် မမကို စေ့စပ်တော့မည့် သမီးရည်းစားတို့၏ ခံစားမှုမျိုးဖြင့် ချစ်စိတ် အပြင်ထန်းဆုံးအချိန်ဖြစ်ခဲ့သည်။

ထိုစိတ်မျိုး နောက်ထပ် ပေါ်ပေါက်လာပုံမှာ မမအတွက် Cosmetie တွေနှင့် ဝမ်းဆက်ဒီဇိုင်းလှလှလေးတွေ ဝယ်ပေးပြီး လိုက်အပ်ပေးရသော အချိန်ကလေးတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်တတ်ပြန်သည်။

မမနှင့် ကျွန်တော်၏ ထူးဆန်းသော အဖြစ်တစ်ခုမှာ တချို့တွေလို (ရုပ်ရှင်တွေဝတ္ထုတွေထဲကလို) ကိုယ်ဝယ်ပေးတာကို မြတ်နိုးပြီး သဘောကျသွားတာမျိုး မဟုတ်ဘဲ ကျွန်တော် ဝယ်ပေးတိုင်း(လုပ်ပေးတိုင်း) မမ ဒီဖာကြောင်ပြီး ရန်ဖြစ်ရတာချည်းပဲ ဖြစ်လေသည်။

"ဟင် . . . ကြည့်စမ်းပါဦး။ ကိုယ်ပြုပြင်ရမှာ ကိုယ်ဝတ်ရမှာတောင် ကိုယ့်စိတ်ကြိုက်မဝယ်ရဘူး။ နှုတ်ခမ်းနီဘူးတွေကလည်း အရောင်စိုစို တောက်တောက်တွေချည်းပဲ။ ဖိတ်စတွေကျတော့လည်း အရောင်နုပြီးပျော့ဖတ်လို့။ ပါတိတ်တွေကလည်း ဘယ်လိုအဆင်ကြီးတွေလဲ။ မျက်စိထဲ နည်းနည်းတောင် မတွေ့ဘူး"

" . . . "

"ဖိနပ်တွေကလည်း ပုံစံရိုးရိုး အနေတော် high heel လောက်ဆို တော်ပြီပေါ့။ ခုတော့ အမြင့်ကြီးတွေ။ လေဒီရှူးနဲ့ ဒီကြိုးသိုင်း ဒေါက်အချွန်တွေကတော့ ဘာလုပ်ဖို့





လဲ။ အဲလောက် ကလေးဆန်နေတာ မစီးဘဲ ချောင်ထိုးထားလိုက်မယ်။ ကိုယ့်အရွယ်နဲ့ မလိုက်တာတွေ ဝယ်ပေးပြီး ခဏ ခဏလဲအောင် လုပ်နေတာလား"

ကျွန်တော် မမကို စိုက်ကြည့်လိုက်မိ၏။ အိမ်ကသွားချယ်ရီတောင် မမလောက် Rap မပြောနိုင်ပါ။

"Bag တွေကလည်း ဘာလုပ်ဖို့ ဝယ်တာလဲ ချယ်ရီရယ်။ ဘယ်မှမသွားတော့ အိုဖြစ်နေမှာပေါ့။ အဘကလည်း Bag လှလှမြင်ရင် ကြိုက်မယ်ထင်ပြီး ဝယ်လာတော့တာပဲ။ ကြည့်နေ . . . ရှိသမျှ Bag တွေ အကုန်စုပြီး မီးရှို့ဖြစ်ဦးမယ်"

"ကဲ . . . ဒေါ်မြင့်မြတ်မယ် ပြောလို့မပြီးသေးဘူးလား။ ဘာပြောချင်သေးလဲ။ ထပ်ပြော"

"ကိုယ်မှမကြိုက်တာ ချယ်ရီရဲ့။ ဒါတွေ အကုန်လုံးမင်းအိမ်ယူသွား။ မင်းကောင်မလေးတွေကို ပေးပစ်လိုက် မမြင်ချင်ဘူး"

"ခက်လိုက်တာ မမရယ်။ နားတွေပူလာပြီ။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုမှလည်း မယူဘူး။ ဘယ်ကောင်မလေးကိုမှလည်း ပေးစရာမရှိဘူး။ မမသာ အဘွားကြီးဖြစ်ရင် မလွယ်ပါလား။ ပြောလိုက်ရင် တစ်ဖက်သား ကျေနပ်အောင် မပြောဘူး။ နင့်နင့်သီးသီး အတုံးလိုက် အတစ်လိုက် ပြောချလိုက်တော့တာပဲ။ ကားထဲရောက်ပြီဆိုပြောပြီး ဝယ်နေတုန်းက ပြောပါလား။ ငြိမ်ယူနေပြီးဒတော့"

"..."

"နှုတ်ခမ်းနီးဆိုကတည်းက အရောင်တောက်တောက် စိုစိုရွှဲရွှဲကလေးတွေ ဆိုးမှပေါ့။ မကြိုက်ရင် ဆိုးကို မဆိုးနဲ့။ ခုခေတ် ဒါမျိုးတွေပဲ ဆိုးနေကြတာ။ မမက တစ်ခါလာလည်း အရောင်ရင့်ရင့် မှိုင်းမှိုင်းကြီးတွေ။ ခေတ်မရှိတာတွေလာမပြောနဲ့။ ဒီလိုပိတ်သားတွေကို ခုခေတ်မိန်းကလေးတွေ ဝတ်နေကြတာမသိဘူးလား။ အိမ်တွင်းပုန်းပြီး ဘာမှမသိဘဲနဲ့ ရျေးမများနဲ့။ ပါတိတ်ဝမ်းဆက်တွေကလည်း ဒီဇိုင်းအဆန်းဆုံးကို မနည်းရွေးထားရတာ။ အိန္ဒြာကျော်ဇင်နဲ့ ဝတ်မှုံရွှေရည် ကြော်ငြာတာ မတွေ့ဘူးလား။ ဒါမျိုးတွေပဲ"





"..."

"ဖိနပ်ကလည်း ခုခေတ် ဒါတွေပဲ စီးနေကြတာ။ အသက်လေးငါးဆယ် အရွယ်တွေတောင် အချွန်အတက်တွေ စီးနေကြတာပဲ။ နိုင်ငံခြားကားထဲမှာ မတွေ့ဘူးလား။ လေဒီရှူးအချွန်အမြင့်ကြီးတွေနဲ့ ပေါ့ပေါ့ပါးပါး သွားလာနေကြတာလေ။ ဒီကြားထဲ ပြေးရတဲ့အခန်းဆိုရင်လည်း တဒိုင်းဒိုင်းပြေးနေကြတာပဲ။ မမက အရပ်ပုလို့ ဒါမျိုးဝယ်ပေးတာ။ ရှော့ပင်ဘဲဂ်တွေကလည်း မိန်းမတွေ အပြင်ထွက်တိုင်း မရှိမဖြစ်သုံးနေကြတာပဲ။ ခုပဲ ကျွန်တော်နဲ့သွားတာ ပါနေပြီမို့လား။ အဓိပ္ပာယ်မရှိတာတွေ လျှောက်မပြောနဲ့"

ကျွန်တော်သည် တစ်လုံးမကျန်ပြန်ချေပပြီး ရေသန့်ဘူးကို သောက်ပြလိုက်မှ မမ မကြည်မသာဖြင့် ငြိမ်ကျသွားပါသည်။ Old Maid တွေဆိုတာ သူတို့ထက် ပိုကောင်းများပြနိုင်မှထင်ရဲ့။ အိမ်ရောက်တော့ မမက ကားတံခါးကို ဖြုန်းခနဲဆောင့်ပိတ်ပြီး ဆံပင်တခါခါ ဒေါက်ဖိနပ်တဂွပ်ဂွပ်ဖြင့် ဆယ့်ခြောက်နှစ်မ ဒီဇိုင်းမျိုးထုတ်ကာ ကျွန်

www.burmeseclassic.com



တော့်ကိုမကြည့်ဘဲ ဆတ်ကော့လတ်ကော့ ဝင်သွားတော့သည်။

ကျွန်တော်ကလည်း တံခါးကို ဖြုန်းခနဲ ဆောင့်ပိတ်ပြီး သီချင်းတစ်ပုဒ်ကို အရွဲ့တိုက်ဆိုကာ လှည့်မကြည့်ဘဲ ထွက်လာခဲ့လေသည်။ နောက်ထပ် ကျွန်တော် အပြင်းထန်ဆုံး ချစ်စိတ်ပေါ်ပေါက်ခဲ့သောနေရာကတော့ စွန်လွှတ်သည့်အချိန်မှာဖြစ်၏။

ပန်းသီးတစ်လုံးကို ကိုက်စားကာ . . .

လှပသော ကောင်းကင်ပြာကိုကြည့်ပြီး . . .

Dream bed ပေါ်မှာလှဲ၍ . . .

စွန်ကလေးကို ကြည့်နေရသည့်အရသာမှာ ကျွန်တော့်အတွက်တော့ ဘာနဲ့မှမလဲနိုင်သော ကြည်နူးမှု တစ်ခုဖြစ်သည်။

ထိုကြည်နူးမှုကို မမ ခံစားနိုင်ဖို့ ကျွန်တော်လုပ်ပေမယ့် ဆယ့်ခြောက်နှစ်မကငြိမ်ဝပ်စွာမထိုင်ဘဲ ယောက်ျားလေးမွှော စွန်လွှတ်တဲ့အတိုင်း ရစ်ဘီးကို လျှော့လိုက်၊ ရစ်



လိုက်၊ မြှောက်လိုက်၊ ချလိုက်နှင့် အရှယ်နှင့်မလိုက်ဘဲ ကလေးဆန်နေပုံကြီးကြောင့် ကျွန်တော် ကတောက်ကဆ ဖြစ်ရပြန်သည်။

“မမ . . . အဲလိုမလုပ်နဲ့လေ ငြိမ်ငြိမ်လေးကြည့်နေ။ စွန်လေးငြိမ်နေတာ ဘယ်လောက်လှလဲ။ ကောင်းကင်ပြာနဲ့အလိုက်ပဲ။ ပန်းသီးစားပြီး Feeling ယူစမ်းပါ မမရဲ့”

“ဟင့်အင်း . . . ငြိမ်ငြိမ်ကြီး ထိုင်ကြည့်နေရတာ ပျင်းပါတယ်။ မင်းကျတော့ လွှတ်ချင်သလိုလွှတ်ပြီး ကိုယ့်ကတော့ ရစ်ဘီးကို ဒီတိုင်းကိုင်ထားရမလား။ မမိုက်ပါဘူး။ မင်းလို ကိုယ်လည်း လွှတ်ကြည့်ချင်တာပေါ့”

“ဘာဆိုင်လဲ၊ ကျွန်တော်က ယောကျ်ားလေးပဲ။ အပေါ်မှာ ကိုယ့်စွန်ပဲရှိနေလို့ တော်သေးတာပေါ့။ တစ်နေရာက စွန်တစ်ခု တက်လာရင် ဘယ်လိုလုပ်မလဲ။ လေကြောင်းဖောက်သွားရင်ကော ဘယ်လိုလုပ်မလဲ။ တစ်ခါတလေ သူများစွန်က လာမဖြတ်ဘဲ လေကြောင်းမကောင်းလို့ ပြတ်သွားတာမျိုးလည်းရှိတယ်။ ကျွန်တော့်စွန်ကိုတော့

www.burmeseclassic.com



လုံးဝအပြတ်မခံနိုင်ဘူးနော်။ ဘယ်သူ့စွန်နဲ့မှ တူတာမဟုတ်ဘူး”

“အံမယ် . . . ကြီးကျယ်လိုက်တာ။ ဘာစွန်မို့လို့လဲ။ ဒီလိုစွန်မျိုး တစ်ခုပြတ်သွားရင် ကိုယ် အခုတစ်ရာ ဝယ်ပေးမယ်သိလား ချယ်ရီမောင်မောင်။ ဒီထက်လှတဲ့ စွန်မျိုးကိုတောင် အဘကို ရှာဝယ်ခိုင်းလိုက်ဦးမယ်”

“ဝယ်ကြည့်လိုက်လေ။ ဘယ်လောက် ဝယ်ပေးပေး နိုင်ငံခြားပဲမှာမှာ မရဘူး။ ဘာစွန်လဲဆိုတာ မမ သိစေရမယ်”

မမလက်ထဲမှ ရစ်ဘီးကို ကျွန်တော်ဆွဲလုပြီး စွန်ကို ရစ်ပြလိုက်လျှင် တဖြည်းဖြည်း သစ်ပင်ထိပ်ဖျားသို့ ရောက်ရှိလာသော စွန်ကလေးကို မမ ကြည့်ပြီး . . .

“အို! . . . ကြည့်စမ်း . . . မင်းက စွန်ကို နာမည်တစ်ပေးထားတာပဲ”

ဟု . . . ပြောပြီး ရယ်လေသည်။ ထိုနာမည်မှာ ကျွန်တော့်စိတ်ကြိုက် ကြီးကျယ်ခမ်းနားစွာ ရေးထားသော



MA & MG

ပင် ဖြစ်လေသည်။

သို့သော် နောက်နေ့မှာတော့ ထို MA & MG စွန်ကို ကျွန်တော်ထပ်ပြီး ကျွန်တော့်စိတ်ကြိုက်ဖြစ်အောင် လုပ်ပေးပေမယ့် မမကတော့ ပြောဆိုမရဘဲ ဆော့ပြန်သည်။

“မမ ဘယ်လိုဖြစ်နေတာလဲ။ ဒီနေ့ လေကြောင်းသိပ်မကောင်းဘူး တွေ့လား။ စွန် အရမ်းတုန်ခါနေပြီ”

“ရတယ်။ ထပ်လျှော့ကြည့်မယ် ပိုမြင့်ရင် ငြိမ်သွားမှာပါ”

“မြင့်မှ ပိုကြမ်းတဲ့လေမျိုးလည်းရှိတယ် မမရဲ့။ ပေး . . . ပေး . . . အခြေအနေမကောင်းဘူး”

“ရပါတယ် ချယ်ရီရဲ့။ မင်း စွန်မပြတ်စေရပါဘူး။ ဒီအနေအထားလောက်တော့ ထိန်းတတ်ပါသေးတယ်”

ဆွဲလားရုန်းလားနှင့် မမက ရစ်ဘီးကို လုံးဝမပေးသောကြောင့် ကျွန်တော် လက်လျှော့ပြီး ဒန်းပေါ်သွားထိုင်

www.burmeseclassic.com



နေလိုက်သည်။

"ချယ်ရီ လာကြည့်စမ်း။ ကိုယ် စွံန်လွှတ်တတ်နေပြီ၊ အံမယ် . . . ဒီကောင် သဘောကောင်းတယ်ကွ။ အလိုက်သင့်လေးငြိမ်နေတယ်။ ဟော . . . သဘောကောင်းတယ်ပြောမှ အောက်ကိုစိုက်ကျသွားပြီ။ ပြန်ရစ်ရမယ်၊ ဘုရား . . . ဘုရား . . . အလယ်မှာ ကြိုးအများကြီး အိုက်ကျနေတာပဲ။ ဟော . . . ပြန်ထောင်လာပြီ၊ ပြန်ထောင်လာပြီ"

ကျွန်တော် မျက်နှာလွှဲထားသော်လည်း မမ စိတ်ထက်သန်ပြီး လွှတ်နေပုံကို သိချင်စိတ်ပြင်းထန်လာတာမို့ မမ မသိအောင် ခိုးကြည့်မိသောအခါ ကျွန်တော် အသံမထွက်အောင် ရယ်လိုက်ရပါတော့သည်။

"ဟား . . . ဟား . . . ဟား"

အရှယ်နှင့်မလိုက်ဖက်စွာ . . .

မြန်မာဆန်သော အလှနှင့်မလိုက်ဖက်စွာ . . .

နုဖတ်ဖြူဝင်းနေသော လက်ကလေးနှင့် ရစ်ဘီး



ကို ရစ်နေပုံမှာ ကျွန်တော့်မျက်စိထဲ ကာရန်မညီမညာဖြစ်နေ၏။ မျက်နှာလေးလည်းရဲပြီး ချွေးအနည်းငယ်စို့နေသည်။

အိုခေ . . . လွှတ်စမ်း။

မမ စိတ်ချမ်းသာရင်ပြီးရော။

"ဟောတော့ . . . အောက်မှာ စွန်အနီကလေး တစ်ခု တက်လာနေပြီ။ ချယ်ရီ လုပ်ပါဦး။ စွန်အရမ်းတုန်နေပြီ"

"မပြတ်အောင် တာဝန်ယူတယ်ဆို ကြိုးစားပြီး လွှတ်ပေါ့"

"ဟင့်အင်း . . . ကိုယ်မနိုင်တော့ဘူး ချယ်ရီ၊ မော့ကြည့်ပါဦး။ ခေါင်းတွေမူးလာပြီ၊ ရင်ထဲကလည်း မောလာပြီ။ ကပ်နေပြီ ချယ်ရီရယ်။ မနဲ့မောင်ကြိုးပြတ်တော့မယ်"

ဟု . . . အော်မှ ကျွန်တော်မပြောင်တော့ဘဲ ရစ်ဘီးကို ဆွဲကြည့်လိုက်သောအခါ မနှင့်မောင်က ကျွန်တော်ထင်ထားတာထက်ပင် အမြင့်ကြီး ရောက်နေလေသည်။

ကြည့်စမ်း . . . မမ စွတ်တင်ထားပါလား။ အနီလေးက မနှင့်

www.burmeseclassic.com



မောင်ကို မမီပေမယ့် ကြိုးကို ခါးလယ်လောက်က ဖြတ်သွားနိုင်သည်။

"ပြဿနာပဲကွာ။ ဘာဖြစ်လို့ ဒီလောက်စွတ်တင်ထားရတာလဲ။ ကျွန်တော်တို့တောင် အဲလောက်မတင်ဘူး။ မရဘူး။ လုံးဝမရဘူး။ ပြတ်မှာပဲ။ ကြည့်နေ . . . ခါးလယ်က ဖြတ်ပစ်လိမ့်မယ်"

"ကြိုးစားပါဦး ချယ်ရီရဲ့"

"ရမ်းမြင့်နေတယ်။ အချိန်မရှိတော့ဘူး။ ဟော . . တွေ့လား။ ဝင်အုပ်ပြီ"

ကျွန်တော် အမျိုးမျိုးကြိုးစားကြည့်ပေမယ့် ကံဆိုးစွာပဲ ကျွန်တော့်လက်ထဲမှ ရစ်ဘီးတင်းတင်းကလေးက ဟာခနဲ အရစ်ကြိုးပြတ် ပေါ့လျော့သွားလေသည်။

"သွားပြီဗျာ။ . . . သွားပြီ။ အဲဒါ ကျွန်တော့်စကားကို နားမထောင်လို့ဖြစ်တာ။ ကျွန်တော် စွန်စလွှတ်တတ်ပါပြီဆိုကတည်းက သူများဖြတ်တာကို မခံဖူးဘူး။ ကျွန်တော်ကသာ နိုင်အောင် လိုက်ဖြတ်တာပဲရှိခဲ့တယ်။ တစ်နေ့



တည်းနဲ့ အနည်းဆုံး ဆယ်စွန်လောက် ဖြတ်လာတဲ့ကောင်ပါဗျ။ ကျွန်တော် မကျေနပ်ဘူး။ လုံးဝမကျေနပ်ဘူး"

ဟု . . . အော်ကာ ရစ်ဘီးကို မြက်ခင်းပေါ် ကိုင်ပေါက်ပစ်လိုက်သည်။ ပြီးတော့ ခန်းပေါ်သွားပြီး ပက်လက်လှန်နေလိုက်၏။ ကျွန်တော် စိတ်ဆိုးသွားပုံကြောင့် မမလှမ်းလာပြီး ကျွန်တော့်မျက်နှာကို သေသေချာချာ ကြည့်သည်။

"ချယ်ရီ . . . မင်း စိတ်ကောက်တာလား"

ကျွန်တော် စကားမပြန်ဘဲ ကောင်းကင်ကိုသာ ကြည့်နေမိ၏။ အနိုင်ရသွားသော စွန်အနီကလေးကတော့ တလွင့်လွင့် မော်ကြွားလို့။

"ခွင့်လွှတ်ပါ ချယ်ရီ။ ကိုယ့်ကြောင့် ဖြစ်ရတာ။ ကိုယ် မင်းစကားကို နားမထောင်လို့"

မမလည်း စိတ်မကောင်း ဖြစ်သွားပုံပေါ်သည်။ ကျွန်တော် မျက်လုံးဆွေကြည့်လိုက်တော့ မမ မျက်နှာက ချွေးကလေးတွေစိုလျက် ပင်ပန်းနွမ်းနယ်မှုကို ပြနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မျက်စိမှိတ်ထားလိုက်သည်။

"ချယ်ရီ အဲဒီလိုမနေနဲ့ကွာ။ ကိုယ့်ကို တော်တော် စိတ်ဆိုးသွားလား။ အဖြစ်အပျက်ကို ခံပြင်းနေလား ဖြေစမ်း"

"မမကိုလည်း စိတ်မဆိုးဘူး။ အဖြစ်အပျက်ကိုလည်း မခံပြင်းဘူး။ မနဲ့မောင် စွန်ကလေးပြတ်သွားတာကိုပဲ ရင်နာနေတာ"

"မောင်လေးရယ်"

"ကျွန်တော်သာ အဲဒီစွန်ကို မနဲ့မောင်လို့ မရေးလိုက်မိရင်း သိပ်ကောင်းမှာပဲ။ ရေးမိတာ ကျွန်တော့်ရင်ထဲ မကောင်းဘူးဗျာ"

ကျွန်တော် မျက်လုံးမဖွင့်ဘဲ ပြောလိုက်တော့ မထင်မှတ်ထားသော မမ လက်ဖဝါးနုနုလေးက ကျွန်တော် နဖူးပေါ်သို့ ကျရောက်လာပါတယ်။ ကျွန်တော့်ရင်ထဲ ဒိတ်ခနဲ လှုပ်လှုပ်သွား၏။ မျက်လုံးဖွင့်ကြည့်လိုက်တော့ မမသည် ကျွန်တော့်မျက်နှာနှင့်နီးကပ်စွာ ငုံ့ကြည့်နေလေသည်။



ကျွန်တော် စက္ကန့်များစွာကြာအောင် ယစ်မူးမိန်းမောသွားတော့၏။

ပြီးတော့ မမက နဖူးမှတစ်ဆင့် ကျွန်တော့်ဆံပင်တွေကို သပ်ပေးသည်။

"စိတ်မကောက်ပါနဲ့ မောင်လေးရယ်၊ ထနော်။ မမက မောင်လေးနဲ့နေရတာ အပျော်လွန်လို့ ဒီလိုဖြစ်သွားရတာပါ။ ကိုယ့်မောင်လေးမကြိုက်တာ ဘာတစ်ခုမှ မလုပ်တော့ဘူး။ မနက်ဖြန်ကျ စွန်လှလှလေးတစ်ခု မင်းက ဝယ်ပေး ကိုယ်က မင်းရေးသလို မနဲ့မောင်လို့ ပြန်ရေးပေးမယ်။ ပြီးရင် မင်းကြိုက်သလိုလွှတ်ပေါ့။ ကိုယ်က ငြိမ်ငြိမ်ကလေး ကြည့်ပြီး မင်း ခံစားစေချင်တဲ့ ကြည်နူးမှုမျိုးကို ယူမယ်။ ဟုတ်ပြီလား . . . အိုခေနော်"

ဟု . . . ပြောပြီး မမက ကိုယ်ကို ပုံမှန်အနေအထား ပြန်ရုပ်၍ လက်ကမ်းပေးလေသည်။ ကျွန်တော့်ရင်ထဲက ဒုတိယအကြိမ် ယစ်မူးမိန်းမောသွားကာ မမကို မျက်တောင်မခတ် စိုက်ကြည့်နေလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



* (မောင်လေးနဲ့နေရတာ အပျော်လွန်လို့ ဒီလို ဖြစ်သွားရတာပါ) တဲ့ နားထဲမှာပဲ့တင် အခါခါရိုက်ခတ်နေ၏။

မမက လက်ကမ်းပေးထားတာ ကြာပြီမို့ "ချယ်ရီ" ဟု . . . အပြုံးနှင့်ထပ်ခေါ်မှ ကျွန်တော် မမ လက်ကိုဆွဲပြီး ထလိုက်ပါသည်။ အမှန်တကယ် ကျွန်တော် ပြုလိုက်ချင်သည်မှာ မမ လက်ကိုမဆွဲဘဲ ခါးကိုဖက်ပြီး ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်လိုက်ချင်မှုပင်ဖြစ်သည်။

သေတော့မှာပဲ၊ သေတော့မှာပဲ မမရယ် . . .

ဘယ်လောက်များ တစ်ဖက်သတ်ဆန်လွန်းလိုက်ပါသလဲ . . .

မောင်လေးတဲ့။ ကျွန်တော် ဘာဆက်လုပ်ရမလဲ။

ဘယ်လို ရပ်တည်နေရတော့မှာလဲ။

"ထမင်း အတူတူစားကြမယ်နော်"

မမကတော့ ကျွန်တော့်လက်ကို ညင်သာစွာဆွဲပြီး အိမ်ထဲမှာ ထမင်းစားဖို့ စီစဉ်ကြပါတယ်။ ကျွန်တော်





ဘာသာ မှုမမှန်ဘဲ ရင်ခုန်သံတွေ ပြောင်းဆန်နေပေမယ့် မမကတော့ အပြစ်ကင်းစွာ၊ မှုမှန်စွာ၊ အစ်မတစ်ယောက်က မောင်လေးတစ်ယောက်ကို ထမင်းခူးကျွေးနည်းမျိုးဖြင့် ပြင်ဆင်ပေးပြီး ကျွန်တော်ကြိုက်သော "ဟန်ထွန်း" ခွေကို ဖွင့်လျက် ထမင်းအတူတူ စားကြပါသည်။

ကျွန်တော် ဘယ်လို နားလည်ရတော့မှာလဲ။

ဘယ်အချိန်ထိ ဝတ္တုတစ်ပုဒ်ကို ဆက်ဖတ်နေရတော့မှာလဲ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## ၈

နောက်နေ့မနက်မှာ အဘဖုန်းကို လက်ခံလိုက်ရတော့ ကျွန်တော် အံ့သြတုန်လှုပ်သွားရပြန်သည်။

"သားချယ်ရီ . . . မင်း ဒီဘက်ကူးခဲ့ပါဦး။ မင်းအစ်မကို မနိုင်တော့ဘူး။ အဘ သည်းမခံနိုင်ရင် တစ်ခုခုလုပ်မိတော့မယ်"

ကျွန်တော် လန့်သွားသည်။

"ဘာဖြစ်လို့လဲ အဘ"





"ညက Shock ဖြစ်တယ်"

"ဗျာ . . . မနေ့က အကောင်းပဲ"

"ဟုတ်တယ်။ ဖြစ်တာတော့ ခဏပါပဲ။ ဒါပေမဲ့ ဝေဒနာခံစားရတာကို အဘ မကြည့်ချင်ဘူး။ အဲဒါ ဆေးခန်းသွားဖို့လုပ်တော့ မသွားဘူး။ သေသေဆိုပြီး ပေကပ်နေတယ်။ အခု မနက်လည်း ဘယ်လိုမှ ခေါ်မရဘူး။ အဲဒါ သားပါမှဖြစ်မယ်။ သားစီစဉ်မှ သူလက်ခံရင် လက်ခံလိမ့်မယ်"

"ဟုတ် . . . သား ခုပဲလာခဲ့ပါ့မယ်"

ကျွန်တော် သွားဖို့ပြင်တော့ မေမေ အနားရောက်လာသည်။

"ဘာတဲ့လဲ သား"

"မမ ညက တော်တော် နေမကောင်းဖြစ်တယ်ပြောတယ်။ အဲဒါ ဆေးခန်းသွားဖို့ ပေကပ်နေလို့ သားကိုလှမ်းခေါ်တာ"

"အင်း . . . ဒီကောင်မလေးကလည်း နားလည်ရခက်သားပဲ။"

www.burmeseclassic.com



ဘယ်လို ကလေးမပါလိမ့်ကွယ်။ သူ့ကို ရင်းနှီးလာတော့ ပဟေဠိတစ်ပုဒ်ကို အဖြေထုတ်နေရသလိုပဲ သားရဲ့။ ပွင့်လင်းမှုမရှိဘူး။ အေးတိအေးစက်နဲ့။ ရောဂါနဲ့ ပတ်သက်ရင်တော့ ဒီလို ပေကပ်နေလို့ ဘယ်ဖြစ်မလဲ။ ရုပ်ကလေးက ချောချော၊ အရွယ်ကလေးက တင့်တယ်ရဲ့နဲ့ တစ်ခုခုဖြစ်သွားမှာတော့ မေမေ မမြင်ရက်ပါဘူး။ သူ လက်ခံချင်လာအောင် သားကြိုးစားပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ပါ . . . မေမေ"

ဟု . . . ပြောပြီး စိုးရိမ်စိတ်ဖြင့် အပြေးလှမ်းလာခဲ့လေသည်၊ အိမ်ထဲရောက်တော့ မမက ဆိုဖာမှာမှီထိုင်နေပြီး အဘကတော့ လက်နောက်ပစ်ကာ ဟိုလျှောက်သည်လျှောက်နှင့် ဒေါသထွက်ပြီး တချစ်တောက်တောက်လုပ်နေပုံရသည်၊ မမက ကျွန်တော့်မြင်တော့ မပြုံးဘဲ ညှိုးငယ်သောမျက်နှာလေးနှင့်စိုက်ကြည့်၏။ ကျွန်တော် သနားကြင်နာစွာဖြင့် မမ အနားကို ကပ်ထိုင်လိုက်သည်။

"မမ ဒီလိုနေလို့မဖြစ်ဘူးလေ။ အဘ ဘယ်လောက်



သောကရောက်နေပြီလဲ။ ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်မှပေါ့။ ဆရာဝန်ပြောင်းပြီး ပါရဂူတစ်ယောက်နဲ့ပြကြည့်ရအောင် မမမှာ ရောဂါတစ်ခုရှိလို့ တိတိကျကျမှ မသိရသေးတာ။ စနစ်တကျကုရင် ကောင်းသွားမှာပါ"

မမ မျက်လုံးတွေသည် မျက်ရည်မကျသည့်တိုင် စိုလက်သွားသည်ဟု ကျွန်တော်ထင်၏။ မျက်နှာညှိုးနွမ်းနေပုံကြောင့်လည်း ကျွန်တော့်စိတ်ထဲ ရောဂါတစ်ခုခုအမြစ်တွယ်နေပြီလားဆိုသော မသင်္ကာစိတ်နှင့် စိုးရိမ်စိတ်တွေ ပွားများလာပြန်သည်။

"သားပဲရအောင် ချော့မော့ပြီး ခေါ်သွားစမ်းပါကွာ။ အဘ ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး။ အဓိပ္ပာယ်မရှိဘူး။ ငါ ကျန်းမာအောင်ကုမယ်၊ ပျော်ပျော်ရွှင်ရွှင် နေထိုင်မယ်ဆိုတဲ့ မာနမှမထားဘဲ။ စိတ်ကို အမြဲလျှော့ချင်နေတာပဲ၊ Medical Check-up လုပ်ခိုင်းထားတာ ဘယ်မှာလဲ ကြာလှပြီ မေးလို့မရဘူး။ အဲဒါ ဘာသဘောလဲ။ ရန်ကုန်ရောက်မှ ဖြစ်တာစိတ်နေတော့ မင်းအစ်မ မရှိးဘူးထင်တယ်ကွာ"

www.burmeseclassic.com



"ဒီလိုဖြစ်တာ ကြာပြီလား အဘ"

"ဒီရောက်မှ ပိုဆိုးတယ်လို့ ထင်တာပဲ။ တောင်ကြီးမှာလည်း ဖြစ်တော့ဖြစ်တယ် သူ့ဘာသာသူပဲ ဆေးခန်းသွားကုနေတာ၊ အဘကိုလည်း အလိုက်မခံဘူး။ ခုဇော်ကလေးတွေများ အပြင်ကို အဘိုးကြီး၊ အဘွားကြီးတွေနဲ့ မသွားချင်ဘူး ထင်ပါရဲ့ကွာ"

အဘက အဘိုးကြီးမို့လို့ တွဲမသွားချင်တာထားတော့။ ကျွန်တော်ကတော့ လူငယ်ဖြစ်ပြီး ဆေးခန်းထဲလည်း လိုက်မဝင်ရသလို ဘာဖြစ်မှန်းလည်းမသိ၊ ဘာဆေးတွေပေးမှန်းလည်း မသိအောင် မမက ပဟေဠိတွေ ထုတ်နေခဲ့ပါသည်။

"Medical Check-up ဆိုတာ မလုပ်လို့မရဘူး။ လုပ်ကိုလုပ်ရတော့မှာ။ ဒါမှ အခြေအနေကိုသိပြီး ကုရတာလွယ်မှာပေါ့။ ရောဂါသိပြီဆိုရင် မရရတဲ့နည်းနဲ့ ခုခံတိုက်ခိုက်ရမှာပဲ၊ အဘလည်း သိပ်မစိုးရိမ်ပါနဲ့၊ မမလည်း အားမငယ်ပါနဲ့၊ စိတ်က အဓိကကျတယ်။ ဒီတော့ ဆေးခန်းသွား





ရအောင်နော် မမ။ ဒီတိုင်းထိုင်ပြီး ခံစားနေမယ့်အစား ဆေးခန်းသွားလိုက်ရင် သက်သာမှာ သေချာပါတယ်"

"အဲဒီ ဆေးခန်းဆိုတာကြီးကို ကိုယ် လန့်နေပြီ ချယ်ရီရယ်။ ဆေးခန်းထဲရောက်ရင် ခေါင်းတွေပိုမူးပြီး ပိုမောလာသလိုပဲ၊ ဆေးတွေကို တစ်ပုံပြီးတစ်ပုံ အလုပ်တစ်ခုလိုလုပ်ပြီး သောက်နေရမယ့်အစား သေသာသေလိုက်ချင်တော့တယ်"

"မရဘူး မမ၊ မရေရာတဲ့ အကြောင်းပြချက်ကြီးတွေ ကျွန်တော်တို့ လက်ခံမှာမဟုတ်ဘူး။ ဒီအတိုင်းလည်း လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး။ အဘက အလိုလိုက်လို့ အဘအပေါ်ကိုပဲ ဆိုးလို့ရမယ်။ ကျွန်တော်ကတော့ ရောဂါနဲ့ ပတ်သက်ရင် မမ အလိုကို အလိုက်မှာ မဟုတ်ဘူး။ မရရတဲ့နည်းနဲ့ခေါ်ရမှာပဲ။ မလိုက်ရင် ဆရာဝန်သွားခေါ်မယ်"

ကျွန်တော့်စကားတွေကြောင့် မမ မျက်နှာပျက်သွားသည်။

"ထနော် မမ။ အချိန်ကုန်ခံလို့မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ။ တစ်ခုတော့ရှိတယ်။ ကိုယ့်ကို လိုက်စေချင်ရင် မင်း ကတိတစ်ခုပေးရမယ်"

"ဘာကတိလဲ"

"သွားနေကျ ဆေးခန်းကိုပဲသွားမယ်။ တခြား ဘာမှမလုပ်ဘူး။ ပြီးတော့ ဆေးခန်းထဲကို မင်းလိုက်လာစရာ မလိုဘူးနော်။ ဘယ်လိုလဲ"

"အိုခေ . . . ရတယ်။ မမ သဘောပဲ။ ကျွန်တော် ကတိပေးတယ်။ အဓိကက မမ ဆေးခန်းရောက်ဖို့ပဲ"

ဟု . . . ဖြေလိုက်မှ အဆင်ပြေသွားသည်။ ဆေးခန်းမှပြန်ထွက်လာတော့ မမက ထုံးစံအတိုင်း သူ မဟုတ်သလို ဘာမှမဖြစ်သလိုနှင့် ကျွန်တော့်ကို ရောဂါနှင့်ပတ်သက်ပြီး ဘာမှမပြောတာကြောင့် ကျွန်တော် အကြောင်းကြားနှင့် ဘာမှမသိရတော့၊ သိရတာကတော့ အိမ်ပြန်ရောက်ချိန်မှာ မမ မျက်နှာ ရွှင်ပြလန်းဆန်းလာတာပဲ ဖြစ်သည်။

သို့သော် ကျွန်တော် မမကို သေချာကြည့်ရင်း





မယုံသင်္ကာစိတ်တွေ ပွားများလာတာမို့ ဆေးခန်းပိတ်ချိန်မှာ ဆရာဝန်ဆီသွားမေးဖို့ ဆုံးဖြတ်လိုက်ပါသည်။ သို့သော် မမက နပ်၏၊ ကျွန်တော် အပြင်ပြန်ထွက်လို့မရအောင် အကြောင်းအမျိုးမျိုးဖြင့် ဆွဲထားလေသည်။

ထူးဆန်းတာတစ်ခုက မမ နေမကောင်းတာမျိုးကို ကျွန်တော် အိမ်မှာရှိနေချိန်မှသာကြားရပြီး၊ ကျွန်တော် မမ အနားမှာ အချိန်ပြည့်ရှိနေချိန်မျိုးမှာတော့ တက်ကြွလန်းဆန်းပြီး ပျော်ရွှင်ရိပ်များဖုံးနေတာကိုသာ အမြဲတွေ့ရတာ ဖြစ်သည်။

ကျွန်တော့်အတွက် တစ်ဇက်သတ်ဆန်လွန်းသော အခြေအနေဖြစ်၏။ ကျွန်တော် ဖတ်နေသော ဝတ္ထုလေးက ဝိုဖတ်လို့ကောင်းလာ၏။

ကျွန်တော်သည် ဒန်းကို ခပ်ယဲ့ယဲ့လှုပ်ထိုင်နေသော မမကိုကြည့်ပြီး နှင်းဆီပန်းလေးတစ်ပွင့် ရှူးပေးလိုက်ပါသည်။

"ဒီနေ့ည မမ အိပ်ပျော်အောင် အိပ်လိုက်နော်။



www.burmeseclassic.com

www.burmeseclassic.com



အဘကို သောကဖြစ်အောင် မလုပ်မိပါစေနဲ့။ မမက ကျွန်တော့်ကွယ်ရာမှာ ခဏခဏဖြစ်တတ်တော့ ကျွန်တော် စိတ်မချဘူး။ ပြီးတော့ မမက မပွင့်လင်းဘူး၊ မျိုသိပ်ထားတာတွေလည်းရှိနေပုံရတယ်။ တစ်ခုခုကိုလည်းဟန်ဆောင်ကွယ်ဝှက်ထားတဲ့ ဒီဇိုင်းမျိုးဖြစ်နေတော့ ကျွန်တော် ပိုပြီး မယုံသင်္ကာဖြစ်ရတယ်၊ ပိုပြီး စိတ်မချဖြစ်ရတယ်"

"စိတ်မချမဖြစ်ပါနဲ့ ချယ်ရီရယ်၊ ယုံပါ။ မယုံသင်္ကာစိတ်တွေလည်း မွေးမထားပါနဲ့၊ စိုးရိမ်စရာလည်း မရှိပါဘူး။ မင်းက ကိုယ့်ရဲ့မောင်လေးပဲ၊ ကိုယ်နဲ့ပတ်သက်လို့ စိတ်ရှုပ်ခံပြီး တွေးမနေပါနဲ့ကွယ်၊ ပါးပါးလေးပဲထားလိုက်ပါ။ မင်းစိတ်တွေ ပင်ပန်းနွမ်းနယ်နေမှာကို မမြင်ချင်ဘူး ချယ်ရီ၊ ကိုယ်က ကိုယ့်မောင်လေးကို ပျော်ရွှင်ချမ်းမြေ့ပြီး အမြဲသန့်စင်နေတဲ့ ကောင်လေးတစ်ယောက်လိုပဲ မြင်ချင်တာ။ ချယ်ရီမောင်မောင်ဆိုတဲ့ လူကလေးဟာ ထာဝရ Flawless ဖြစ်နေစေရမယ်"

မမက ပန်းရောင်နှင်းဆီကလေးကို မွှေးရင်း ကျွန်





တော့်ကို စိုက်ကြည့်ပြီးပြောသည်၊ ကျွန်တော့် စိတ်ထဲမှာ တွေဝေသွားပြန်၏။ မောင်နမစကားများကို မမ ဘာကြောင့် အဝိကြောင်းထပ်အောင် ပြောရသနည်း။

ကျွန်တော်ကလည်း ပြုံးပြီး "ကောင်းပြီ မမ၊ မောင်နမစကားကိုသာ ပြောချင်တဲ့ မမအတွက် ချစ်စကား ပြောချင်လာအောင် ကျွန်တော်လုပ်ပြမယ်" ဟု ရင်ထဲမှ ကြိမ်းမောင်းလိုက်လေသည်။

ကျွန်တော် အချိန်မဆွဲချင်တော့ပါ။ လုပ်ချင်တာကို အချိန်မဆွဲဘဲ ဖျတ်ဖျတ်လတ်လတ် ထလုပ်လိုက်ရမှ စိတ်ချမ်းသာတတ်သော ကျွန်တော်သည် မမနှင့်ကျွန်တော့် အဖြစ်က ဘယ်လောက်ပဲ မောင်နှမဆန်နေပါစေ၊ ဘယ်လောက်ပဲ တစ်ဖက်သတ်ဆန်နေပါစေ ကျွန်တော် မမှုတော့ပါ။ မကြာခင်မှာ မမ သိအောင် ပြုလုပ်ရပါတော့မည်။

"ရတယ်လေ။ မမ ဘယ်လိုပဲ သဘောထားထား ကျွန်တော် မမကို စိုးရိမ်စိတ်တွေ၊ မယုံသင်္ကာစိတ်တွေနဲ့ တွေးကြည့်နေရတာကိုက Feel တစ်ခုပဲ မမရဲ့၊ အဲဒါကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပင်ပန်းတယ်လို့ မထင်ပါနဲ့။

တကယ်လို့ ပင်ပန်းတယ်ဆိုရင်တောင် အဲဒီပင်ပန်းမှုကို ကျွန်တော်ကြံဖန်ရှာယူပြီး တွေးနေဦးမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ မမကို ကျွန်တော်က ဝတ္ထုတစ်ပုဒ်လို ဖတ်နေလို့ပဲ"

"ဘုရားရေ . . . မင်းက ကိုယ့်ကိုဝတ္ထုတစ်ပုဒ်လို့ ထင်စားနေတာ"

"ဒါပေါ့ဗျာ။ မမ စရောက်ကတည်းက ကျွန်တော် စွဲလမ်းပြီးဖတ်နေခဲ့တာပဲ။ ဖတ်ရင်း စိတ်ဝင်စားစရာကောင်းလာတယ်။ ကျွန်တော် ကြိုးစားပြီး ပြီးအောင် ဆက်ဖတ်တော့မယ်"

"ဒါဆိုလည်း ဖတ်ပေါ့။ ဇာတ်သိမ်းက ပြင်းပြင်းရှရှရသလေးနဲ့ heart ထိသွားရင် ကောင်းမယ်နော်"

မမက ဒုတိယအကြိမ် နှင်းဆီပန်းလေးကို မွှေးရင်း ကျွန်တော့်ကို စိုက်ကြည့်ပြီးပြော၏။ ကျွန်တော်ကလည်း

"အဲဒါ မမအပေါ်မှာ မူတည်နေတာပဲလေ"



ဟု . . . ပြုံးလဲ့ရီဝေစွာ စိုက်ကြည့်ရင်း ပြောပြီး နှစ်ယောက်သား မျက်လုံးချင်းစကားပြောရိုန်လည်း ကြာမြင့်ခဲ့ပါသည်။

"ဘယ်လိုလဲ မမ။ ဇာတ်သိမ်းလှမှာလား"

"မင်း ဆက်ဖတ်ရင် သိရတော့မှာပဲ"

ထိုစကားကို အသည်းယားစရာကောင်းလှသော ပြုံးတုံ့တုံ့ အမူအရာကလေးနှင့်ပြောတာမို့ ကျွန်တော် ဒန်းကို မမ ကြောက်အောင် တအားလွှဲပြီး ထွက်လာခဲ့လေ၏။ မမက "ခွေးကောင်လေး"ဟု ကြောက်လန့်တကြား အော်ရင်းကျန်ခဲ့ပါသည်။

ညကိုးနာရီအချိန်မှာတော့ ကျွန်တော် ဆရာဝန်ဆီ သွားဖြစ်အောင် သွားမေးလိုက်သောအခါ . . .

"မကြာခဏ သွေးပေါင်ကျတတ်တာမျိုးပါ။ အအိပ်အစား မမှန်တာလည်း ပါတယ်။ သူ့ စိတ်ချမ်းသာအောင်ပဲထားလိုက်ပါ။ သူဖြစ်ချင်တာကိုသာ လိုက်လျောပေး၊ စိတ်နဲ့လည်းပတ်သက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်အဖြေကိုသာ ရရှိခဲ့တာမို့ ကျွန်တော် အောင့်သက်သက်ဖြင့် ပြန်လာခဲ့ရလေ၏။ ဘာပဲဖြစ်ဖြစ် ကျွန်တော် မမကို ဖွင့်ပြောပြီး မိဘများကို တောင်းရမ်း လက်ထပ်နိုင်းလိုက်လျှင် အရာရာအားလုံး အဆင်ပြေသွားလိမ့်မည်ဟု ကျွန်တော် တွက်ပါသည်။

ကျွန်တော် မမကို စွဲလမ်း၍ ချစ်နေမိသည်မှာ မမ ရောဂါကင်းဖို့မလို၊ မမ နောက်ကြောင်းရှင်းဖို့မလို၊ လောလောဆယ်တွင် မမ မြင့်မြတ်မယ်သည် လွတ်လပ်သော အမျိုးသမီးတစ်ယောက်ဖြစ်ဖို့ပဲ အထူးလိုအပ်လေသည်။

အဲဒါ နှိုက်နှိုက်နဲ့နဲ့တွေးခေါ်မြော်မြင်ပြီး ချစ်တတ်သော "စွန့်စားချစ်ခြင်း" ဟု ကျွန်တော် အမည်တပ်၏။ "မျက်ကန်းအချစ်ဝါဒ"ဟု ကျွန်တော် တင်စား၏။

အတွေးတွေ တစ်လှေကြီးနှင့် အိမ်ပြန်ရောက်ခဲ့တော့ ဧည့်ခန်းထဲမှာ ထွေးညီရောက်နေတာနှင့် တိုးလေသည်။

"ဟော . . . သားပြန်လာပြီ။ ဒီမှာ ထွေးညီရောက်





နေတာကြာပြီ သား။ သားတော်ဒီကို ဟိုဘက်ခြံမှာပဲ ကျောက်ချထားတော့မလို့လား။ ဆင်ခြင်ဖို့တော့ ကောင်းနေပြီနော် သားချယ်ရီ"

မမေ့စကားကြောင့် ထွေးညီက မချိုမချဉ် မျက်နှာထားလုပ်ပြတာမို့ ကျွန်တော် လိပ်ပြာမလုံဖြစ်သွားရသည်။ အကြောင်းကတော့ ကျွန်တော်သည် မမနှင့်တွေ့ကတည်းက မမ၏လောင်းရိပ်အောက်မှာသာ ပျော်မွေ့နေပြီး အရာရာအားလုံးကို မေ့လျော့နေခြင်းကြောင့် ဖြစ်ပါသည်။

"အဲဒီဘက်မှာ ရှိနေမှန်းသိလို့ ဖုန်းမဆက်ဘဲနေတာ။ အကျိုးအကြောင်းလေးတော့ ပြန်ပြောဖို့ကောင်းတာပေါ့မြေးရယ်၊ ဘာဖြစ်လို့ ဒီလောက်တောင် နောက်ကျနေရတာလဲ၊ မယ်လေးရောသက်သာရဲ့လား။ ဘာဖြစ်တာတဲ့လဲ"

ဟု . . . ဘွားဘွားဝင်ပြောမှ ကျွန်တော် ထွေးညီဘေးကပ်ထိုင်လိုက်သည်။

"ပုံစံကတော့ မလန်းဘူး အန်တီ၊ ဒီကောင် ပေါ်



www.burmeseclassic.com

www.burmeseclassic.com



'တော် မှိုင်းမိနေပုံရတယ်"

"ဟုတ်တယ်၊ အန်တီလည်း အဲဒါ ဆွေးနွေးဖို့ စောင့်နေတာပဲ၊ မြင့်မြတ်မယ်နဲ့ တွေ့လိုက်ကတည်းက အရှုံးအမှူးဖြစ်ပြီး အဲဒီအိမ်မှာပဲ အချိန်ကုန်နေတယ်လေ၊ အတိုင်းထက်လွန်လာရင် မကောင်းဘူးကွယ့်"

"ငါ့မြေးက မယ်လေးရောက်လာမှ အရင်ပုံစံနဲ့ မတူတော့ဘူး၊ ဘယ်အခြေအနေမျိုး ရောက်နေပြီလဲဆို တာ ဘွားကို မှန်မှန်ပြောစမ်း၊ ငါ့မြေးလိုချင်တာရစေရမယ်၊ ငါ့မြေးဖြစ်ချင်တာ အကုန်ဖြစ်စေရမယ်၊ ဒီလိုတော့ အကျိုး အကြောင်းမသိရဘဲ တစ်နေကုန် အချိန်ဖြုန်းနေတာတော့ နှစ်ဦးနှစ်ဖက်အတွက် မကောင်းဘူးပေါ့ မြေးရယ်"

"သား စိတ်ဝင်စားနေတာတော့ အမှန်ပါပဲ ဘွား ဘွား၊ ဒါပေမဲ့ မမကို ဖွင့်မပြောရသေးပါဘူး၊ သူ့ဆီမှာ အချိန်ပြည့်ရှိနေတာတာမျိုးပါ၊ ခက်တာက ဘာရောဂါမှန်း မသိဘူး၊ ဆေးခန်းထဲကိုလည်း သားကို ဝင်ခွင့်မပေးဘူး၊ ဒီနေ့တော့ မသက်ာလို့ ဆေးခန်းကို မမ မသိအောင် သွား





မေးလိုက်တာ ဗိုဆိုးသွားတယ်"

"ဘာတဲ့လဲ"

မေမေ အထိတ်တလန့်ဖြစ်သွားသည်၊

"ဗိုဆိုးတယ်ဆိုတာက ဆရာဝန်ရဲ့အဖြေကလည်း ခေတင်မကျဖြစ်နေသလိုဘဲ၊ အစားအအိပ်မမှန်လို့ သွေး ခေါင် ခဏခဏကျတတ်တာနဲ့ သူ့ စိတ်ချမ်းသာအောင် ထားဖို့ပဲပြောလိုက်တယ်၊ ဆရာဝန်တ ခပ်ပေါ့ပေါ့ပြောပေ ယေ့် မမ တကယ်ခံစားနေရတာကို သားကသိတော့ မယုံ ဘူးလေ၊ အဲဒီအတွက် စိတ်မကောင်းဖြစ်နေတာ"

"အင်း . . . မေမေလည်း တွေးနေတာပါပဲ၊ မယ် လေးဟာ တစ်ခုခုတော့ ထူးခြားနေတဲ့ မိန်းကလေးလို့ မေ မေ မြင်နေရတာကြာပြီ၊ ချောလို့လှလို့ သဘောထားလေး လည်း ဖြူစင်လို့ မေမေလည်း ချစ်ပါတယ် သား၊ ဒါပေမဲ့ သူ့ပုံစံက မျိုးသိပ်တာတွေ၊ ဟန်ဆောင်တာတွေ များနေ တော့ မေမေ စိတ်တိုင်းမကျဘူး"

" . . . "

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ပွင့်လင်းဖို့တော့ လိုအပ်တယ်လို့ မေမေ ထင်တယ်၊ ဒီပုံစံကြီးနဲ့ ရေရှည်ဆက်နေဖို့တော့ မေမေ သတိပေးလိုက်မယ်နော်၊ အကြောင်းမသိဘဲနဲ့ ဖွင့်ဝင်တိုးရင် သားပဲခံရမယ်၊ သားဘဝ အညွှန့်တုံးဖို့ပဲရှိမယ်"

မေမေ့စကားများက ကျွန်တော့်ရင်ထဲသို့ စူးရှစွာ တိုးဝင်သည်။

"ငါ့မြေးရဲ့ ပျော်ရွှင်ခွင့်တွေ၊ လွတ်လပ်ခွင့်တွေကိုတော့ ဘွားက မပိတ်ပင်ချင်ပါဘူး။ ဆင်ဆင်ခြင်ခြင် နေထိုင်ဖို့ကို သတိပေးနေတာ။ ရုရှပ်မှနောင်ရှင်းဆိုသလို မယ်လေးရဲ့အကြောင်းကို သိထားမှဖြစ်မှာပေါ့။ ဖွတ်တိုးပြီး ငါ့မြေးဖြစ်ချင်တာကို လုပ်မယ်ဆိုရင် တစ်ချိန်ချိန်မှာ တော်နရုဖြစ်လာတော့ နှစ်ဖက်လုံးအတွက် မကောင်းဘူးလေ"

ကျွန်တော် သက်ပြင်းချလိုက်မိသည်။

"သား ကြိုးစားပါ့မယ် ဘွားဘွား။ ဆင်ခြင်ပါ့မယ်"

"စဉ်းစားဦးပေါ့ မြေးလေးရယ်၊ ငါ့မြေးအသက်ငယ်ငယ်လေးရှိသေးတာ။ အချိန်တွေ အများကြီးရှိပါသေး



တယ်"

"ချယ်ရီကို ကြည့်ပြောပါဦး တွေးညီရယ်"

မေမေ့ညည်းညူမှုအဆုံး ကျွန်တော်တို့နှစ်ယောက် ခေါင်းငုံ့လျက် ငြိမ်ထဲဆင်းလာခဲ့သည်။

"ဘယ်လိုလဲ ချယ်ရီ။ မင်းမားသားနဲ့ အဘွားပြောတာ သိပ်ထိရောက်လွန်းတယ်။ ဝတ္ထုဖတ်တာ မပြီးသေးဘူးလား"

"ပြီးခါနီးပြီ။ ပြီးအောင် ဖတ်တော့မယ်ကွာ။ ငါ မမကို သနားတယ်၊ ချစ်တယ်၊ စိတ်ချမ်းသာစေချင်တယ်၊ အဲဒါပဲ ငါ့ရင်ထဲမှာရှိတယ်။ ကျန်တဲ့ သူ့နောက်ကြောင်းတွေ ဘာမှမသိချင်ဘူးကွာ။ ငါ့အိမ်အတွက်သာ အဲဒါတွေ လိုအပ်ပေမယ့် ငါ့အတွက်တော့ ဘာမှမလိုအပ်ဘူး။ မမ ပြန်ချစ်ဖို့ပဲလိုတယ်"

"တစ်ဖက်သတ်အချစ်က ရင့်လှချည်လား"

"အဲဒီလိုဖြစ်နေပြီ။ ငါ ဘာဆက်လုပ်ရမလဲ။ မမကို ဘယ်လိုနားလည်ရမှန်းမသိအောင် ဖြစ်နေပြီ၊ ငါ့ဘက်

www.burmeseclassic.com

www.burmeseclassic.com



ကသာ အသေအလဲ တစ်ဖက်သတ်ဆန်နေပေမယ့် မမက တကယ့်မောင်နှမလို ဆက်ဆံနေတာကွ"

"Old maid ဖြစ်နေလို့ ဟန်ဆောင်နေတာများ လား။ နည်းနည်းလေးတောင် မရိပ်မိနိုင်ဘူးလား"

"နီးပါ။ လုံးဝရိပ်မိတယ်။ သူ့ရင်ထဲမှာ ဘာတွေဖြစ် နေတယ်ဆိုတာတော့ ငါမမြင်နိုင်လို့ အတတ်မပြောနိုင်ဘူး လေ။ ဒါပေမဲ့ မေမေ ပြောသလိုပဲ ကြာကြာရင်းနီးလာ လေလေ တစ်ခုခုကို ဟန်ဆောင်ထားတာတွေက သိသာ လာလေပဲလို့ ငါထင်တယ် တွေးညီ"

"အဲဒါကို သိနေပြီဆိုရင် မင်း ဆင်ခြင်လိုက်ကွာ။ အကြောင်းသိ မာတ်သိမဟုတ်တော့ ဘာကိုမှ ယုံစားလို့မရ ဘူး ချယ်ရီ။ သူ့ဘက်က နောက်ကြောင်းနဲ့ပတ်သက်လို့ စကားတစ်ခွန်းမှ မစဘူးလား။ အခုဖြစ်နေတဲ့ အဖြစ်က နည်းနည်းလေးတောင် ရှန်းထွက်လို့ မရနိုင်တော့ဘူးလား"

"လုံးဝပဲ။ မင်းကို ငါအကုန်ရင်ဖွင့်ပြီးပြီလေ။ မမရဲ့ အရိပ်အာဝါသအောက်က ရုန်းထွက်မရနိုင်အောင် မမက





ဈွဲဆောင်အားကောင်းနေပြီလို့။ ငါက အချစ်တစ်ခုတည်းကို ပဲ မြင်ထားတာဆိုတော့ အပြစ်တွေက သူ့အလိုလို ပျောက် နေတယ်။ မေးလည်းမမေးချင်ဘူး။ သူကလည်း ဘာတစ်ခု မှတောင် အရိပ်အယောင်မပြဘူး"

"..."

"ငါသိချင်တာ တစ်ခုပဲရှိတယ်။ အဲဒါ သူ ဘာ ရောဂါဖြစ်နေသလဲဆိုတာပဲ။ ငါကတော့ ဘယ်လိုနည်းနဲ့မှ နောက်ဆုတ်လို့မရတော့ဘူး။ နောက်ဆုံး ဆုံးဖြတ်ချက်တစ် ခုချထားတယ်။ မမမှာ ရောဂါတစ်ခု တွယ်နေပြီဆိုရင် တောင် Platonic နဲ့ ချစ်မယ်ကွာ၊ လက်ထပ်မယ်ကွာ"

"ဟား . . . သေလိုက်တော့ ချယ်ရီ။ မင်းရူးပြီ။ ဒီလောက်တောင် ဖြစ်နေရသလားကွာ။ ပြောရင်သာလွယ် တာ လက်တွေ့မှာ မင်းခံရလိမ့်မယ်။ အချစ်ရေးမှာ Platonic နဲ့ ချစ်တာမျိုးကို ငါလက်ခံနိုင်တယ်။ အိမ်ထောင်ရေးမှာ တော့ Platonic Love နဲ့ နေထိုင်နိုင်တာမျိုး လုံးဝမရှိဘူး ချယ်ရီ။ မင်း မှန်နေလို့ ဒီစကားပြောထွက်တာပါ။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရေးဆိုကတည်းက sex ကိစ္စမပါလို့ လုံးဝမဖြစ်ဘူး"

"ငါလက်ခံတယ် ထွေးညီ။ ဒါပေမဲ့ အဲဒါကိုက ငါ မမကို ချစ်တဲ့အချစ်ပဲ။ Final Step ထိပြောတာ"

"ကျွတ် . . . သွားပါပြီကွာ။ ကုလို့ကိုမရတော့တာလဲသာသေလိုက်တော့။ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ဒီလောက်တောင် ရူးသွပ်ရသလားကွာ"

ကျွန်တော်၏ အချစ်ရူး ရူးမှုက ထွေးညီ ဘယ်လောက်ပြောပြော မထူးတော့မှာမို့ ကျွန်တော်တို့နှစ်ယောက် မရောက်တာကြာပြီဖြစ်သော snack bar တစ်ခုသို့ ထွက်လာခဲ့သည်။

ထိုနေ့က အားလုံးထင်နေသော မမ၏ မျိုးသိပ်ဟန်ဆောင်ပုံ တစ်စိတ်ဒေသကို ကျွန်တော် ကြိုးစားမယူရဘဲ တင် သော လပြည့်ညတစ်ညမှာ ဖမ်းစားနိုင်ခဲ့ပါသည်။

အဖြစ်အပျက်သည် ထိုညတွင် အဘက သူ့ကား ပါ… …ာ ဘွဲ့၏ဒင်နာကို သွားရပြီး ကျွန်တော်ကတော့ မမ ဆီ… …ားစောင့်ပေးရခြင်းမှ စတင်ပါသည်။

ရှုဝင်ဒေါ



၉

"ချယ်ရီ ဂစ်တာကြီးနဲ့ ဘယ်လိုဖြစ်လာတာလဲ"

"မမကို သီချင်းတွေဆိုပြမလို့လာ"

"ဒီမှာ ကိုရီးယားကား ကောင်းနေတယ်"

"ဟာ . . . အဲဒီကိုရီးယားက တစ်သက်လုံးပြီးမှာမဟုတ်ဘူး။ မြံ့ထဲကိုလည်း ထွက်ကြည့်ပါဦး မမရဲ့၊ လ ထွက်နေပြီ။ ဘယ်လောက်သာယာလဲ။ ဒီလိုညမျိုးကို ကိုရီးယားကားနဲ့ လဲလိုက်စမ်းပါ"

ရှုဝင်ဒေါ

www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ် . . . ဝိုလိုက်တာ၊ ကောင်းပါပြီရှင် ကောင်းပါပြီ၊ သီချင်းအေးအေးပဲဆိုနော်၊ အော်တာတွေ ရန်ဖြစ်တာတွေမလုပ်နဲ့"

"စိတ်ချ၊ ကျွန်တော်ဆိုတာ မမ ကြိုက်သွားစေရမယ်၊ ဝပ်အကျီလေးတစ်ထည်လောက်လည်း ယူခဲ့ဦးနော်၊ အပြင်မှာ အေးမှာစိုးလို့"

"ဟုတ်ကဲ့ပါရှင်"

မမ ပြုံးပြုံးလေးပြောပြီး အခန်းထဲဝင်သွား၏၊ ကျွန်တော်လည်း ခြံထဲထွက်လာပြီး Plocking တီးခတ်နေလိုက်သည်၊

မမသည် အသက်သုံးဆယ်မကျော်သေးပေမယ့် နိုင်ငံခြားသီချင်း ပြင်းပြင်းတွေကိုလည်း မကြိုက်တတ်သလို မြန်မာပြည်မှာခေတ်ပေါ် Heavy Rock, Heavy metal, Alternative တို့ဆိုလျှင် ပိုလို့တောင် မကြိုက်ဘဲ hip hop သာဆိုပြလိုက်လျှင် "မင်းတစ်ယောက်တည်း ဘယ်သူနဲ့ရန်ဖြစ်နေတာလဲ"ဟု မေးသေးသူဖြစ်သည်၊



ကျွန်တော် တွေးပြီးပြုံးနေဆဲမှာ မမကမွှေးရနံ့နှင့်အတူ အနွေးထည်လေးကို ပိုက်လာပြီး ဒန်းပေါ်မှာ ကျွန်တော်နှင့် ယှဉ်ထိုင်ပါသည်၊

"ဘယ်လောက်သာယာလဲ မမ၊ ကျွန်တော်က လသာရင် ဂစ်တာတီးတတ်တဲ့အကျင့်ရှိတယ်၊ တန်ဆောင်မုန်း လပြည့်ညဆို ပိုဆိုးသေးတယ်၊ တစ်ညလုံး မအိပ်ဘူး၊ သူငယ်ချင်းတွေစုပြီး ဂစ်တာတီးကြတာ"

"ဒါဆို ကံကောင်းတာပေါ့၊ ကိုယ်သာ မင်းနဲ့မတိုင်ဖြစ်ရင် မင်းအော်ဆိုမယ့် သီချင်းတွေကို ဆေးသောက်ပြီး သည်းခံနေရမယ့် အခြေအနေရှိတယ်"

မမ အပြောကို ကျွန်တော် သဘောကျသွားပြီး အသံထွက်အောင် ရယ်လိုက်မိသည်၊ ကျွန်တော့်ကို ပြုံးကြည့်လိုက်သော မမ အပြုံးမှာလည်း ခါတိုင်းနေ့များစွာထက် လရောင်၏ ဖမ်းစားမှုကြောင့် ပိုချစ်စရာကောင်းနေပါသည်၊ ပိုစွဲမက်ပြီးတော့လည်း ယစ်မူးချင်စရာကောင်းနေပါသည်၊

www.burmeseclassic.com

www.burmeseclassic.com



"သီချင်းဆိုတာ အမြဲတမ်းအော်ဆိုရမှ မဟုတ်ပါဘူး မမရဲ့။ ကျွန်တော်က ခံစားမှုနဲ့အရှိန်အဝါကို လိုက်ပြီးဆိုတတ်တာ။ ဥပမာ ဒီလိုလသာတဲ့ညမျိုးတွေမှာဆို အေးအေးလေးတွေပဲဆိုတယ်။ ခံစားချက်တွေ ပြင်းပြီး စိတ်တွေလေးလံနေရင်တော့ အော်ရတဲ့ သီချင်းပဲဆိုတယ်။ ဒါမှ ရင်ထဲပေါ့သွားတယ်လို့ထင်ရတယ်။ ကျွန်တော်က ခံစားချက်ရှိရင် မြှုမနေတတ်ဘူး။ ဝုန်းဒိုင်းကျဲပြီး ပေါက်ကွဲနေရမှ နေ့တတ်တာဗျ"

"ကိုယ်ကတော့ ကိုယ့်သီချင်းနဲ့ကိုယ်ပဲ၊ မှိန်းပြီး ခံစားနေရတာကို နှစ်သက်တယ်"

ကြည့်စမ်း . . . ဘယ်လောက် ဆန့်ကျင်ဘက်နိုင်လှတဲ့ ကျွန်တော်ရဲ့မမလဲဆိုတာ။ ဒါ ကျွန်တော် မကြိုက်မှန်းသိလို့ တမင်ပြောလိုက်တာ ဖြစ်သည်။

"ဒီသီချင်းတွေအကြောင်း မပြောစမ်းပါနဲ့ဗျာ။ တမင်စနောက်ပြီးတော့တောင်မပြောနဲ့။ မမရဲ့ ကျန်းမာရေးကိုစိုးရိမ်လို့ ကျွန်တော်က မခံစားစေချင်တာ စိတ်ဓာတ်တွေ





ငိုပြီးလေးလံထိုင်မှိုင်းသွားမှာစိုးလို့"

ကျွန်တော် ခပ်ဆတ်ဆတ်ပြောပြီး ဂစ်တာကိုချတာ မမ ရှေ့ရပ်လိုက်သည်။

"နောက်ကို အဲဒီသီချင်းတွေ ခံစားဦးမှာလား၊ ကျွန်တော် မကြိုက်ဘူးလို့ ပြောထားတယ်လေ။ ကတိပေးပါ"

"ဘာကတိပေးရမှာလဲ၊ မင်းလည်း မင်းကြိုက်တာပြောသလို ကိုယ်လည်းကိုယ်ကြိုက်တာ ပြောတာပဲ။ နေရာတိုင်းမှာ မင်းဆန္ဒတွေချည်းပဲ ဦးစားမပေးနဲ့၊ သူများဆန္ဒကိုလည်း မေးဦး။ မင်းတားမြစ်ထားလို့ ကိုယ်နားမထောင်တာကြာပြီပဲ။ ချုပ်ချယ် အကျုပ်ကိုင်တာတွေ များနေပြီနော် ရယ်ရီ"

"ကျွန်တော် မသိအောင် Ear Phone နဲ့နားထောင်နေရင်ကော"

"တစ်ဖွတ်ထိုးမောင်လေးရယ် . . . တစ်ဆိတ်ကျေးဇူးပြုပြီး ရန်မဖြစ်ကြစို့နဲ့လား။ ကိုယ် မင်းစကားကို



www.burmeseclassic.com

www.burmeseclassic.com



အားလုံးနားထောင်တယ်။ မင်း မကြိုက်တာကို ဇရှမှာတော့ ကွယ်ရာမှာကော မလုပ်ပါဘူးကွယ်။ ကဲ . . . ရော့ သီချင်း ဆိုပြတော့ ကိုယ် လပြည့်ညရဲ့အရသာကို မင်းလိုပဲ ခံစားတတ်တယ်"

ဟု . . . ဂစ်တာကို ယူပေးပြီးပြောမှ ကျွန်တော် ကြည်နူးသွားရ၏။ ကျွန်တော့်မမက အဲဒီလို အလိုလိုက်တတ်ပုံလေးတွေကြောင့်လည်း ကျွန်တော် ရူးသွပ်နေရခြင်း ဖြစ်သည်။ ကျွန်တော် ဂစ်တာကို ပြန်ချလိုက်ပြီး မမ ပေါင်ပေါ်မှ အင်္ကျီလေးကိုဆွဲလိုက်၏။

"ဘာလုပ်မလို့လဲ"

"ဝတ်ပေးမလို့။ နည်းနည်းအေးလာသလိုပဲ"

"အံမယ် . . . ကျုပ်မှာ လက်ပါပါတယ်တော်။ ဝတ်ပေးစရာမလိုပါဘူး။ ကျုပ် ကလေးလေး မဟုတ်ပါဘူးရှင်"

"ဝတ်ပေးချင်လို့ပါ။ ငြိမ်ငြိမ်နေပေးပါ ဒေါ်မြင့်မြတ်မယ်ရယ်"

●———မြှုလေသာ———●



ကျွန်တော်က ပြောပြောဆိုဆိုဝတ်ပေးလိုက်တော့ မမက အပြုံးလေးနှင့်ငြိမ်သက်စွာခံယူပါသည်။ ကော်လံ တစ်ခုကို စိပေးလိုက်စဉ် မမ နဖူးပြင်ကို အကြင်နာပေး လိုက်ချင်သည့်စိတ်အား ကျွန်တော် ရင်မောစွာ ချုပ်ထိန်း လိုက်ရပါသည်။

ကျွန်တော် ဆိုပြလိုက်သည့်သီချင်းလေးနှစ်ပုဒ်မှာ လပြည့်ညတိုင်း ဆိုနေကျဖြစ်သော လေးဖြူ၏ "အလင်းရောင်" နှင့် မျိုးကြီး၏ "အပြာရောင်ည"ဖြစ်သည်။

ထိုသီချင်းလေးတွေကြောင့် မမ ကြည်နူးချမ်းမြေ့သွားပြီး ပါးပေါ်ဝဲကျနေသော ကျွန်တော့်ဆံပင်တွေကို သပ်တင်ပေးလာ၏။

"ကြည့်စမ်း . . . ကိုယ့်မောင်လေးက အသံသိပ်ကောင်းတာပဲ။ စီပြီး ငြိမ်နေတာပဲ။ အပြာရောင်ညကလည်း မင်းအသံနဲ့လိုက်တယ်"

"ဒီတစ်ခါ မမ ပိုကြိုက်သွားမယ့် သီချင်းတစ်ပုဒ်ဆိုပြမယ်"

●———မြှုလေသာ———●

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြောပြီး သံစဉ်လေးကို ငြိမ့်ညောင်းစွာ အစပျိုးလိုက်ပါသည်။ မမတော့ မသိ၊ ကျွန်တော့်ရင်ထဲမှာတော့ မဆိုမဖြစ်ဆိုမှဖြစ်မည့် အဲလက်စ်၏ "မ မချစ်လို့မဖြစ်" သီချင်းကြောင့် စိတ်တွေယိုင်လဲပြီး ရင်ခုန်သံတွေ ပြောင်းဆန်ကုန်လေ၏။ ကျွန်တော့်အသံ မှုမှန်အောင် ဆက်ဆိုနိုင်ပါ့မလားဟုပင် အချစ်စိတ်က ဖိဆီးနှိပ်စက်လာပါသည်။

ထိုသီချင်းကို ရုတ်တရက်တွေးမိပြီး သီဆိုလိုက်မှုသည် ကျွန်တော့်အတွက် အမှားအမှန် နှစ်ခုတွဲပြီးရရှိလိုက်၏။ အမှားမှာ မမရှောင်တခင် ပြောင်းလဲသွားသော အပြုအမူဖြစ်ပြီး၊ အမှန်ကတော့ မမမျိုးသိပ်ပုံတစ်စိတ်တစ်ဒေသကို ကျွန်တော် သိလိုက်ရမှုပင်ဖြစ်လေသည်။

ဖြစ်ပွားပုံမှာ . . .

[ ငယ်သေးတဲ့အချစ်မို့ ××× မလေးစားတာလား ပြောပါ

ကျွန်တော် သိပ်ချစ်တတ်တာ ××× ကျွန်တော်သာ အသိပါ

လိမ်ပြီးမပြောတတ်တာ ××× ကလေးလေးဘဝ ကတည်းကပါ

မမ နားလည်ပေးပါ ×××

ဆုတောင်းကောင်းခဲ့တဲ့ မရဲ့အလှများထဲမှာ ×××

ကျွန်တော် လဲလဲကျတာ ကျွန်တော်သာ အသိပါ ×××

ညတိုင်းပဲ မကို အိပ်ပျက်ခံပြီး လွမ်းတာ ×××

ကျွန်တော့်ရဲ့အဖြစ်ကို သနားပါဗျာ ××× ]

ဆိုသည့်သီချင်းစာသားလေးအပြီး မမငြိမ်သက်သွားသလို ကျွန်တော်လည်း ဆက်ဆိုလို့မရအောင် ပါးစပ်ကို လှမ်းပိတ်လိုက်မှုပင် ဖြစ်ပါသည်။ ကျွန်တော် အထိတ်တလန့်ဖြစ်သွား၏။

ပြီးတော့ မမခေါင်းလေး ကျွန်တော့်ပခုံးပေါ် မှီချလိုက်သောအခါ ကျွန်တော့်ရင်ထဲနင့်သွားပြီး မမကို ဆွဲဖက်ထားလိုက်လေသည်။







www.burmeseclassic.com

www.burmeseclassic.com



"မမ"

" . . . "

"မမ"

တစ်မုဟုတ်ခြင်း ပြောင်းလဲဖြစ်ပေါ်သွားသော ကိစ္စမှာ ကျွန်တော်က မမဆံပင်တွေကို နမ်းရှိုက်လိုက်သလို မမက ကျွန်တော့်ရင်မှာ မျက်နှာအပ်ပြီး နှစ်ဦးသား စကားမပြောကြခြင်းတည်း။

စက္ကန့်များစွာ ယစ်မူးမိန်းမောသွားမှ မမက အိပ်မက်က လန့်နိုးသလို ကျွန်တော့်ရင်ကို တွန်းပြီး ရှန်းထွက်ပြေးသွားခြင်းပဲ ဖြစ်ပါသည်။

"မမ"

လုံးဝလှည့်မကြည့်။ ဗီးတွေအားလုံးသာ မှောင်အတိကျသွားတော့သည်။ ကျွန်တော် အိပ်ခန်းထဲ ပြန်ရောက်လာသောအခါ ပိုပြီးအံ့သြဖွယ်ကောင်းစွာ မမဖုန်းကို လက်ခံလိုက်ရပါသည်။

"ချယ်ရီ . . . ဆောရီးပါ။ ခုနကအဖြစ်ကို အိပ်





မက်လို့ သဘောထားလိုက်ပါနော်။ ကိုယ် ရုတ်တရက် ဘာဖြစ်သွားမှန်းမသိဘူး။ အိပ်မက်တစ်ခု မက်လိုက်သလိုပါပဲ"

ဒါပဲပြောပြီး ဖုန်းပိတ်သွားလေသည်။

"ဟာကွာ . . . ဘာအရူးထတာလဲ။ အိပ်မက်မဟုတ်တာကြီးကို အိပ်မက်လို့ သဘောထားရမှာလား။ ဘာအိပ်မက်လဲ . . . ဘာအိပ်မက်လဲကွာ"

ပြောမရသောဖုန်းကို ကျွန်တော် တစ်ယောက်တည်း ရူးကြောင်ကြောင် အော်ပြောပြီး အိပ်ရာပေါ် လှမ်းပေါက်လိုက်လေ၏။ ကျွန်တော် ဘာဆက်လုပ်ရမှန်းမသိဘဲ အရှိန်ကြာအောင် ရပ်နေလိုက်မိသည်။

အကယ်၍ ကျွန်တော်သာ မထိန်းချုပ်နိုင်ရင် . . .

မမသာ ကျန်းမာရေးကောင်းရင် . . .

စောစောကသာ မမ ကျွန်တော့်ရင်ခွင်ထဲဝင်ပြီး ခံစားမသွားခဲ့ရင် ကျွန်တော် မမအခန်းနားသွားပြီး တစ်စုံတစ်ခုကို အော်ဟစ်မိမှာ သေချာပါသည်။ ထိုတစ်စုံတစ်ခုမှာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မြင့်မြတ်မယ် . . . အခုထွက်ခဲ့"

ဆိုသည့် လူမိုက်လေသံမျိုး ဖြစ်ချင်ဖြစ်မည်။

"ဘာအိပ်မက်လဲကွ။ မလိမ်နဲ့။ ခုချက်ချင်း နိုးဖြေမယ်"

ဆိုသည့်အဆင့်တန်းမရှိသော အရက်သမားတစ်ဦး၏ လေသံမျိုး ဖြစ်ချင်ဖြစ်မည်။

"မမကို ကျွန်တော်ချစ်တယ်။ လက်ထပ်မယ်။ ဘယ်သူ့ကိုမှ သောက်ဂရုမစိုက်ဘူး"

ဆိုသည့် ချစ်စိတ်ကြွနေသော လူငယ်လေးတစ်ယောက်၏ လေသံမျိုးဖြစ်ချင်ဖြစ်မည်။

"မမ ကျွန်တော်သေတော့မယ်။ ခဏလေး ထွက်ပေးပါ မမရယ်"

ဆိုသည့် စတိတ်ကျောင်းသားလေးတစ်ယောက်၏ လေသံမျိုးဖြစ်ချင်ဖြစ်မည်။

"ဒေါ်မြင့်မြတ်မယ် . . . ခဏထွက်ခဲ့ပါ။ ဒီကိစ္စကို အေးအေးဆေးဆေးဖြေရှင်းမယ်"





ဆိုသည့် တရားသူကြီးတစ်ဦး၏ လေသံမျိုးလည်း ဖြစ်ချင်ဖြစ်မည်။ ထိုငါးချက်ထဲက တစ်ခုတစ်ခုကိုတော့ မလွဲမသွေ လုပ်မိမှာဖြစ်၏။

သို့သော် တကယ်တမ်း ကျွန်တော် လုပ်လိုက်မိတာကတော့ ခြံထဲမှာ တစ်ညလုံးထိုင်ပြီး "မ" နှင့်ပတ်သက်သော သီချင်းပေါင်းများစွာကို သီဆိုနေလိုက်မှုပင် ဖြစ်လေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

နောက်နေ့မနက်မှာတော့ အဘနှင့်မမက ကျွန်တော့်ကို လုံးဝအသိမပေးဘဲ အစိမ်းလိုက်ဖြတ်တောက်ပြီး မိုးကုတ်သို့ထွက်သွားလေသည်။ ဖုန်းလည်း ခေါ်လို့မရ ဘာမှလည်းလုပ်လို့မရတော့ဘဲ ဒေါသတွေနှင့်သာ နေ့တွေ ည တွေကို ဖြတ်သန်းခဲ့ရ၏။

"ဘာကိစ္စ ငါ့ကိုပြောမသွားတာလဲ။ ဒီလောက် ရင်းနှီးနေတာတောင် ငါ့ကို ဘာမှတ်နေလဲ မသိဘူး။ နှင့်



ကို ဘာမှာသွားလဲ"

ကျွန်တော့်ထုံးစံအတိုင်း မမနှင့်မကြည်လျှင် ကျွန်တော်လုပ်နေကျဖြစ်သော ကောင်မလေးနှင့် ရန်ဖြစ်ခြင်း အလုပ်ကို ပြုလုပ်ပါသည်။

"ဘာမှမှာမသွားဘူး။ ကိုကြီးနဲ့နေတိုင်း အတူတူနေတာပဲ။ တစ်ပတ်ကြာမယ်လို့တော့ ပြောတယ်။ အဲဒီ တစ်ပတ်လုံးလာလည်းမမေးနဲ့၊ ဖုန်းလည်း မဆက်နဲ့။ သမီး ကိုကြီးနဲ့ ရန်မဖြစ်ချင်ဘူးနော်။ မမကို မနိုင်တိုင်း သမီးကို လာမရမ်းနဲ့"

"တောက်၊ . . . အေး . . . တစ်ပတ်ကြာလို့ ခေါ်မြင့်မြတ်မယ် ပြန်မလာရင်တော့ ငါ့အကြောင်းသိရမှာ ပေါ့။ သူ ပြန်ရောက်ရောက်ချင်း ပြောလိုက်စမ်း။ အသိ ပေးဘဲထွက်သွားတဲ့အတွက် အိမ်ထဲလာပြီး သောင်းကျန်း မြမယ်လို့။ ဘယ်သူမှ သောက်ဂရုမစိုက်တော့ဘူး။ အဘိုး ကြီးတွေ၊ အဘွားကြီးတွေလည်း ဆောရီးပဲ။ ငါ လုပ်ပြမယ်"

ဟု ကျွန်တော် ဟိန်းဟောက်ခြိမ်းခြောက်ပြီး ဖုံ

www.burmeseclassic.com



တစ်ပတ်လုံးလုံး အပြင်မှာ အချိန်ဖြုန်းပစ်လိုက်ပါသည်။

တစ်ပတ်လောက်ခွဲနေရတာကိုပဲ သေမလောက်ခံစားချက်ပြင်းပြီး နေထိုင်မတတ်ဖြစ်နေရင် တစ်သက်လုံးသာ ခွဲနေရမယ်ဆိုရင်တော့ . . . ကျွန်တော် ဘယ်လိုမှဆက်မတွေးရဲလောက်အောင် ကြောက်ရွံ့လှပါသည်။ အဲဒီလိုနှင့် တစ်ပတ်ပြည့်လို့ ကျွန်တော် ဖုန်းခေါ်ကြည့်လိုက်တော့ အဘာနှင့်ထိပ်တိုက်တွေ့လေ၏။

"ဟယ်လို . . . အဘ . . . သားပါ"

"ြော် . . . သားချယ်ရီ အိမ်လာခဲ့လေကွာ"

"အဘ ဘယ်တုန်းကပြန်ရောက်နေတာလဲ"

"ညက တော်တော်ညဥ့်နက်တယ် သားရဲ့"

"ဟုတ်လား။ မမကောပါရဲ့လား၊ ကျွန်တော့်ကို ဘာမှပြောမသွားတာ စိတ်မကောင်းဘူး အဘရာ"

"ဘာ . . . ဘယ်လိုပြောလိုက်တယ် သားချယ်ရီ၊ ဒါဆို မင်းအစ်မ လိမ်တာပဲ။ အဘ သားတို့ကိုလှမ်းပြောမယ်လုပ်တော့ မပြောနဲ့တဲ့။ သူ အားလုံးပြောပြီးပြီဆိုလို့ အဘ



လည်း မပြောတာပဲ။ ဘာကိစ္စမှမရှိဘဲ ထသွားတာကတော့ မင်းအစ်မ ရှူးတာပေါ့ကွာ။ ခရီးမထွက်ခင် သားကို အိမ်စောင့်ထားခဲ့တဲ့နေ့က အကောင်း။ အဘ ဒင်နာကပြန်လာမှ ဘာစိတ်ကူးပေါက်ပြီး မိုးကုတ်သွားချင်တယ် ဖြစ်လာရတာလဲ မသိဘူးကွ။ အဘလည်း သူ စိတ်ချမ်းသာရင် ပြီးရောဆို လိုက်ပို့လိုက်တာ။ သွားမယ်ဆိုလည်း အခုဆိုစုမှ ချက်ချင်းပဲကွ"

ကျွန်တော် သက်ပြင်းချလိုက်မိတော့သည်။

ရက်စက်လိုက်တာ မမရယ် . . .

ဒီလောက်တောင် ဟန်ဆောင်ကောင်းလောက်အောင် မမ အသည်းက ဘာသားနဲ့များထုဆစ်ထားလို့လဲ၊

တခြားအရာတွေဟာ ဟန်ဆောင်လို့ရပေမယ့် . .

"အချစ်"ဆိုတာကိုတော့ တစ်မိနစ် တစ်ဗွန့်လေးမှ ဟန်ဆောင်ပြီးမနေနိုင်ဘူးဆိုတာ မမ သိစေချင်ပါတယ်။

ကျွန်တော် စိတ်မကောင်းဖြစ်ပြီး ချက်ချင်းစကားပြန်နိုင်တော့ အဘက နှစ်သိမ့်စကားဆိုပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းမဖြစ်ပါနဲ့ သားရယ်၊ သားအစ်မရဲ့ စိတ်တွေ ခုတလော ဘာဖြစ်နေမှန်းကို မသိဘူး၊ အဘကို လည်း စကားကောင်းကောင်းမပြောဘူး၊ မေးလည်း မကြိုက်ပြန်တော့ သူ့ စိတ်ချမ်းသာသလိုပဲ လွှတ်ထားရ တယ်၊ အဘ သူ့ကိုပြောထားလိုက်မယ်၊ သား လာခဲ့လိုက်၊ အဘကတော့ သားတို့အိမ်ကို မလာမဖြစ်လာရမယ်ကွ၊ သားတို့အတွက် မိုးကုတ်လက်ဆောင်တွေ ပါလာတယ်၊ အဲဒါ အဘ လာပေးရမယ်"

"ဟုတ် . . . သား လာခဲ့ပါ့မယ်၊ မမနေကောင်း ရဲ့လား၊ မိုးကုတ်မှာ ဘာဖြစ်သေးလဲ"

"ဒီလိုပါပဲ သားရယ်၊ အဘတော့ အားမရပါဘူး"

ကျွန်တော် အချိန်မဆွဲတော့ဘဲ ဖုန်းပိတ်ပြီး ချက် ချင်းထွက်လာခဲ့စဉ် အဘလည်း လက်ဆောင်ပစ္စည်းထုပ် တွေကို ကားထဲထည့်ပြီး အပြင်ထွက်ဖို့ပြင်နေတာကို တွေ့ လိုက်ရပါသည်။

"အဘကတော့ သားအိမ်ကိုဝင်ပြီး တန်းထွက်





မယ်၊ မင်းမမရှိတယ်ကွ၊ အနားယူနေလားတော့ မသိဘူး၊ မယ်လေး ဘယ်လိုဖြစ်ပြီး ရန်ကုန်ရောက်မှ ဆိုးနေတယ် မသိဘူး သားရေ၊ သားကို ပြောမသွားတာကတော့ လွန် တယ်ကွာ၊ အဲဒါတော့ အဘ မကျေနပ်ဘူး၊ ပြန်လာမှ မေး ရမယ်"

အပြောနှင့်အတူ ကားထဲဝင်ပြီး မောင်းထွက်သွား စဉ် ကျွန်တော်ဧည့်ခန်းထဲကို ဝင်လာခဲ့လေသည်။

"မမ"

ဟု တစ်ချက်ခေါ်လိုက်တော့ ကောင်မလေးက ခပ်သွက်သွက်ထွက်လာ၏။

"မမကို ခေါ်ပေးစမ်း"

"မမစရီးပန်းလို့ ဝင်အိပ်နေပါတယ်"

"အိပ်အိပ် မအိပ်အိပ် ခေါ်ပေးစမ်း၊ အိပ်လည်း နိုးပေး"

"မမက အအိပ်နည်းလို့ပါ ကိုကြီးရဲ့၊ သူ အိပ်ဖို့ စိတ်ပါနေတုန်းမှာ ဘာကိစ္စပဲရှိရှိ သမီး နှိုးပေးခွင့်မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ အိပ်စမ်း။ ငါလည်း ဒီမှာ အိပ်စောင့်မယ်"

ဟုပြောပြီး မမထိုင်နကျနေရာမှာ အိပ်ပြလိုက်တော့ ကောင်မလေး ခေါင်းကုပ်၍အထဲဝင်သွားသည်။ ကျွန်တော်က အိပ်ပြရုံတင်မကဘဲ CD ခွေတွေကို ထဖွင့်ကာ "မ၊ မရှိနေ့ရက်များ" သီချင်းကို Repeat လုပ်ပြီး မီးကုန်ယမ်းကုန် ကျယ်ထားလိုက်၏။ ပြီးတော့ ထမင်းစားခန်းထဲသွားပြီး ကောင်မလေးကို ခေါ်နိုင်းရပြန်သည်။

"ဟော့ . . . မမကို ထပ်ခေါ်ပေး"

"သမီး စိတ်ညစ်တယ်၊ တစ်အိမ်လုံးလည်း ဆူညံနေတာပဲ၊ သူ အိပ်တုန်းလာနိုးရင် ဆူလိမ့်မယ် ကိုကြီးရဲ့"

"မဆူစေရဘူး။ ငါ့တာဝန်ထား။ သူ တကယ်အိပ်တာ မဟုတ်ဘူး။ အိပ်ချင်ယောင်ဆောင်နေတာ၊ ငါက ခေါ်နိုင်းတာလို့ပြောလိုက်"

ကျွန်တော့်အမိန့်ကြောင့် ကောင်မလေး နှုတ်ခမ်းဆူပြီး သွားခေါ်ပေးပြန်တော့လည်း "ခေါင်းမူးလို့ အပြင်မထွက်ချင်ဘူး" ဆိုသည့် အဖြေသာရရှိခဲ့ပါသည်။ ကျွန်တော် ပြုံးလိုက်၏။



လေပြည်သွေးလို့မှမရရင် မုန်တိုင်းထန်ရမည်။ အမိပ္ပာယ်မရှိဘဲ တကယ့်ဖြစ်ရပ်ကို အိပ်မက်လုပ်လိုက်ပါဟု လွယ်လွယ်ကူကူ လုပ်ကြံပြောသွားသော မမကို ဒီနေ့တရင်းအပြတ်ရှင်းပြီးမှ ဒီအိမ်ထဲကထွက်ပါမည်။ ငြိုဟ်မွှေချင်တိုင်းမွှေပြီးမှ ဒီအိမ်ထဲကထွက်ပါမည်။

"ခေါ်မြင့်မြတ်မယ်"

ကျွန်တော် အခန်းရှေ့သွားခေါ်လိုက်တော့ အထဲမှ "ဘယ်သူလဲ"ဆိုပြီး အသံတိုးတိုးလေးထွက်လာသည်။

"ချယ်ရီပဲ . . . ချယ်ရီ့ထက် ဘာအရေးကြီးသေးလဲ၊ ဒါ အိပ်မက်မဟုတ်ဘူးနော်။ နောက်တစ်ခါ ထပ်ပြောတယ်၊ ဒါ အိပ်မက်မဟုတ်ဘူး။ ချယ်ရီမောင်မောင်တကယ် ခေါ်နေတာ။ ထွက်ခဲ့စမ်းပါ"

"ကိုယ်ပင်ပန်းနေတယ် ချယ်ရီ၊ နောက်နေ့မှ တွေ့ကြစို့"



www.burmeseclassic.com

www.burmeseclassic.com



"မစောင့်နိုင်ဘူး မမ။ အဲဒီပင်ပန်းမှုကို ကျွန်တော် ကုစပေးမယ်။ တစ်ပတ်တိတိ ဟန်ဆောင်လိမ်ညာသွားတဲ့ ကိစ္စကို ရှင်းရမှ ကျွန်တော် ပြန်မယ်။ ကျွန်တော် ခေါ်နိုင်းတာ နှစ်ခါရှိပြီ။ ဒါနဲ့ဆို သုံးခါ၊ လေးခါမြောက်ခေါ်ဖို့ စိတ်ကူးမရှိဘူး။ ထွက်မတွေ့ရင် တံခါးကိုဖျက်ဆီးပြီး ဝင်ခဲ့မယ်။ ကျွန်တော့်စိတ်ကို မမ သိပြီးသားနော်"

မမထံမှ အသံတိတ်သွားလေသည်။

"မမ"

လုံးဝ မထူးပါ။

"မမ"

ကျွန်တော် အော်ပြီး တံခါးကိုဖြုန်းခနဲ ဆောင့်ကန်လိုက်မှ အသံထွက်လာသည်။

"ဘယ်လိုဖြစ်နေလဲ ချယ်ရီ၊ ကိုယ် နေမကောင်းဘူးလို့ ပြောနေတယ်၊ မြင့်မြတ်မယ်က အရုပ်မဟုတ်ဘူးကွ။ မင်းနဲ့ပေါင်းမှ အရုပ်ဖြစ်နေတယ်။ နေရာတိုင်းမှာ မင်းအမိန့်တွေချည်းပဲ။ ကိုယ်က မင်းထက် အသက်အများကြီး





ကြီးတယ်ဆိုတာ မင်းခေါင်းထဲမှာ ထည့်ထားစမ်း"

"ဘာလဲ . . . မမက အားလုံးကို ဟန်ဆောင်မရတော့ အသက်နဲ့ကိုင်ပေါက်ပြီး ဟန်ဆောင်ဦးမယ်ပေါ့"

"မင်း၊ စိတ်လျှော့ဖို့ပြောနေတာ။ မင်း ကိုယ့်ကို လူကြီးတစ်ယောက်အနေနဲ့ လေးစားဖို့ပြောနေတာ၊ ငဲ့ညှာဖို့ပြောနေတာ။ သိလား ချယ်ရီမောင်မောင်"

"သွားစမ်းပါ။ ဟာသတွေလာပြောမနေနဲ့။ ကျွန်တော် အော်ရယ်မိအောင် အခန်းထဲက စွတ်ပြောမနေနဲ့ မမရဲ့၊ အထင်ကြီးလို့၊ လေးစားလွန်းလို့၊ ငဲ့ညှာလွန်းလို့၊ အလျှော့ပေးလွန်းလို့ ဒီအချိန်ထိရောက်နေတာဗျ။ ကျွန်တော် မမကို ဆက်ဆံတာ လုံးဝအမှန်အကန်တွေပဲ၊ မမကသာ ဟန်ဆောင်မျက်နှာဖုံးကြီးနဲ့ လုပ်ကြံနေတာ။ ရက်ရက်စက်စက်နေနိုင်တာ"

" . . . "

"လက်ထဲမှာ မိမိရရ ဖမ်းဆုပ်ပြနိုင်တာတောင် အိပ်မက်တစ်ခုပါလို့ လိမ်တာကို ကျွန်တော်က ယုံပြီး



www.burmeseclassic.com

www.burmeseclassic.com



အလျှော့ပေးရဦးမှာတဲ့လား။ စဉ်းစားပါဦး ဒေါ်မြင့်မြတ်မယ်။ တရားမျှတမှုရှိရဲ့လားဆိုတာ။ ဒီထက်တော့ အလျှော့မပေးနိုင်တော့ဘူး။ မမ အခန်းရှေ့မှာပဲ သေပြလိုက်တော့မယ်"

"ကောင်းပြီ။ ဒါဆို ကိုယ်တစ်ခုမေးမယ်။ ကိုယ့်အပြင်ကိုထွက်ပေးရင် မင်းက ဘာတွေပြောမှာလဲ"

"လပြည့်ညကိစ္စ"

"ဒါပဲလား။ နောက်ကော"

"အဲဒါ အဓိကပဲ။ အဲဒါ ရှင်းပြီးမှ တစ်ပတ်တိတိ မပြောဘဲနဲ့ သွားတဲ့ကိစ္စ"

"အိုခေ . . . ဒါတွေပြောမှာကို ကိုယ် သိနေတယ်။ လပြည့်ညကိစ္စကိုသာ မင်းပြောမယ်ဆိုရင် ဘယ်တော့မှ ထွက်တွေ့မှာ မဟုတ်ဘူး။ တကယ့်အဖြစ်ပေမယ့် အိပ်မက်လိုသဘောထားလိုက်ပြီးသား။ မေ့ထားပြီးသား။ လရောင်ရဲ့ ဖမ်းစားမှုကြောင့် Accident ဖြစ်သွားတဲ့ကိစ္စပဲ။ ဒီတော့ ကိုယ့်မျက်နှာကို မြင်ချင်ရင် မင်း ကတိပေးရမယ်။ လပြည့်ညကိစ္စကို တစ်ခွန်းမှမပြောဘူးဆိုမှ ကိုယ် ထွက်တွေ့မယ်"





"ပြောမယ်ဆိုရင်ကော"

"မင်း ပြောဖြစ်အောင်ပြောမယ်ဆိုရင် ကိုယ့်တကယ်ဖြစ်သွားနိုင်တဲ့ Shock တစ်ခုရှိတယ်။ ပထမက မင်းပါးကိုရိုက်လိုက်မှ ဖြစ်ချင်ဖြစ်မယ်၊ ဒုတိယက ကိုယ် နင့်နင့်သီးသီး ငိုကြွေးလိုက်မှဖြစ်ချင်ဖြစ်မယ်၊ တတိယက ကိုယ်သေသွားနိုင်မှ ဖြစ်ချင်ဖြစ်မယ်။ အဲဒီသုံးမျိုးထဲက တစ်ခုခုတော့ သေချာပေါက်ဖြစ်လိမ့်မယ် ချယ်ရီ။ မင်း ယုံပါ"

သွားပြီ။ ကျွန်တော့်ရင်ထဲ နင့်ခနဲခံစားလိုက်ရပြီး ထဲခါးကို နဖူးနှင့်အပ်ထားလိုက်မိသည်။ ခန္ဓာကိုယ်ထဲရှိ သွေးတွေ တဖြည်းဖြည်း အေးစက်လာသလို ထင်လိုက်ရ၏။

မမ၏စကားများသည် လူဆိုးကလေးတစ်ယောက်၏ စရိုက်ကို တစ်မဟုတ်ချင်း ဖျက်ဆီးရိုက်ချိုးပြီး လူလိမ္မာလေးတစ်ဦးအသွင် တည်တံ့သွားအောင် ဖန်တီးပေးသလို ဖြစ်သွားပါသည်။

ကျွန်တော့်သွေးတွေကို အေးစက်သွားစေသော



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်အမိကအချက်မှာ ကျွန်တော် တစ်ပတ်တိတိ အသေအလဲ စံစားခဲ့ရသည့် ဝေဒနာများကို မမ၏ကျန်းမာရေးက အနိုင်ယူ ပိုင်းဖြတ်သွားခြင်းပဲ ဖြစ်ပါသည်။

"ကတိပေးလေ ချယ်ရီ၊ ကိုယ်ပြောတဲ့သုံးမျိုးလုံး ဘာကောင်းသေးလဲကွယ်။ မင်းနဲ့ကိုယ့်ကြားမှာ ဒါမျိုး ဖြစ်သင့်သလား။ လုံးဝမဖြစ်စေရဘူး။ မင်း ဆင်ခြင်ရလိမ့်မယ်။ အဲဒီသုံးမျိုးထဲက တစ်ခုခုမဖြစ်ဖို့အတွက် ထိန်းပေးရမှာက မင်းပဲ"

ကျွန်တော် တံခါးကို နမူးနှင့်ထပ်တိုက်လိုက်မိသည်။

ဘယ်လောက် အထိန်းအကွပ်ကောင်းတဲ့ မမလဲ။

ဘယ်လောက် အမှည့်ခြွေ ခြွေတတ်တဲ့ မမလဲဆိုတာ . . .

မမလိုချင်သောကတိကို ကျွန်တော် သွက်လက်ဖျတ်လတ်စွာ မပေးနိုင်တော့ပါ။ နံရံခြားပြီး နစ်ယောက်သား တိတ်ဆိတ်သွားသည်။ ကျွန်တော် မပြောဖြစ်အောင်





ကျွန်တော့်ပါးစပ်ကို ဘယ်လိုနည်း ချုပ်ပစ်ရမှာလဲ မမရဲ့။

ရင်ထဲမှာ အခါခါမြည်တမ်းမိသလို အခါခါကြိတ်မှိုက်နေမိပါသည်။ ကျွန်တော် မမရင်ထဲကို မြင်အောင် ကြိုးစားလေ မမရောဂါက ရှေ့က ကွယ်ပြလေဖြစ်နေပါသည်။

ကျွန်တော် မမအချစ်ကို ရအောင်ကြိုးစားလေ မမရောဂါက ကျွန်တော့်ကို လိုက်သတ်လေဖြစ်နေပါသည်။

သို့သော် . . . ကျွန်တော် နောက်ဆုံးအနေနှင့် သည်းခံလိုက်ပါမည်။ လောလောဆယ် မမျက်နှာကို မြင်ရမှ ကျွန်တော် နေပျော်မှာမဟုတ်လား။

"ကျွန်တော် ကတိပေးပါမယ် မမရယ်၊ မမမျက်နှာလေးကို မြင်ရရင် ကျွန်တော် ကျေနပ်ပါပြီ"

ကြည့်စမ်း . . .

အချစ်မှိုင်းမိတယ်ဆိုတာ ဒါပဲ . . .

အချစ်ရဲ့ကျေးကျွန်ဆိုတာ ဒါပဲ . . .

အချစ်အတွက် ငမိုက်သားဘွဲ့ကိုခံယူတာ ဒါပဲ . .

ကျွန်တော်၏ ကြေမွအက်ကွဲသော ဂဏန်းသံ



www.burmeseclassic.com

www.burmeseclassic.com



အဆုံးမှာ မမက အခန်းတံခါးကို ဖြည်းဖြည်းဖွင့်ပြီး ထွက်လာပါသည်။ ရင်ထဲမှာ နွေးထွေးရှိန်းမြသွားလေ၏။ မမ မျက်လုံးလေးတွေ အရည်လဲ့နေ၏။ တစ်ပတ်တိတိ မမြင်ရသောမျက်နှာလေးက အနည်းငယ် ဖြေလျော့နေသည်ဟု ကျွန်တော် ထင်၏။

မမက ကတိမတောင်းရင့်တောင် မမျက်နှာလေးကို မြင်ရရုံနှင့် ကျွန်တော် သနားစိတ်ဝင်သွားပြီး အနိုင်ယူ အကျပ်ကိုင်မှုတွေ ပြုလုပ်မိလိမ့်မည် မထင်တော့ပါ။ ဖြန်းခနဲဆွဲဖက်ထားလိုက်ချင်သည့် စိတ်ကို နှုတ်ခမ်းနှစ်လွှာ ဖိကပ်ရင်း ထိန်းချုပ်ထားလိုက်ရပါသည်။

ကျွန်တော် မျက်ရည်လည်မိရင် မမ ရှိုက်ငင်ငိုကြွေးသွားလေမလား . . . ၊ ကျွန်တော် မမခါးကိုဖက်ပြီး ရင်ခွင်ထဲ ခေါင်းထိုးအပ်လိုက်မိရင် မမနှလုံးသွေး ရပ်တန့်သွားလေမလား . . . ဘုရား . . . ဘုရား . . .

ကျွန်တော် ထိန်းချုပ်နိုင်မှဖြစ်မည်။

ကျွန်တော် မျက်ရည်မလည်မှ ဖြစ်မည်။



သို့သော် . . . ကျွန်တော် လွမ်းတမ်းတမှုများစွာဖြင့် မထိန်းဘဲလုပ်လိုက်မိတာတစ်ခုကတော့ မမ၏လက်ကလေးနှစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ပြီး . . .

“လွမ်းလိုက်တာ မမရယ်”

ဟု ခပ်တိုးတိုး မြည်တမ်းလိုက်မှုပင်ဖြစ်၏။

ထိုအခါ မမ၏မျက်နှာလေးသည် ကျွန်တော် တစ်ခါမှမမြင်ဖူးသော၊ အဓိပ္ပာယ်အများကြီးဖော်လို့ရသော မျက်နှာမျိုးဖြင့် ပြုံးကြည့်နေလေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

အချစ်သည် အလွန်ကြောက်စရာကောင်းပါသည်။ ဖွင့်ပြောဖို့ ကြိုတင်ကြံစည်ပြီး စကားလုံးတွေကို အလွတ်ကျက်ထားလျှင် မမကို သနားရတာနှင့် ဖွင့်ပြောမိမှာမဟုတ်။ ကြိုတင်ကြံစည်မှုမရှိကာမှ အခွင့်သာပြီး သူ့အလိုလို ပွင့်ထွက်သွားသည့်အဖြစ်မျိုးကိုတော့ သိပ်မကြာခင်မှာပဲ ကျွန်တော် ကြုံတွေ့ခဲ့ရပါ၏။

အဖြစ်အပျက်ကတော့ ဖေဖေ စိတ်ကြိုက်ဝယ်



ထားသည့် မော်ဘီခြံကို သွားလည်ရာမှ စတင်ပါသည်။

ထိုခြံမှ တော်တော်ကျယ်ဝန်းသလို၊ အိမ်ကလည်း အဆင့်အတန်းမြင့်ပြီး နေရာရော၊ လမ်းပါ ကောင်းနေတာမို့ မိသားစု အချိန်မရွေးသွားနေလို့ရအောင်ဆိုပြီး ဖေဖေက စီစဉ်ထားခဲ့တာဖြစ်သည်။ ပြီးတော့ ဆွေမျိုးတစ်သိုက် ဘယ်အချိန်ပဲထသွားသွား လက်ရှိနေအိမ်လို ပစ္စည်းအစုံအလင်နှင့် အဆင်သင့်နေထိုင်လို့ရသော အနေအထားမျိုးလည်း ဖြစ်ပါသည်။

ထိုအိမ်မှာ မမနှင့်ကျွန်တော် ထမင်းအတူတူစားကြမှာဖြစ်ပြီး စားမယ့်ထမင်းဟင်းကလည်း ကျွန်တော်ကိုယ်တိုင်ချက်ပြုတ်မှာဖြစ်၏။

အမုန်း၏နောက်မှာ အချစ်
အချစ်၏နောက်မှာ အမုန်း
ရယ်ခြင်း၏နောက်မှာ မောခြင်း
မောခြင်း၏နောက်မှာ ငိုခြင်း
ငိုခြင်း၏နောက်မှာ ပျော်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ပျော်ခြင်း၏နောက်မှာ ပူဆွေးသောကရောက်ခြင်း ထိုဖြစ်ပျက်သဘောတရားကို ကျွန်တော် လူကြီးတစ်ယောက်လို ဝိပဿနာအတွေးဖြင့် တွေးတတ်လျှင် . . ဆိုသည့် အသိတရားက လက်လွန်ပြီးမှ ကျွန်တော့်ခေါင်းထဲ ခုန်ပေါက်ဝင်ရောက်လာလေသည်။

သို့သော် . . . ကျွန်တော့်လုပ်ရပ်ကို ကျွန်တော် နောင်တရလို့ မဆုံးနိုင်သလို၊ ထိုလုပ်ရပ်ကိုပင် ကျေနပ်ရတော့မလို ဖြစ်ရပြန်သည်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် မော်ဘီကိုထွက်လာခဲ့လို့သာ ကျွန်တော်ဖတ်နေသော ဝတ္ထုလေးက ပိုဖတ်လို့ကောင်းလာခြင်းဖြစ်၏။

ချက်ပြုတ်စရာတွေကို မေမေ့ဆီမှ ဆွဲချင်တာဆွဲ၊ နိုးချင်တာခိုးလာသလို၊ ဒီရောက်မှ ဝယ်ချင်တာတွေလည်း သွားဝယ်ပြီး စားဖိုမှူးဒီဇိုင်းအပြည့်ဖြင့် စီစဉ်ချက်ပြုတ်နေသော ကျွန်တော်သည် မမကို ကိုယ်တိုင် ချက်ကျွေးရတော့မည့် စံစားချက်ကြောင့် တက်ကြွလန်းဆန်းပြီး လေချွန်သံမပြတ်ဘဲ မြူးတူးလျက်ရှိလေသည်။





ဖေဖေသာမြင်ရင် "မင်းလို မလောက်လေး ခလောက်စားက မိန်းမကို ထမင်းချက်ကျွေးပြီး ပိုးရသလားကွ" ဟု ပြောပြီး ဟားတိုက်ရယ်မှာဖြစ်သလို မေမေသာ မြင်ရင် ရင်ဘတ်စည်တီးမှာဖြစ်ပြီး . . .

ဘွားဘွားသာမြင်ရင်တော့ "ကိုရီးယားထမင်းဝိုင်းလိုတော့ စားကောင်းမှာမဟုတ်ဘူး" ဟုပြောကာ ကျွန်တော် မျက်နှာမထားတတ်အောင် လှောင်ပြောင် သရော်နေမှာဖြစ်သည်။

"ထမင်းဟင်းချက်နေတဲ့ပုံစံကြီးကလည်း ကိုယ့်မျက်စိထဲမှာ ကြည့်လို့ကို မရဘူး။ ချက်ကောချက်တတ်လို့လား။ နဂိုကမှ ထမင်းအစားနည်းတဲ့ ကိုယ့်ကို လုံးဝ စားချင်စိတ်မရှိအောင် အတတ်မဆန်းလိုက်နဲ့နော်"

ကျွန်တော် ပြုံးလိုက်မိ၏။

မမကို ကျွန်တော် ချက်ပြုတ်နေစဉ်အတွင်း အဲဒီလို အဘွားကြီးတစ်ယောက်လို ပြောမှာစိုးလို့ Country Song တစ်ခွေကို ဖွင့်ပေးပြီး ငြိမ်ငြိမ်ကလေးထိုင်ကြည့်ဖို့

www.burmeseclassic.com



မှာထားပေမယ့် မမက ကျွန်တော့်စကားကို အလွန်နားထောင်စွာ ငြိမ်ငြိမ်ကလေးထိုင်ကြည့်ခြင်းကို မပြုလုပ်ဘဲ လက်ကလေးနှစ်ဖက်နောက်ယှက်ပြီး တကောက်ကောက်နှင့် ဗျစ်တောက်ဗျစ်တောက်အလုပ်ကိုသာ လိုက်လုပ်နေပါသည်။

"ဆံပင်ကို တိုတိုလေးထားပါဆို မထားဘူး။ ဘောင်းဘီတိုတွေကို မဝတ်ပါနဲ့ဆို ဗိုဝတ်ပြတယ်။ ကျွန်မကတော့ ရှင့်စကားနားထောင်လိုက်ရတာ။ ရှင်ကတော့ ကျွန်မစကားကို နည်းနည်းလေးမှ နားမထောင်ဘူး။ Rocker မကျ Rapper မကျနဲ့။ ကြည့်ကိုမရဘူး"

ကျွန်တော် ပြုံးမြဲပြုံးနေပါသည်။

"ဟင်းကလည်း နှစ်မျိုးလောက်ဆို တော်ရောပေါ့။ နှစ်ယောက်တည်းစားမှာကို ဘယ်နှမျိုးချက်နေလဲ။ တစ်ခါမှ မချက်ဘူးဘဲနဲ့ အဲလောက်အများကြီးချက်နေရင် သွန်ပစ်ရမှာ နမြောစရာ။ လုပ်နေတဲ့ပုံစံကတော့ အချက်အပြုတ်သင်တန်းကျောင်းက နည်းပြတွေလိုပဲ။ ဒီဖိုင်းအပြည့်နဲ့။ ဘာ





မိုက်သလဲ မမေးနဲ့။

အဲဒါတွေကကော ဘာလုပ်မှာလဲ။ ကြော်မှာလား။ ချက်မှာလား။ စားလို့ကော ကောင်းပါ့မလား။ ဘုရား . . . ဘုရား"

ကျွန်တော် သည်းမခံနိုင်တော့ဘဲ လေချွန်မှုကို ရပ်ပြီး မမျက်နှာကို လှည့်ကြည့်လိုက်သည်။ ပန်းနုရောင်ပါတိတ်ဝမ်းဆက်၊ ပန်းနုရောင်နှုတ်ခမ်းဆိုးဆေးနှင့် စိန်တွေလက်ပြီး လှချင်တိုင်းလှနေသော မမပုံစံလေးကြောင့် ပြောချင်တာ စွတ်ပြောဖို့ စကားတွေ ပျောက်သွားပြီး မရှုံ့မချည်မျက်နှာလေးကို အကြင်နာပေးချင်စိတ်သာ ပေါက်သွားပါတော့သည်။

"ဘာကြည့်တာလဲ။ လုပ်စရာရှိတာ ပြီးအောင်မြန်မြန်လုပ်။ ဘာပုံစံဖြစ်နေမှန်းကို မသိဘူး။ မင်း ထမင်းဟင်းချက်တာက အနားမှာ တိုလီမုတ်စ ဖြုတ်စဗျင်းတောင်းတွေ ပြည့်နေတာပဲ။ တော်တော်ကို ရှင်းယူရမယ်။ အဲလောက်အများကြီးချက်နေပုံနဲ့ ဒီနေ့ ကိုယ် ထမင်းအငှါ



www.burmeseclassic.com

www.burmeseclassic.com



မီ စားရပါ့မလား။ ဆယ့်တစ်နာရီလေးဆယ့်ငါးမိနစ်ဟာ ကိုယ့်ရဲ့ ထမင်းစားချိန်ပဲ၊ အဲဒီထက်ကျော်သွားရင် အစာလွန်ပြီး စားလို့ရမှာမဟုတ်တော့ဘူး"

ခက်ပြီ၊ ကျွန်တော် ဘာမှမပြောတော့ဘဲ အသားနယ်ထားသောလက်ကြီးဖြင့် မမမျက်နှာရှေ့ခုထောင်ကပ်ပြီး ပွတ်သလို ဝိုက်ပြလိုက်ကာမှ မမရယ်၍ နှာခေါင်းရှုံ့ပြလေ၏။ ကျွန်တော် ပိုအသည်းယားသွားသည်။

"ဘယ်လိုဖြစ်နေလဲ မမ၊ ချက်လည်းကျွေးရဦးမယ်။ စနစ်ကြီးတွေနဲ့ အမိန့်ထုတ်နေပြန်ပြီ။ အချိန်ကျလို့ မစားရရင် ကျွန်တော့်ကြောင့်မဟုတ်ဘူး၊ မမကြောင့်ပဲ။ ကျွေးရူးပြုပြီး နာရီဝက်လောက် ပါးစပ်ပိတ်ပေးစမ်းပါ။ မမမို့လို့ သည်းခံနေတာနော်၊ ကျွန်တော် အလုပ်ထဲကို စိတ်ဝင်စားနေရင် ဘာကိုမှလှည့်ကြည့်တတ်တဲ့ကောင် မဟုတ်ဘူး"

"အောင်မာ . . . မကြည့်နေပေါ့"

"ချက်နေတဲ့သူ အမောပြေအောင်၊ စိတ်ချမ်းသာအောင် မပြောချင်ဘူး။ မချက်တတ်ရင် အစကတည်းက မမကို ခေါ်မလာဘူးဗျ သိလား။ လူပုံစံကိုကြည့်ပြီး ဘာမှမလုပ်တတ်ဘူးမထင်နဲ့။ ချက်တတ်လွန်းလို့ ချက်နည်းပြုတ်နည်း သင်တန်းတောင်ဖွင့်လိုက်ဦးမယ်၊ အချက်အပြုတ်စာအုပ်တောင် ထုတ်လိုက်ဦးမယ်"



" . . . "

"မစားရသေးဘဲနဲ့ မပြောနဲ့၊ စားပြီးမှ တစ်သက်လုံးချက်ကျွေးနိုင်းချင်စိတ် ပေါက်သွားမယ်။ ကဲ . . . ဒီအချိန်ပြီး မမပါးစပ်ကို ပိတ်ထားပါ၊ အသံထွက်လာရင် ကျွန်တော့်စိတ်ကို တာဝန်မယူဘူး။ လုပ်ချင်တာ လုပ်မိလိမ့်မယ်"

ဟု ကျွန်တော် မမထက်ပိုအော်ပြောပြီး အသားတွေကို ပြန်ကိုင်လိုက်မှ မမက ပိုဆိုးလေသတည်း။

"အောင်မယ်လေး . . . ကြီးကြီးကျယ်ကျယ် သူချက်ကျွေးတာလေး တစ်ခါတလေစားမယ် ကြံပါသေးတယ် မြိန်းခြောက်လို့မပြီးဘူး။ အမြဲတမ်းသာစားရမယ်ဆိုရင်တော့

www.burmeseclassic.com

www.burmeseclassic.com



ထမင်းတစ်လုတ် တုတ်တစ်ချက် အထိခံရမယ့် အခြေ အနေပဲ"

ကျွန်တော် ရယ်ချင်စိတ်ကို ထိန်းလိုက်ရပါသည်။

"ဟုတ်တယ် မမ၊ အဲဒါ သေချာတယ်။ ထမင်း တစ်လုတ် တုတ်တစ်ချက်ဆိုတာက မမ အစားနည်းလို့ များများစားအောင် ရိုက်ကျွေးမှာ၊ တချို့ကလေးတွေလိုပေါ့။ မစားဘူးလား စားမလားဆိုပြီး အနားမှာ တုတ်ချထားရမယ်။ တစ်ဇွန်းခွံ့လိုက်၊ ထွေးပစ်လိုက်၊ ရိုက်လိုက်၊ နောက်တစ် ဇွန်းခွံ့လိုက်၊ ထွေးလိုက်၊ ရိုက်လိုက်၊ အဲဒီကလေးတွေလို လုပ်ရမယ်"

"အေး . . . မင်းမိန်းမရမှ မင်းမိန်းမကို အဲဒီလို ကျွေး၊ ရည်းစားတွေ ဘာတွေရနေပြီဆိုလည်း မင်းမိဘကို နောက်မှပြ၊ ကိုယ်နဲ့အရင်တွေ့ပေး။ မင်း အဲဒီလိုရိုက်ကျွေး တာကို ငြိမ်စားနိုင်မယ့် မိန်းကလေးဖြစ်သလားဆိုတာ ကိုယ် စစ်ရမယ်။ ကိုယ်သဘောကျမှ မင်း လက်ထပ်ရ မယ်"



"ဟာကွာ . . . ပါးစပ်ပိတ်ထားပါလို့ တောင်းပန် နေတယ်။ ဒီလောက်တောင် စကားများတာ။ ကျွန်တော် ပိတ်ပစ်လိုက်ရမလား"

"အံမယ် . . . ကိုယ့်ပါးစပ် ကိုယ်ပိတ်မှ ဖြစ်မှာ ပေါ့၊ ဘယ်သူပိတ်လို့ရမလဲ"

သေလိုက်ပါတော့ . . .

ရတယ် . . . ဒေါ်မြင့်မြတ်မယ် . . . ရတယ် . .

ပါးစပ်ကို ပါးစပ်နဲ့ ပိတ်ပစ်မှာ . . .

ကျွန်တော့်နှုတ်ခမ်းတွေနဲ့ ပိတ်ပစ်လိုက်မှာ . . .

ဒီလောက်တောင် ချာရသလား မမရယ်။

ပွင့်လင်းရမယ့်နေရာကျ သေလောက်အောင် မျို သိပ်နေပြီးတော့ . . .

ဟန်ဆောင်ရမယ့်နေရာက ပွင့်လင်းပြနေလိုက် တာ . . .

မိန်းမတွေ ဒီလောက်တောင် အရိပ်အကဲ မသိ တတ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



"အ"ရမယ့်နေရာမျိုးကျလည်း "လည်"၊ "လည်" ရမယ့်နေရာမျိုးကျ "အ" . . .

ဒီနေရာမှာ ကျွန်တော်မို့လို့သာပေါ့။ တခြားယောကျ်ားတစ်ယောက်သာဆို ကျွန်တော့်စိတ်ကူးလို ပိတ်ပစ်လိုက်ရင် ဘာတွေဖြစ်ကုန်မလဲ၊ သေပေါ့မှာပဲ။

ကျွန်တော် ဖြန်းခနဲ မမရှေ့မှ ရှောင်ထွက်ကာ ရွှင်းဂဲန်ဘူး၊ ကော်ဖီရောကာလက်ဘူးနှင့် Light Food တွေ ထည့်ထားသော ခြင်းကို လက်တစ်ဖက်နှင့်ဆွဲပြီး မမရှေ့ ချပေးလိုက်သည်။

"ရော . . . အဲဒါတွေနဲ့ မမပါးစပ်ကို ပိတ်ထား"

"အိုး! ကြည့်စမ်း . . . ကိုယ့်အကြိုက်တွေပဲ။ ဒါတွေ ဝါးမှငြိမ်သွားမယ်လို့ မင်း ထင်နေတယ်ပေါ့လေ။ အိုခေ . . . အိုခေ . . . တစ်မျိုးမဟုတ်ဘူး။ အကုန်လုံး အလှည့်ကျဝါးပြီး အရသာတွေကို တစ်ခုချင်း ဝေဖန်ပြမယ်"

ကျွန်တော် မမကို လက်မြှောက်ပြလိုက်ရပါတော့သည်။





အဲဒါကျတော့ မမက နားလည်၏။

သဘောကျစွာ ရယ်နေလေ၏။

ကျွန်တော့်ပါးစပ်ထဲကိုလည်း ရွှင်းဂဲန်လေးထည့်ပေး၏။

ကျွန်တော်ကလည်း အဲဒီအပြုအမူတွေကြောင့် မိုက်ရူးရဲဆန်သူဖြစ်နေရ၏။

မမကိုလက်ထပ်ရင် ထိုအိမ်ထောင်ရေးမှာ အမြဲပျော်ရွှင်ရပြီး တစ်နေ့ထက်တစ်နေ့ ပိုချစ်စရာကောင်းလာနိုင်သလို . . . ၊ အဘိုးကြီး၊ အဘွားကြီးအရွယ်ရောက်ရင်တော့ အမြဲဘုဘောက်ကျရပြီး တစ်နေ့ထက်တစ်နေ့ မြည်တွန်တောက်တီးမှုတွေကို ကျွန်တော် နားပူခံရင်း သည်းခံပေါင်းရမည့်အိမ်ထောင်ရေးပဲ ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## မိန်းမပီသသည့်အရည်အချင်းများ

၁။ အိမ်တွင်းမှုအားလုံး တတ်ကျွမ်းရမည်။

၂။ အာလာပ သလ္လာပ အပြောကောင်းရမည်။

၃။ စပ်စုတတ်ရမည်။

၄။ အိမ်လည်ပြီး (သို့မဟုတ်) အိမ်ခေါ်ပြီး အတင်းအဖျင်းပြောတတ်ရမည်။

၅။ အမှုပေါက်စများတတ်ရမည်။

၆။ စိတ်အလိုမကျတိုင်း ဗျစ်တောက်ဗျစ်တောက်ပြောတတ်ရမည်။

၇။ နှုတ်သီးကောင်း လျှာပါးနှင့် ရန်ထောင်ကောင်းရမည်။

၈။ ငွေရှိလျှင် မရှိသလိုနေပြီး ငွေမရှိလျှင် ရှိသလိုနေတတ်ရမည်။

၉။ ယောက်ျားအပေါ် နမြောတွန့်တိုတတ်သူဖြစ်ရမည်။





၁၀။ ဘုရားသွားကျောင်းတက်ရင်း သားရေး သမီးရေး ဆွေးနွေးပြီး စေ့စပ်ပေးစားတာမျိုးတွေလုပ်နိုင်ရမှာဖြစ်သလို ဘုရား၊ တရားနှင့် ဆန့်ကျင်ဘက်ဖြစ်သည့်အကြောင်းတွေကိုလည်း ဝိုင်းဖွဲ့ပြောတတ်ရပါမည်။

ဒေါ်မြင့်မြတ်မယ်က ထိုအချက်အားလုံးကို ရာနှုန်းပြည့်မဟုတ်တောင် ရှစ်ဆယ်ရာနှုန်းလောက်တော့ ပိုင်နိုင်တတ်ကျွမ်းထားသော အလွန်မိန်းမပီသသည့် အမျိုးသမီးတစ်ဦးတည်း။

× × ×



www.burmeseclassic.com

www.burmeseclassic.com



၁၂

"ကဲ . . . မမ . . . ထမင်းကို နည်းနည်းလေး

စား။ ဟင်းတွေပဲ များများထည့်စား"

ကျွန်တော် ရျက်ပြီး ပန်းကန်တွေထဲ အစီအ

ထည့်ပြင်ပေးလိုက်သောဟင်းများမှာ ဝက်သားနှင့် ကြက်ဥ

ရောချက်ထားသောတရုတ်ဟင်း၊ ဝက်ပေါင်ခြောက်အကြွ

ကြော်၊ ဘဲသားဆီပြန်နှပ်၊ ငါးထည့်ချက်ထားသော ကိုရီ

ယားပဲပြားချဉ်ဝပ်၊ ကင်မ်ချီ၊ ပုဇွန်မီးကင်သုပ် စသဖြ





ခြောက်မျိုးဖြစ်ပြီး ဖေဖေ့ဆီက စိုးလာသော ငါးခူကြော်နှင့်

ငါးပိထောင်းစပ်စပ်ကလေးပါ ထည့်ပေးလိုက်သည်။

"ကြည့်စမ်းပါဦး။ ဟင်းတွေက မြင်လိုက်တာနဲ့

ဗိုက်တောင် အလိုလိုပြည့်သွားသလိုပဲ။ တရုတ်ဟင်းရော၊

ကိုရီးယားဟင်းရော၊ မြန်မာဟင်းရောပဲ။ ဘာဖြစ်လို့ အများ

ကြီးလုပ်ရတာလဲ ချယ်ရီရယ်။ ကိုယ့်မောင်လေးက ဟင်း

ချက်တော့ ကောင်းပါတယ်။ ဒါပေမဲ့ မင်းဟင်းတွေက ဘာ

တစ်ခုမှ အဆက်အစပ်မရှိဘူး။ ဘယ်ဟင်းကို ဘယ်လို

အရည်သောက်မျိုး၊ ဘယ်လိုအစပ်မျိုးနဲ့ လိုက်မယ်ဆိုတာ

မတွဲတတ်သေးဘူး"

လုပ်ပြီ . . . အားရှိစရာ။

မိုးစန္ဒာထွန်းက ကလေးဆန်လွန်းသူကိုမှ ချစ်မိ

နေပါသတဲ့ . . .

ကျွန်တော်ကတော့ သတင်းစာဝေဖန်ရေးသမား

ကိုမှ ချစ်မိနေသလိုပင် . . .

ဒါပေမဲ့ ဝန်ခံရပါမည်။ မေမေ ထမင်းဟင်းချက်နေ

www.burmeseclassic.com



တာကို ယောင်လို့တောင် အနားသွားမကပ်ဘူးဘဲ ထမင်း ဟင်းဆိုတာကို စားပွဲပေါ်ကရတာဟုပဲ ခုချိန်ထိ ကျွန်တော် ထင်နေတုန်း ဖြစ်သည်။ New Yearညတွေမှာ သူငယ်ချင်း တွေစုပြီး ကြက်ကာလသားဟင်းကို အတတ်ဆန်းကြပြန် တော့လည်း ကျွန်တော်က ဘေးက ထိုင်မြည်းသူသာ ဖြစ် ၏။

ခုတော့ မမကို ချက်ကျွေးချင်စိတ်ပေါက်တာနဲ့ စာအုပ်ကြည့်ချက်ပြီး ဒီလောက်ထွက်လာတာကိုပဲ ကျွန် တော့်ကိုယ် ကျွန်တော်ပဲ ကျေးဇူးပြန်တင်ရဦးမည် ဖြစ် သည်။

စားပြီးကြသောအခါ ကျွန်တော်က လိမ္မော်သီးနှင့် သံပုရာသီးကို hand made လုပ်ပြီး သောက်ဖို့စီစဉ်ပြန်၏

"ဖျော်ရည်သောက်မယ်နော် မမ"

"မသောက်ချင်တော့ဘူး ချယ်ရီ။ ဟင်းတွေ တော ကောင်းကောင်းနဲ့ စားလိုက်တာ ဗိုက်အရမ်းပြည့်သွားပြီ ကိုယ့်ဘဝမှာ ဒီနေ့ မင်းနဲ့အတူတူစားရတဲ့ ထမင်း၊ ဟင်း





လောက် မြိန်တာမျိုး တစ်ခါမှမတွေ့ခဲ့ဘူး။ Thank You"

"ချက်တဲ့လူက ဘယ်သူလဲဗျာ၊ မမြိန်ဘဲနေ လား။ အဲဒီတာပြေသွားအောင် နည်းနည်းတော့ သောက် လိုက်ပါဦး။ ဒါမှ နေကောင်းမှာ"

ကျွန်တော် ရှုံ့ချုံ့ချဉ်ချဉ်ပျစ်ပျစ်ကလေး ဖျော်ပြီး ခွက်တိုက်မှ မမ ကြိတ်မှိတ်သောက်သည်။

"မမ ဗိုက်ချောင်သွားအောင် ကာရာအိုကေ ဆို ကြမယ်လေ။ ဒါမှမဟုတ် ဂိမ်းကစားမယ်၊ ဘယ်လိုလဲ"

"ဘာဆိုင်လို့လဲ၊ ထိုင်နေရတာ ဘယ်လိုဗိုက် ချောင်မှာလဲ၊ ကိုယ် သီချင်းလည်းမဆိုတတ်ပါဘူး"

"စိတ်နဲ့ကစားတာပဲ မမရဲ့၊ စိတ်ပင်ပန်းရင်လည်း ဗိုက်ချောင်တာပဲ။ ဒါဆို ခြံထဲမှာ ပန်းပင်တွေလျှောက်ကြည့် ကြမယ်၊ ဒီခြံကအကျယ်ကြီးပဲ။ ရန်ကုန်ခြံနဲ့ဘာမှမဆိုင်ဘူး"

"အင် . . . အဲဒါ ကောင်းတယ်"

"ဒါဆို လာ . . . သွားမယ်"

ပြောပြောဆိုဆို ကျွန်တော် မမလက်ကိုဆွဲ၍



www.burmeseclassic.com

www.burmeseclassic.com



လာသောအခါ မထင်မှတ်သော အစီအစဉ်လေးတစ်ခု ခေါင်းထဲ ရုတ်တရက်ဝင်လာပါသည်။ အဲဒါကတော့ တိုက်ရှေ့မှာ ရပ်ထားသော ဆိုင်ကယ်ပေါ် မမကိုတင်စီးလိုက်ချင်မှုပင်ဖြစ်၏။

"ဟာ . . . အတော်ပဲ မမ။ အိုခေပြီ။ ဒီကောင်ကြီးကို မေ့နေတာ။ ကျွန်တော်တို့နှစ်ယောက် ဆိုင်ကယ်လျှောက်စီးလိုက်ရင် ဗိုက်ချောင်သွားလိမ့်မယ်"

"အို . . . မဖြစ်ဘူး ချယ်ရီ။ ကိုယ် မစီးရဲဘူး။ အဲ့ပြင်ကို ကားနဲ့ကလွဲပြီး ဘာနဲ့မှမထွက်ချင်ဘူး"

"ဒါဆို ခြံထဲမှာ ဖြည်းဖြည်းပတ်မောင်းမယ်။ တစ်ခါတလေပဲ မမရယ်နော်"

ကျွန်တော် ဆိုင်ကယ်ပေါ်သွားခနဲတက်လိုက်ပြီး မမကို ဖွတ်ထိုင်နိုင်းလိုက်တော့ မမမျက်နှာ မှုန်အစ်အစ်ဖြင့် တက်ထိုင်၏။

"ခဏပဲနော် . . . မကြာနဲ့"

ဟုပြောပြီး ကျွန်တော့်ပခုံးပေါ် လက်တင်မှ ကျွန်





တော် စထွက်၏။ မမကြောက်တတ်သောကြောင့် ကျွန်တော်က အိမ်ကို မပတ်သေးဘဲ ရှေ့မျက်နှာစာမှာရှိသည့် သစ်ခွပန်းအိုးတန်းနှင့် နှင်းဆီခင်းတွေကြားမှာ ဖြည်းဖြည်းငြိမ့်ငြိမ့်လေး မောင်းလိုက်သည်။

"ဒီလိုနေရာလေးမှာ ဓာတ်ပုံရိုက်ထားလိုက်ရင် ကောင်းမယ်ထင်တယ် မမ။ ကျွန်တော့်ခါးကို ဖက်လိုက်ပါလား"

"Kid ကလေး . . . လူလည်လေး"

ဟုပြောပြီး ခါးကို မဖက်ဘဲ ဆံပင်တွေကို ကိုင်ဖွစ်သည်။

"မမ . . . မိုးကုပ်မှာ ကျွန်တော့်ကို မလွမ်းဘူးလား"

"လွမ်းပါဘူးရှင်။ ကိုယ့်ဇာတိမြေကိုရောက်လို့ ချယ်ရီမောင်မောင်ဆိုတဲ့ ချာတိတ်ကလေးကို မေ့ပြီး ပျော်နေတာ"

"တကယ်လား ဒေါ်မြင့်မြတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ် . . . တကယ်"

"အိုခေ . . . ရတယ်"

ကျွန်တော် လီတာကိုဆောင့်နင်းပြီး ဝေါခနဲ အိမ်ကို ပတ်လိုက်မှ ကျွန်တော်လိုချင်သော "လွမ်းတယ် ကောင်လေးရဲ့ . . . လွမ်းတယ် . . . လွမ်းတယ်" ဆိုသော စကားနှင့်အတူ ကျွန်တော့်ခါးကိုဖက်ထားလိုက်မှုပါ တစ်ပြိုင်တည်း ရရှိလိုက်ပါသည်။

ထိုမထင်မှတ်သော အခြေအနေကို အခွင့်ကောင်းယူလိုက်မှုမှအစပြုပြီး ကျွန်တော့်ဝတ္ထုက ပိုဇာတ်လို့ ကောင်းလာခြင်းဖြစ်၏။

"ဟား . . . ဟား . . . အဲလိုကိုဖြစ်လာစေရမယ်၊ ဘာစုမှ လွမ်းပါပြီလဲ၊ ချစ်ကော မချစ်ဘူးလား"

"ချယ်ရီနော် . . . ကိုယ်ကြောက်မှန်းသိလို့ မခြောက်နဲ့"

"ကျွန်တော် ကြားချင်တာကို ပြောတာလေ၊ မပြောရင် ဒီအိမ်ကို အခါတစ်ရာပတ်ပြမယ် . . . ချစ်လား"



"ခေါင်းမူးလာပြီနော် ချယ်ရီ၊ ရပ်ပေးတော့"

"မရပ်ဘူး . . . ချစ်လား . . . ပြော"

"ကိုယ့်မောင်လေးပဲ၊ မချစ်ဘဲနေပါ့မလားလို့"

"မရဘူး၊ ကျွန်တော်လိုချင်တာ အဲဒီအဓိပ္ပာယ်မဟုတ်ဘူး။ Love Feel ဖျူ၊ မောင့်ကို ချစ်တယ်လို့ပြော"

"ချယ်ရီ . . . မင်း ဘာဖြစ်နေတာလဲ၊ ဘာဖြစ်လို့ ဒီလောက်ဆိုးနေရတာလဲ၊ ကိုယ် မူးနေပြီနော်၊ လဲကျတော့မယ်"

"ပြောလေ . . . ပြောမှ ရပ်ပေးမယ်"

ကျွန်တော် ပြောရင်း ပတ်မောင်းလိုက်ပြန်၏။ ဘယ်နှပတ်ပြောက်သွားမှန်း ကျွန်တော် မသိတော့။ မမလက်တွေ စေးစေးကထက် ကျွန်တော့်ခါးကို ပိုတင်းကျပ်စွာ ဖက်လာတာကိုတော့ သတိထားလိုက်မိပါသည်။ ကျွန်တော် ရယ်နေမိ၏။

"ချယ်ရီ . . . ရပ်ပေးတော့လို့ ပြောနေတယ်"

"မောင့်ကို ချစ်တယ်လို့ပြောမှ ရပ်ပေးမယ်ဗျို့"

www.burmeseclassic.com

www.burmeseclassic.com



ပြောနေတယ်"

"ကိုယ် အရမ်းမောလာပြီ။ ရင်ထဲကလည်း ထိုးအောင့်လာပြီ"

ဟု ပြောမှ အပျော်လွန်စိတ်ဖြင့် မေ့ထားခဲ့မိသော မမ ကျန်းမာရေးကို သတိရလိုက်ပြီး ကျွန်တော် လန့်သွားတော့သည်။

"ဒါဆို . . . ပြောဗျာ။ မြန်မြန်ပြော"

ကျွန်တော် မလျှော့ဘဲ ထပ်ပတ်လိုက်တော့ ခန္ဓာကိုယ်လေး . . .

ကျွန်တော့်ကျောပေါ် အိကျလာပြီး "မောင် . . ." ဆိုသော စကားသံလေး တစ်လုံးတည်းဖြင့် ရပ်တန့်သွားလေသည်။ ကျွန်တော် မျက်လုံးတွေ ပြာသွားပြီး ဆိုင်ကယ်ကို ထိုးရပ်လိုက်၏။

"မမ . . . မမ"

ကျွန်တော် အော်ခေါ်ပေမယ့် မမ မလှုပ်တော့ဘဲ မေ့သွားတာမို့ ကျွန်တော် ကားရှိရာသို့ ပွေ့ချီလာခဲ့သည်။





ကားထဲရောက်တော့ မထင်မှတ်ဘဲ မမ လှုပ်လှုပ်ရှရှ ဖြစ်လာ၏။ ကျွန်တော် ခြေမကိုင်မိ လက်မကိုင်မိ ဝမ်းသာသွားရသည်။

"မမ"

" . . . "

"မမ ဘာဖြစ်သွားတာလဲ။ ဘယ်လိုနေလဲဟင်။ ဆောရီးပါ မမရယ် . . . နော်။ ကျွန်တော်မှားပါတယ်။ တောင်းပန်ပါတယ်"

မမက မျက်လုံးဖွင့်မကြည့်ဘဲ လက်ကာပြသည်။

"ဒီက ဆေးခန်းတစ်ခုကို သွားမယ် မမ။ ကျွန်တော် အရမ်းစိုးရိမ်နေပြီ"

"ရတယ် ချယ်ရီ။ ကိုယ်က အပင်ပန်းခံလို့မရဘူး။ ကြမ်းလို့မရဘူး။ ဒါကြောင့်ဖြစ်တာ။ ဒါမျိုးကလည်း ခဏခဏ ဖြစ်နေတာပါ ချယ်ရီရယ်။ ကိုယ့်အတွက်တော့ ရိုးနေပါပြီ။ ရန်ကုန်အိမ်ကိုသာ မြန်မြန်ရောက်အောင် မောင်းတော့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပေမယ့် မျက်လုံးလည်းဖွင့်မကြည့်၊ ခေါင်းလည်းထောင်မလာဘဲ နောက်ကိုမှီမြဲ မှီလျက်ဖြင့် အလွန်မောပိုက်နေလေသည်။

ကျွန်တော် မမစကားအတိုင်း ထွက်လာခဲ့ရာ မမကလည်း ထိုပုံစံဖြင့် တစ်လမ်းလုံး စကားတစ်ခွန်းမှမပြောဘဲ မှိန်းလိုက်လာရင်း မြို့ထဲကိုရောက်မှန်းမသိ ရောက်လာပါသည်။ ကျွန်တော် စိုးရိမ်စိတ်ပြင်းပြီး အိမ်ကိုမသွားဘဲ သွားနေကျဆေးခန်းကိုသာ ဦးတည်ခဲ့လေ၏။

Family Doctor လည်းဖြစ်သလို၊ မမ မသိအောင် လာမေးထားသည့်အကြောင်းလည်း ရှိတာမို့ ထုံးစံအတိုင်း ကျွန်တော် အပြင်ကပဲ စိတ်မငြိမ်စွာ စောင့်နေလိုက်ရပါသည်။

ခဏအကြာမှာတော့ Nurse တွဲခေါ်လာသော မမပုံစံက စောစောကလို အသည်းအသန်မဟုတ်တော့သဖြင့် ကျွန်တော် ပျာယာခတ်ပြီး အပျော်လွန်သွားရသည်။ ဒါပေမဲ့ မမမျက်နှာလေးကတော့ အလွန်ညှိုးငယ်နေပြီး



မျက်လုံးမှာလည်း မျက်ရည်တွေ ပြည့်လျှံနေပါသည်။

"မမ"

ကျွန်တော်ပြုံးပြီး တွဲလိုက်တော့ . . .

"ဆရာက ခဏ ဝင်ခဲ့ပါတဲ့"

Nurse ၏ ခပ်တိုးတိုးစကားကြောင့် မမက ခေါင်းညိတ်အသိအမှတ်ပြုတာမို့ မမကို ကားထဲထည့်ထားခဲ့ရသည်။ ကျွန်တော် ဆေးခန်းထဲဝင်လာတော့ ဆရာဝန်က အထဲမှာ အဆင်သင့်ထိုင်ပြီး ဆီးကြိုနေလေ၏။

"ထိုင်ပါ . . . လူရင်းတွေလိုဖြစ်နေပြီဆိုတော့ မကွယ်ဝှက်ဘဲပြောရအောင်။ ဟိုတစ်ခါ လူနာမသိအောင် လာမေးထားတဲ့ကိစ္စအတွက် မင်းယုံရဲ့လား"

"မယုံပါဘူး ဆရာ။ ဆရာပြောလိုက်တာ ပါးပါးလေးပါ။ မမ ခံစားနေရတာကိုတော့ ကျွန်တော်ပဲ သိပါတယ်၊ ဒါပေမဲ့ ကျွန်တော် ဘာပဲလုပ်ချင်လုပ်ချင် မမက ကျန်းမာရေးကြီးနဲ့ ကိုင်ပေါက်နေတော့ ကျွန်တော် ငဲ့ညှာနေလိုက်တာနဲ့ ဒီထိကြာသွားတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ မြင့်မြတ်မယ်က ဘယ်လိုအခြေအနေလဲ"

"လက်ထပ်ဖို့စီစဉ်မှာပါ"

ကျွန်တော် ရင်ခုန်စွာပြောလိုက်ပေမယ့် ဆရာ့မျက်နှာက အရောင်ပြောင်းသွားတာမို့ ရင်ထဲ နာကျင်စူးရှသွားရသည်။

"ဆောရီးကွာ . . . မပြောမဖြစ်တဲ့အချိန် ကျရောက်လာလို့ ဖွင့်ပြောရတော့မှာပဲ။ မြင့်မြတ်မယ်ကို စကားပေးရတဲ့နေ့ကစပြီး သူက အားလုံးကို ဖုံးကွယ်ထားနိုင်ခဲ့တာ။ ဘယ်သူလာမေးမေး သူ့အကြောင်း မပြောဖို့ပါ။ ဒီကနေ့တော့ ပြောသင့်ပြီထင်လို့"

"ဟုတ် . . . ဟုတ်ကဲ့ ပြောပါ ဆရာ။ ကျွန်တော်လည်း အရမ်းသိချင်နေတာပါ"

"သူကလည်း နားလည်မှုပေးလိုက်ပါပြီ"

ကျွန်တော့်ရင်ထဲ ပူလောင်လာ၏။ ဆရာ၀န့်စကားတွေကိုလည်း ကြားချင်လေ မမဆီကိုလည်း မြန်မြန်ပြေးချင်လာလေဖြစ် ကျွန်တော် နေထိုင်မရအောင် ဈာများ





လာပါသည်။

"သူ့ရဲ့နောက်ကြောင်းရာဇဝင် ဘာတွေဖြစ်ခဲ့သလဲဆိုတာတော့ လုံးဝပြောမပြဘူး။ အမြင်နဲ့ ခန့်မှန်းကြည့်ရတာတော့ မျိုးသိပ်မှုတွေ၊ ခံစားချက်တွေ၊ နာကျင်မှုတွေကို အရွယ်နဲ့မလိုက်အောင် ခံစားခဲ့ရပုံပေါ်တယ်။ ခုလည်း ခံစားနေရတုန်းပဲလို့ထင်တယ်။ ရောဂါကတော့ မဆန်းဘူးကွ။ ဒါပေမဲ့ သူ့အသက်အရွယ်၊ သူ့အလှနဲ့တော့ မတန်ဘူး။ မွေးရာပါ Heart disease ပဲ။ သိပ်ဆိုးတယ်"

"ဗျာ"

"ရန်ကုန်ရောက်မှ သူ ထိုးဆေးမသုံးတော့ဘဲ စားဆေးနဲ့ပဲ ရပ်တည်နေတာ။ လူငယ်လေးတစ်ယောက်ကြောင့် အသက်အလိုလိုရှင်နေတယ်လို့ ပြောတယ်၊ ဘယ်လောက် အံ့သြစရာကောင်းသလဲဆိုရင် သေရမှာကိုကြောက်လို့ အမျိုးမျိုး အကာအကွယ်ယူပြီး၊ စည်းစိမ်နဲ့အသက်ကိုလဲနေတဲ့လူတွေကြားထဲမှာ သူက သေဖို့ကိုကြိုးစားနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးသွားလိုကျလာသော စကားလုံးများကြားမှ ကျွန်တော် ရုန်းထွက်လွတ်မြောက်ဖို့ ခွန်အားတွေ မရှိတော့ပါ။

"တောင်ကြီးမှာ ကုလာကတည်းက သူ့ကိုယ်သူ သေတော့မယ်မှန်း သိပြီးသား။ ရောဂါနဲ့ဆိုင်တာတွေ အားလုံးစစ်တော့လည်း ထူးခြားမှုမရှိဘူး။ ခန့်မှန်းလို့မရဘူး။ အချိန်မရွေးဖြစ်သွားနိုင်တဲ့ အနေအထားမျိုး။ Operation လုပ်နေတုန်းမှာ Accident ဖြစ်လို့ အသက်ကို လွှတ်ပေးလိုက်ရတာထက် ဒီတိုင်းလေးလွှတ်ပေးထားတာ သူ့အတွက် ပိုကောင်းတယ်။ သူ စိတ်ချမ်းသာသလို ထားဖို့ပဲ ပြောချင်တော့တယ်။ ဒါကြောင့် မင်းလာမေးတုန်းက မယုတ်မလွန် ပြောလိုက်ရတာ"

ကျွန်တော် ဆရာဝန်၏မျက်နှာကို ရင်ဆိုင်ကြည့်ဖို့ အင်အားမရှိတော့ပါ။ "ကျွန်တော် ရအောင်ကုချင်တယ်ဗျာ။ ဘယ်လောက်ကုန်ကုန် ကုမယ်" လို့ပင် မပြောနိုင်လောက်အောင် ဆရာဝန်၏စကားများက အဖွင့်အပိတ်



အားလုံးလုံလောက်သွားပါသည်။

ကျွန်တော် လည်လာသောမျက်ရည်တွေကို ထိန်းသိမ်းပြန်သွင်းပြီး လေးလံသောခြေလှမ်းများဖြင့် ကားပေါ်တက်ခဲ့တော့၏။ မမကို စိုက်ကြည့်လိုက်တော့ ကြည်လင်သောမျက်နှာလေးဖြင့် ပြုံးပြုံးပြပါသည်။ ပြီးတော့ ကျွန်တော့်ဆံပင်တွေကို သပ်ပေးပြီး . . .

"ပျော်ပျော်နေကြရအောင် ချယ်ရီ။ ကိုယ် တစ်ခုခုသောက်ချင်တယ်။ ကာရာအိုကေကောင်းကောင်းပါတဲ့ ဟိုတယ်တစ်ခုကို ခေါ်သွားပေးပါလား။ ဘော်လ်ကာနည်းနည်းသောက်ပြီး သီချင်းဆိုရအောင်"

ဟုပြောလာသောစကားက ကျွန်တော့်အသည်းကို မယလက်ဖြင့် ဆုပ်ကိုင်ခြေမွသလို ခံစားလိုက်ရပါသည်။

အခြေအနေကိုသိနေတာ ဘယ်သူပျော်နိုင်မှာလဲ မေရဲ့ . . .

ဟန်ဆောင်ပြီးတော့ကော ဘယ်သူက ပျော်နိုင်မှာတဲ့လဲ . . .

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လည်ချောင်းထဲမှာ ဆို့နင့်လာသည်။

မမကို ပွေ့ဖက်ထားချင်စိတ်ပေါက်သွား၏။

ဟင့်အင်း . . . မဖြစ်စေရ . . .

ဒီအချိန်မှာ နှစ်ဦးနှစ်ဖက် ပိုခံစားသွားစေမယ့် အပြုအမူမျိုးကို ကျွန်တော် မပြုလုပ်ရဘူး။

ကျွန်တော်သည် မျက်လုံးများနှင့် နှုတ်ခမ်းကို ထိန်းချုပ်ပြီး မမအလိုကိုမလိုက်ဘဲ အိမ်ကိုသာပြန်လာခဲ့ပါ သည်။

အိမ်ရောက်တော့ နှစ်ယောက်ထိုင်ဆိုဖာမှာ ယှဉ် တွဲထိုင်သလို ကျွန်တော် မမလက်ကို ဆုပ်ကိုင်ထားတာ လွဲပြီး စကားလုံးဝ ပြောမထွက်ကြဘဲ ခြောက်ကပ်တိတ် ဆိတ်နေလေ၏။ ထိုတိတ်ဆိတ်နေမှုကို . . .

"ဆရာက ဘာတွေပြောလိုက်လဲ"

ဆိုသည့် မမ၏တိုးတိတ်သောအသံလေးက ဖြ ခွင်းလိုက်ပါသည်။

"heart လို့ ပြောတယ် မမ။ မစိုးရိမ်ပါနဲ့၊ ကြော



လည်း မကြောက်ပါနဲ့။ ကျွန်တော် မမအနားမှာ အမြဲရှိနေ မှာပါ။ First Atrack ဖြစ်သွားတာပဲရှိသေးတယ်။ Second Atrrack မဖြစ်လို့ ကျွန်တော်တို့ ကာကွယ်ရမယ်။ Rick တွေ အားလုံး ရှောင်ကြရလိမ့်မယ်"

ကျွန်တော်၏ သေသပ်လှပသော စကားလုံးများ ကြောင့် မမက ချစ်စရာကောင်းစွာ ပြုံးသည်။ ပြီးတော့ မချို ပြုံးလည်း ပြုံးသေးသည်။

"မင်းကို ကိုယ်က ရဲရင့်တဲ့လူကလေးလို့ အမြဲ တင်စားထားတာ။ ရဲရင့်တယ်ဆိုတဲ့နေရာမှာ စွမ်းရည်သတ္တိ ရှိမှုနဲ့ ရိုးသားဖြူစင်မှုက အဓိကပဲ။ ဒီအရည်အချင်းတွေနဲ့ ရစ်တည်နေတဲ့ မင်းက ဘာကြောင့်လိမ်ညာချင်ရတာလဲ၊ မင်း အဲဒီလိုလိမ်လို့ ကိုယ် စိတ်ချမ်းသာမယ်ထင်ရင် မှား သွားမှာပေါ့။ ကိုယ်က ပျော်နေတာကွယ့်။ ကိုယ် ဒီနေ့ သိပ် ပျော်နေတာ။ ကိုယ့်ရဲ့အခြေအနေကို မင်း သိသွားပြီမို့လား။ ပျော်နေတဲ့အချိန်မှာ မကောင်းဆိုးဝါး အဖြစ်ဆိုးတွေ ကိုယ့် ပါးစပ်က ပြောမထွက်ဘူး"

www.burmeseclassic.com



မမလက်ကိုဖြုတ်ပြီး ကျွန်တော် နားထင်နှစ်ဖက်ကို လက်အပ်၍ ထောက်ထားလိုက်မိသည်။

"မင်း မစိုးရိမ်ပါနဲ့။ ကိုယ့်အတွက် စိတ်မကောင်းမဖြစ်နဲ့။ အားလည်း မပေးနဲ့။ ကိုယ် လုံးဝမကြောက်ဘူး။ မကြောက်တတ်လို့လဲ ဒီထိခံနေတာ။ ဖြစ်ခြင်းဖြစ် ကိုယ်ကသာ မင်းအတွက် စိတ်မကောင်းဖြစ်ရမှာ။ ကိုယ်ကသာ မင်းကို အားပေးနေရမှာ။ ဘာဖြစ်လို့လဲ သိလား ချယ်ရီ။ မင်းက သိပ်ချစ်စရာကောင်းတဲ့ ဖြူစင်တဲ့လူကလေး ရိုးသားတဲ့ လူငယ်ကလေးဖြစ်နေလို့ပဲ။ ကိုယ် မသေခင် မင်းကိုတွေ့ရတာ သေပျော်တယ်ကွာ။ ကိုယ် သေရမှာ ပိုပျော်လာပြီ"

မမ ကျွန်တော့်ကို စကားလုံးတွေနှင့် ရိုက်နှက်ပေါင်းများလာပြီ။

ကျွန်တော် ခေါင်းခါပြီး သက်ပြင်းချလိုက်မိ၏။

မမကို ကျွန်တော် ဘယ်လိုကိုင်တွယ်ရတော့မှာလဲ။





မမပျော်အောင် ကျွန်တော် ဘာလုပ်ပေးရမလဲ။

မမ စိတ်ချမ်းသာအောင် ကျွန်တော် ဘာတွေပြောရမလဲ။

ဟန်မဆောင်တတ်တဲ့ လူတစ်ယောက်ကိုမှ ကံတရားကြီးက ဘာကြောင့် ဟန်ဆောင်ခိုင်းရတာလဲ။

ဘယ်လောက်များ နာကျင်စက်ဆုပ်ဖွယ်ကောင်းလိုက်ပါသလဲ။

a brave boy ဝိသစ္စာ . . .

ကျွန်တော် တစ်ခုခုကို ဆုံးဖြတ်မှဖြစ်တော့မည်။

"ဖွန့်စားချစ်ခြင်း" ဟု အမည်တပ်ခဲ့သော . . .

"မျက်ကန်းအချစ်ဝါဒ" ဟု တင်စားခဲ့သော . . .

ကျွန်တော်၏ ချစ်မေတ္တာ ခြေလှမ်းများသည် ဘယ်တော့မှ ယိုင်နဲ့စွာ လေးလံနေးကွေးနေလိမ့်မည်မဟုတ်။ ရှေ့သို့သွက်လက်စွာ ချီတက်နေရမည်သာ ဖြစ်သည်။

"ကျွန်တော် လက်ခံလို့မရဘူးဗျာ။ ဒီတိုင်းနေလို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး။ ကျွန်တော် ကြိုးစားချင်တယ် မမရဲ့"

"ဒီတိုင်းမနေလို့ မင်းက ဘာလုပ်ချင်လို့လဲ။ ပင်ပန်းမယ် ချယ်ရီ။ ရောဂါကိစ္စကို မင်းခေါင်းထဲက ဖယ်ထုတ်ထားစမ်း။ ကိုယ်လည်း ဖယ်ထုတ်ထားတယ်။ ကိုယ်တို့ တခြားအကြောင်း ပြောရအောင်။ ဟာသခွေတွေ ကြည့်ပြီး ရယ်ရအောင်"

"ကျွန်တော်က အဲဒီလိုဟန်ဆောင်အလုပ်တွေကို မလုပ်တတ်ဘူးဗျ။ ကျွန်တော် ဖြစ်ချင်တာနဲ့ စိတ်ထဲမှာ လုပ်သင့်တယ်ထင်တာကိုပဲ လုပ်ရမယ်။ အဲဒီအတွက် မမ ခွင့်ပေးမှဖြစ်မယ် မမရယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော့်ကို လိုက်လျောစမ်းပါ"

"နေပါဦး . . . အခြေအနေကိုသိရက်နဲ့ မင်းက ဘာတွေကို ဖွတ်တိုးပြီးလုပ်ချင်လို့လဲ။ ကိုယ်ပြောတာပဲ မလုပ်သင့်ဘူးလား ချယ်ရီ။ သေမှာကိုသိနေတဲ့ လူတစ်ယောက်အတွက် သက်နဲ့သက်ဆိုင်တဲ့လုပ်ရပ်တွေကိုပဲ ပြုလုပ်ပေးရမယ်။ အညွန့်တလူလူတက်နေတဲ့ လူငယ်တစ်



ယောက်အတွက် သူနဲ့သက်ဆိုင်တဲ့လမ်းကြောင်းတွေကို ဖွင့်ပေးတတ်ရမယ် ချယ်ရီ"

" . . . "

"နေ့လား ညလား သေတော့မယ့်မိန်းမ တစ်ယောက်အတွက် မိုက်ရူးရဲမဆန်ချင်ပါနဲ့ကွယ်။ မမကို ကတိပေးပါလား ကလေးရယ်။ ဘာတော့မှ တစ်ဖွတ်ထိုးမဆန်ပါဘူးလို့"

ကျွန်တော့်ရင်ထဲကအသည်းကို ခြေမွရုံတင်မက လုံးဝမရှိတော့အောင် မမက ဆွဲနုတ်ယူလိုက်လေသည်။ ကျွန်တော် ဖျတ်ခနဲထပြီး မမရှေ့မှာ ဒူးထောက်ထိုင်ချလိုက်၏။

"တစ်ဖွတ်ထိုးဆန်နေတာ မဟုတ်ဘူး မမရဲ့။ ကျွန်တော့်ရင်ထဲမှာ တကယ်ဖြစ်နေတာတွေပါ။ ကျွန်တော် ဘယ်လိုယုံရမှာလဲ။ အဲဒီစကားတွေ မပြောပါနဲ့ မမရယ်။ မမသေလို့မရဘူး၊ မသေရဘူး။ မှည့်ရှိန်မတန်ဘဲ မကြွေရဘူး။ ဆရာတစ်ယောက် ထပ်ပြောင်းမယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com

"Hope Less, Hope Less. အို . . . No . . . No . . . No . . . မျှော်လင့်ချက်နည်းတာ မဟုတ်ဘူးကွာ။ ရှိကို မရှိတော့တာ"

မမက ပြောပြောဆိုဆိုပင် ကျွန်တော့်ပါးစပ်ကို လှမ်းပိတ်သည်။

"ဒီရဲ့သားနဲ့ မမိုက်နဲ့။ မျှော်လင့်ချက်မရှိတာကို မင်းက ဘာဖြစ်လို့ ကိုင်တွယ်ချင်ရတာလဲ"

ကျွန်တော် မမလက်ကိုဖယ်ပြီး ခေါင်းနှင့် မမဒူးကို တိုက်လိုက်ပါတော့သည်။ မမက ကျွန်တော့်ခေါင်းကို ပွတ်သပ်ကာ ပြန်မတ်ပေး၏။

"ကျွန်တော်ကတော့ အမြဲမျှော်လင့်ချင်နေတာပဲ။ ခွင့်ပေးပါ မမရယ် . . . ကျွန်တော့် တောင်းဆိုတာကို မလိုက်လျောနိုင်ဘူးလား"

"ကဲ . . . ပြောကြည့်စမ်း ရာဇဝတ်။ မင်းဖြစ်ချင်တာနဲ့ မင်းလုပ်ချင်တာက ဘာလဲ"

"အဘနဲ့ကျွန်တော့်မိသားစုကို ဖွင့်ပြောပြီး မမကို



လက်ထပ်မယ်။ နိုင်ငံခြားသွားပြီး ကုမယ်။ ဘယ်လောက် ကုန်ကုန် နောက်ဆုံး ကျွန်တော် အသက်ပဲပေးရပေးရ"

"ဘုရား . . . ဘုရား . . . မိုက်လိုက်တာ ချယ်ရီရယ်။ မပြောကောင်းတာတွေ မပြောရဘူး ကလေးရဲ့။ ကိုယ်က မင်းကို မောင်လေးတစ်ယောက်လိုပဲ ချစ်တာ။ အဲဒီထက်မပိုဘူး။ ကိုယ်က မချစ်ဘဲ မင်းက လက်ထပ်ချင်တော့ မင်း ရှုံးသလိုဖြစ်လိမ့်မယ် ချယ်ရီ"

"ရှုံးလည်း ရှုံးသွားပါစေတော့ မမရယ်"

"မိုက်ပြီးရင်းမိုက်ရင်း ဖွတ်တိုးပြီးရင်း တိုးရင်းပါလား။ မကြာခင်မှာ သေတော့မယ့် ခန္ဓာကိုယ် မသန့်ရှင်းတဲ့ မိန်းမတစ်ယောက်အတွက် ဒီလိုမိုက်ရဲတာဟာ မင်းဘဝ ဘယ်လောက်နမြောစရာကောင်းလဲ ချယ်ရီ"

" . . . "

"မတန်လိုက်တာကွယ်။ မင်းရှေ့မှာ မင်းကို တက်လမ်းတွေက လက်ယပ်ခေါ်နေတယ်။ ကိုယ့်ရှေ့မှာ ကိုယ့်ကို သေမင်းက လက်ယပ်ခေါ်နေတယ်။ ကိုယ့်ကို လက်ထ

www.burmeseclassic.com



ရင် မင်း ဘာဖြစ်သွားမလဲ။ လူ့လိမ္မာအတွေးကို တွေးစမ်း ချယ်ရီမောင်မောင်။ ကိုယ် လုံးဝခွင့်မပြုနိုင်ဘူး။ ရှေ့က ဖယ်"

မမ ထရပ်သလို ကျွန်တော်လည်း မမရှေ့မှာ ကပ်ရပ်လိုက်သည်။

"မမ မရချစ်ချစ် ကျွန်တော် ချစ်ဖို့က အဓိကပဲ။ ကျွန်တော် မမကိုချစ်တာ ဘာကိုမှမမြင်ဘူး။ မသန့်ရှင်းတဲ့ ခန္ဓာတွေ၊ သေတော့မယ့်အဖြစ်တွေ ကျွန်တော့်ခေါင်းထဲမှာ မရှိဘူး။ မမကို လက်ထပ်ပြီးရင် Platonic Love နဲ့ ချစ်မယ်။ Platonic ကင်းကင်းနဲ့ Sex ကိစ္စ လုံးဝမဖြစ်အောင် နေမယ်။ အဲဒါ မမကိုချစ်တဲ့ ကျွန်တော့်ရဲ့ နောက်ဆုံးအချစ်ပဲ။ မမ သေရင်တောင် ကျွန်တော့်ဇနီးအဖြစ်နဲ့ သေရမယ်"

ကျွန်တော့်ကို စူးစိုက်ကြည့်နေသော မမမျက်လုံးများ မှိတ်ကျသွားပါသည်။ မျက်နှာတစ်ပြင်လုံးလည်း ဖြူဖတ်ဖြူရော်ဖြစ်သွား၏။ ပြီးတော့ မျက်လုံးကိုပြန်ဖွင့်ပြီး တစ်ဖက်လှည့်သွားသည်။

———— ရှုမဝ ————



"ကျွန်တော် ညကျရင် အိမ်ကမိသားစုကိုခေါ်ပြီး အဘနဲ့ စကားလာပြောမယ်"

"ကောင်းပြီ။ မင်း ပြန်တော့ ချယ်ရီ၊ မင်းရဲ့မိသားစုကိုခေါ်လာပြီး အဘနဲ့စကားပြောမယ်ဆိုရင် အဲဒီအချိန်ဟာ ကိုယ့်အသက်ပျောက်ချိန်ပဲ။ အဲဒီလိုမလုပ်ဘူးဆိုရင်တော့ ကိုယ် ဝဋ်ခံရင် ခံရဦးမှာပေါ့"

ဟု ပြောကာ မမအခန်းထဲဝင်သွားပြီး တံခါးပိတ်လိုက်ပါတော့သည်။ ကျွန်တော် အရူးတစ်ယောက်ပမာ ကျန်ရစ်ခဲ့၏။

ဘာလဲ . . . ဘာတွေလဲ . . .

ကျွန်တော် ဘယ်လိုနားလည်ရတော့မှာလဲ . . .

ကျွန်တော် မမအခန်းကို စိုက်ကြည့်ပြီး နာနာကျင်ကျင်ပြုံးလိုက်မိပါသည်။

ကျွန်တော် လုပ်ချင်တာကိုလုပ်မယ့်အချိန်ဟာ မမ အသက်ပျောက်ချိန်တဲ့။ မလုပ်ဘဲ အလျှော့ပေးလိုက်ရင်လည်း ဝဋ်ခံရဦးမယ်တဲ့။

———— ရှုမဝ ————

www.burmeseclassic.com

www.burmeseclassic.com



ဘာလဲကွာ . . .

ကျွန်တော့်အတွက် ဘာကောင်းသေးလဲ . . .

ကျွန်တော် ဘာလုပ်လို့ ရတော့မှာလဲ . . .

ကျွန်တော့်အတွက် ဘာမှမကောင်းသော . . .

ကျွန်တော် ဘာမှလုပ်လို့မရသော . . .

မမ၏ ဆုံးဖြတ်ချက်သည် . . .

ဤမျှစိမ်းကားပြတ်တောက်သော်လည်း ကျွန်တော်လုပ်လို့ရတာတစ်ခုကတော့ လူကြီးမိဘတွေကို လုံးဝအသိမပေးဘဲ ကျွန်တော် တစ်ယောက်တည်း လုပ်မည့် ကြိတ်ကြံစည်လိုက်သော အစီအစဉ်တစ်ခု ဖြစ်၏။

ထိုညက မမဆီကအပြန်မှာ မထင်မှတ်ဘဲ ရာသီဥတုက ဖောက်လွဲဖောက်ပြန်ပေါ်လာခဲ့ပါသည်။

တစ်ပတ်ကျော်လို့ ကျွန်တော် မမဆီကို ထိုအကြံအစည်တစ်ခုဖြင့်သွားချိန်တိုင်အောင် ရာသီဥတုမုန်တိုင်းက မပြီးဆုံးသေးပါ။ ထိုမုန်တိုင်းကိုလည်း ကျွန်တော် မမှုတော့။ ကျွန်တော် ဖတ်နေသော တစ်ဖက်သတ်ဆန်လွန်းသည့်



ဝတ္ထုကိုသာ ပြီးပြတ်အောင် ဆက်ဖတ်ရမှာ ကျွန်တော့်တာဝန်ဖြစ်လေသည်။

မိုးအေးရင် ဝတ္ထုဖတ်တဲ့အလုပ်က . . .

ပိုပြီး Feel ကောင်းတယ် မဟုတ်လား . . .

× × ×

www.burmeseclassic.com

www.burmeseclassic.com

# လေဒီဇော်

# မောင်မောင့်မမ မြင့်မြတ်မယ်





## နိဂုံး



www.burmeseclassic.com

www.burmeseclassic.com



- ဝတ္ထုတစ်ပုဒ်သည် ဇာတ်ဆောင်နှစ်ဦး၏ စိတ်ခံစားမှုကို စာဖတ်သူ မငြီးငွေ့အောင် အလှည့်ကျတင် ပြနိုင်မှ စာရေးဆရာ၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြတ်သားစွာ ထင်မြင်နိုင်မှာ ဖြစ်သည်။

- သို့မဟုတ် . . . ဝတ္ထုတစ်ပုဒ်သည် ဇာတ်ဆောင်နှစ်ဦး၏ စိတ်ခံစားမှုကို Actor ကဏ္ဍနှင့် Actress ကဏ္ဍဟူ၍ စာဖတ်သူ စိတ်ဝင်စားအောင် ဆန်းသစ်စွာတင်ပြနိုင်မှ စာရေးဆရာ၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြတ်သားစွာ ထင်မြင်နိုင်မှာ ဖြစ်သည်။

- ဘာပဲဖြစ်ဖြစ် ဝတ္ထုနှင့်လျှင် နိဂုံးပိုင်းကတော့ hit တစ်ခု ဖြစ်ရမှာတည်း။

သို့သော် . . . ထိုပုံစံ နှစ်မျိုးလုံးမဟုတ်သော Actor ကဏ္ဍ တစ်ခုတည်းကိုသာ တစ်ဇာတ်သတ်တင်ပြထားသော အလွန်ထူးဆန်းသည့် ဝတ္ထုတစ်ပုဒ်ကတော့ မကြာသေးခင်က ကျွန်တော့်ထံ ရောက်ရှိလာခဲ့၏။





ဘယ်လောက်ထိ တစ်ဇာတ်သတ်ဆန်လွန်းသလဲဆိုရင် . . ကျွန်တော် ဖတ်ရင်း ဖတ်ရင်း တစ်မျက်နှာချင်းနှင့် စာလုံးလေး တစ်လုံးတောင် ချန်လှပ်ကျော်ဖတ်လို့မရအောင် ထိုဝတ္ထုလေးက စွဲဆောင်အား ကောင်းလွန်းပါသည်။

ဒါပေမဲ့ . . . နိဂုံးပိုင်းရောက်ခါနီးထိ စာရေးဆရာ၏ ရည်ရွယ်ချက်ကို ရှာမရဘဲ ဖတ်လေ ဝေးလေ ဖြစ်နေရသည်။

ဒါကြောင့် တစ်ဇာတ်သတ်ဆန်လွန်းသော်လည်း စွဲဆောင်အားကောင်းနေသော ထိုဝတ္ထုလေးကို ကျွန်တော် ပစ်ချမထားဖြစ်တော့ဘဲ နိဂုံးပိုင်းကို ရောက်ဖို့ ခွဲကောင်းစွာ ဆက်ဖတ်ရပါတော့မည်။

ဆက်မဖတ်ခင် ထိုဝတ္ထုလေးအကြောင်းကို ကျွန်တော် ကြားဖြတ်ပြောပြခဲ့ပါသည်။

အခု ကျွန်တော် ဆက်ဖတ်ရတော့မယ့် နိဂုံးပိုင်းလေးကတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်ခြင်းနှင့် ပျော်ရွှင်ခြင်းတို့ ပေါင်းစပ်၍

ရရှိခဲ့သောအကျိုးအမြတ်ကတော့မှာ . . .



မောင်မောင့် မမ မြင့်မြတ်မယ်

www.burmeseclassic.com

www.burmeseclassic.com



## ၁၃

ကျွန်တော် ထွက်လာသောအချိန်သည် မိုးဖွဲဖွဲကလေးတွေ ရွာနေသောအချိန်ဖြစ်၏။ ပတ်ဝန်းကျင်တစ်ခုလုံး မိုးစက်ဖြင့် အေးစိမ့်ငြိမ်ဝပ်နေသလို မမတို့အိမ်ထဲမှာလည်း တိတ်ဆိတ်ခြောက်ကပ်နေပါသည်။

ကျွန်တော် ရင်ခုန်စွာ လေကလေးချွန်လိုက်မှ မမက အခန်းထဲမှ ခပ်သွက်သွက်ထွက်လာလေ၏။ ကျွန်တော်ပြုံးပြလိုက်လျှင် မမျက်နှာမှန်အစ်အစ်ကလေးဖြင့် ကျွန်





တော့်ရှေ့သို့ လှမ်းလာပါသည်။

ရင်ဘတ်တစ်ဝိုက်မှာ ဇာအပွင့်ကလေးတွေ အထပ်ထပ်ပါရှိသော အဖြူရောင်ပိုးသားပျော့ပျော့ ညဝတ်ဂါဝန်အင်္ကျီဖြင့် မမလှမ်းလာပုံမှာ အပျိုဖျန်းကလေးတစ်ဦးပမာ။ ဒီနေ့မှ အပြင်အဆင်မရှိသော မျက်နှာက ပကာတိဖြူသန့်၍ ကြည်လင်နေ၏။ ကျွန်တော် တစ်ခါမှမတွေ့ဖူးသော ကလေးဆန်ဆန် Free Style လေးကြောင့် မမကို ပိုချစ်သွားပါသည်။

သို့သော် . . . မျက်နှာပေါ်မှာ ရောင်စုံကာလာလေးတွေနှင့် နှုတ်ခမ်းနီတွေ မရှိတာကြောင့် မျက်ကွင်းညိုတာလေးတွေနှင့် နှုတ်ခမ်းဖြူဖျော့နေတာလေးတွေက ပေါ်လွင်လာပါသည်။

"မမ ခုမှ အိပ်ရာနိုးတာလား။ ကိုးနာရီထိုးတော့မယ် မမရဲ့။ မိုးအေးအေးနဲ့ အိပ်ပုတ်လုပ်နေတာမို့လား"

"နေပါဦး . . . မင်းက အကြောင်းမကြားဘဲနဲ့ ဘာဖြစ်လို့ဝင်လာရတာလဲ။ လာချင်ရင် ကြိုဖုန်းဆက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မဆက်တော့ ဘာဖြစ်လဲဗျာ။ ဒီအိမ်က ကျွန်တော် ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့ရတဲ့အိမ်ပဲ။ ဒါပေမဲ့ ခုကိစ္စကတော့ မမကို ကြိုတင်အကြောင်းမကြားမှ ဖြစ်မှာ"

"ဘာပြောတယ်"

မမ မျက်ခုံးလေးနှစ်ခု တွန့်သွားသည်။

"ဟုတ်တယ် မမ။ ကြိုဖုန်းဆက်ရင် ကျွန်တော် လာရမှာမဟုတ်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာ့အပြင်ကိုထွက်ဖို့ မမကို လာခေါ်တာဖြစ်လို့ပဲ"

"ဘာ"

"အိုဗေ . . . ကမ္ဘာ့အပြင်ဘက်ကို အတူတူထွက်မယ်။ အတူတူသေမယ်"

"ကြည့်စမ်း . . . ဒါဆို ခုထွက်သွားတော့ ရှယ်ရီ"

မမျက်နှာ မှိုင်းဝေသွားပြီး နောက်သို့ ခြေလှမ်းဆုတ်သွားပါသည်။

"ဘာမှမပြောနဲ့။ ကျွန်တော်သွားမယ့်နေရာကို



သာ ရောက်ရင် ကြိုက်သလောက်ပြော . . . ကျွန်တော် ဒီတိုင်း မနေနိုင်တော့ဘူး။ မမကို အစွမ်းကုန်ပြောပြီးပြီ။ ကျွန်တော် မမကိုချစ်တဲ့အချစ်ထဲမှာ ရောဂါတွေ၊ မသန့်ရှင်းတဲ့ခန္ဓာကိုယ်တွေကို မမြင်ဘူး။ ဒါဆို ဘာပြောစရာလိုသေးလဲ"

" . . . "

"ကျွန်တော် ဝတ္ထုဖတ်ရတာ ပျင်းလာပြီ။ ဝတ္ထုက တစ်ဖက်သတ်ဆန်လွန်းတယ် မမရယ်။ ဇာလည်လည် လုပ်ပြီး အချိန်ဆွဲထားတယ်။

ဝတ္ထုဆိုတာ ဇာတ်သိမ်းလှမှကောင်းမှာ။ မမနဲ့ ကျွန်တော် ဇာတ်သိမ်းကြစို့"

"ကောင်းပြီ ရှယ်ရီ။ တစ်ဖက်သတ်ဆန်လွန်းတဲ့ ဝတ္ထုဟာ ပျင်းစရာကောင်းတယ်ဆိုတာ ကိုယ် လက်ခံ တယ်၊ ဒါကြောင့်လည်း အဲဒီတစ်ဖက်သတ်ဆန်တဲ့ဝတ္ထုက ကိုယ် ဇာတ်သိမ်းပြတော့မှာပါ။ နိဂုံးပိုင်းရဲ့ hit ဖြစ်မှုဟာ တော်တော်ပြင်းထန်စေရမယ်။ မင်း ဖတ်လို့ကောင်းသွားစေ

www.burmeseclassic.com



ရမယ်"

ကျွန်တော့်မျက်လုံးလေးတွေ တောက်ပသွားပြီး မမရှေ့သို့ တစ်လှမ်းတိုးလိုက်၏။

"ကိုယ်ပြောမယ့် ဇာတ်သိမ်းရမယ့်နေရာမှာ နှစ်ဦးနှစ်ဖက် သဘောထားချင်းတိုက်ဆိုင်မှ ချစ်ကြမှလည်း အဲဒီဇာတ်သိမ်းက လှမှာ ချယ်ရီရဲ့၊ အခုကိုယ်တို့ကိစ္စကို မင်းက ဇာတ်သိမ်းချင်တယ်လို့ ပြောရအောင် ကိုယ်က မင်းကိုချစ်တယ်လို့ ပြောခဲ့ဖူးလို့လား၊ မောင်လေးတစ်ယောက်လိုသဘောထားခဲ့တာကလွဲလို့ ဘယ်နှခါချစ်တယ် ပြောဖူးလို့လဲ"

"..."

"ကိုယ် ဝေ့လည်လည်လည်း မလုပ်ဘူး၊ အချိန်လည်း မဆွဲဘူး၊ မင်းဘာသာ တစ်ဖက်သတ်ဖြစ်နေတာ၊ မင်းကသာ ကိုယ့်ကို တစ်ဖက်သတ်ဆန်လွန်းတဲ့ဝတ္ထုတစ်ပုဒ်အဖြစ် စိတ်ဆင်းရဲခံပြီး ဖတ်နေတာပဲ"

"တော်တော့ မမ၊ ထပ်မပြောနဲ့၊ မမ ပြောနေတာတွေဟာ ကျွန်တော့်ကိုလိမ်ညာနေတာပဲ၊ အရှုံးဖြစ်အောင် ဖန်တီးနေတာပဲ၊ မမ ကျွန်တော့်ကိုချစ်နေတယ်ဆိုတာ ကျွန်တော်သိတယ်၊ မမရဲ့မျက်လုံးနေရာမှ ကျွန်တော့်မျက်လုံးကို အစားထိုးကြည့်ပြီးပြီ၊ မမရဲ့ရင်ထဲထိ ကျွန်တော် ဝင်ကြည့်ပြီးပြီ၊ ပါးစပ်က မပြောပေမယ့် မမမျက်လုံးတွေက ကျွန်တော့်ကို နေ့တိုင်းချစ်တယ်လို့ပြောတာ ကျွန်တော် သိနေတယ်၊ မမ ကျွန်တော့်နောက်ကို လိုက်မှာလား မလိုက်ဘူးလား၊ ဒါပဲပြောပါ"



"မလိုက်ဘူး"

တစ်ခွန်းတည်းသော စကားဖြစ်ပေမယ့် ပြင်းထန်လွန်းသောအရှိန်ကြောင့် ကျွန်တော့်အသွေးအသားတွေ ဆူဝေသွားပါသည်၊ လိုချင်တာကို မရရအောင်ယူတတ်သော အကျင့်ကလေးရှိထားသူမို့ မမပြောလိုက်သည့်စကားက ကျွန်တော့်ရင်ထဲသို့ ဓားတစ်ချောင်းဖြင့် ထိုးနှက်သလို ခံစားလိုက်ရသည်၊

"လိုက်ရမယ် . . . ကဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ လွှတ်စမ်း ချယ်ရီ . . . လွှတ်စမ်း"

ရုတ်တရက် ဆတ်ခနဲ မမန္တာကိုယ်လေးကို ဖွေ့ချီလိုက်တာမို့ နစ်ယောက်သား ရှန်းရင်းဆန်ခတ်ဖြစ်သွားလေသည်။ ဖြူဖတ်သေးသွယ်သောဝါဝွမ်းလေးရဲ့ လွန့်လူးမှုကို ကျွန်တော် မဖြုပါ။ ဒီလိုမှ အနုကြမ်းမစီးလျှင် မမကို ကျွန်တော် ရမည်မထင်တော့။

"လွှတ်လို့ပြောနေတယ်။ ကိုယ် မကြိုက်တာ မလုပ်နဲ့"

"လုပ်မယ်။ ဘာတွေပဲဖြစ်ဖြစ်လုပ်ရတော့မယ်၊ ဒီလိုလုပ်မှ ရမှာ"

"ဘယ်တော့မှမရစေရဘူး။ အခု အောက်ချပေး၊ ချပေးစမ်း"

ကျွန်တော် ဖွတ်ပွေ့ချီလာတာ အပြင်တံခါးနားရောက်တော့မည်။

"ချယ်ရီ ပြောနေတယ်နော်၊ အောက်ချပေးစမ်း"

"မပေးဘူး"





"ကဲ"

ကြည့်စမ်း . . . ကျွန်တော့်ပါးတစ်ဖက် ထူပူသွားသည်။

လုံးဝမထင်မှတ်သော မမလက်ဝါးကလေး ကျွန်တော့်ပါးပေါ် ဖြန်းခနဲကျရောက်လာမှ ကျွန်တော် ရှက်သွားပြီး အောက်ချပေးလိုက်မိ၏။ ကျွန်တော် မမကို စိုက်ကြည့်လိုက်သောအခါ မမကလည်း မီးပွင့်တော့မည့်မျက်လုံးများဖြင့် ကျွန်တော့်ကိုကြည့်ပြီး သူ့ခန္ဓာကိုယ်နှင့် လက်တွေကို ဖုန်ခါသလို တဖျပ်ဖျပ်ခါချသည်။ ကျွန်တော့်ရင်ထဲ စူးနစ်သွား၏။

"သိပ်မိုက်တယ်။ ဒီလောက်မိုက်မဲလိမ့်မယ်လို့ မထင်ခဲ့ဘူး။ မင်းကို အထင်ကြီးခဲ့တာတွေ။ လိမ္မာစေချင်ခဲ့တာတွေ၊ စေတနာထားခဲ့တာတွေအားလုံး အလကားပဲ။ မောင်လေးတစ်ယောက်လိုတောင် သံယောဇဉ် မရှိချင်အောင် မင်းလုပ်ရပ်က မင်းကို ဒဏ်ခတ်လိုက်တာပဲ"

". . ."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်မကြိုက်တာတွေ လုပ်တဲ့အတွက် မင်းကို မုန်းတယ်၊ ရွံတယ်။ မင်းပြန်တော့။ ဖြစ်ခဲ့သမျှအားလုံး၊ သံယောဇဉ်အားလုံးကို အိပ်မက်လို့ သဘောထားလိုက်ပြီ"

မမအသံထဲမှာ ဒေါသကြောင့်ပဲလား၊ မောဟိုက်မှုတွေ ပါလာသည်။ မမရင်သည် နိမ့်လိုက်မြင့်လိုက်နှင့် လှုပ်ရှားလွန်းလှ၏။

"ရိုက်ပါ မမ၊ ထပ်ရိုက်လိုက်ပါဦး။ မမ တစ်ချက်ရိုက်လိုက်တာဟာ ကျွန်တော့်အတွက် အနမ်းတစ်ခုလို့ သဘောထားပါတယ်။

ချစ်လွန်းလို့ ပြုလုပ်ခဲ့တာတွေအားလုံးအတွက် ကျရောက်လာမယ့် ပြစ်ဒဏ်အားလုံးကို ကျွန်တော် လက်ခံနိုင်တယ်။ ကျွန်တော် မမကို ချစ်တာဟာ မမဘာဖြစ်ဖြစ် နောက်မဆုတ်မယ့်အချစ်ပါ။ မမနဲ့ဝေးဝေးမနေနိုင်ဘူး။ သေကွဲပဲကွဲမယ် မမရယ်၊ ရှင်ခွဲခွဲပြီး မနေနိုင်ဘူး"

ကျွန်တော် မျက်ရည်မကျမိစေရန် ကြိုးစားထိန်းပြီး ပြောလိုက်ရသည်။





"ဒီမှာ ရှယ်ရီ . . . ကိုယ့်ကိုယ်ကိုယ်လည်း သေချာပြန်စဉ်းစားကြည့်ပါဦး။ မင်း မရှက်တတ်ဘူးလား။ မင်းရဲ့ တစ်ဖက်သတ်အချစ်က ရယ်စရာကောင်းမနေဘူးလား။ ကိုယ့်ကို ဝတ္ထုတစ်ပုဒ်လို ဖတ်နေတယ်ဆိုလည်း ဒီတိုင်းပြီးတဲ့အထိဖတ်သွားလိုက်ပေါ့။ ဝတ္ထုဆိုတာ ဖတ်ပြီး ပြီးသွားတာပဲ။ မင်းကျမှ ဘာဖြစ်လို့ ဖတ်ရင်း ရူးသွားရတာလဲ"

"အဲဒါ မမရဲ့အထင်နဲ့အမြင်ပါ။ ကျွန်တော် မမကို ဝတ္ထုလိုသဘောထားခဲ့တာဟာ မမက စွဲမက်စရာကောင်းလွန်းလို့၊ စိတ်ဝင်စားစရာဖြစ်အောင် မှိုင်းသိပ်နိုင်လွန်းလို့ပါ။ ပြီးတော့ မမရဲ့အဖျားတွေနဲ့နီးအောင်လည်း ထိုးဖောက်ကြည့်နေခဲ့တာပါ"

"ဒါဆို ကိုယ့်ရဲ့အဖျားတွေကို ထိုးဖောက်ကြည့်လို့ရပြီလား"

"ရပြီ မမ၊ အကုန်သိပြီ၊ မမပါးစပ်က ကျွန်တော့်ကို ဖွင့်မပြောတာကလွဲလို့ပေါ့"

"ဒါဆို မင်း သိတာထက် ပိုသိသွားအောင် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြရတော့မှာပဲ"

မမစကားကြောင့် ကျွန်တော့်ရင်ထဲ နုံးချိသွားပါသည်။

ဆက်လက်ရပ်တည်ဖို့ အင်အားမရှိတော့ဘဲ မမဘေးမှထိုင်ခုံလက်တန်းပေါ် ထိုင်လိုက်ပြီး မမခါးလေးကို ဆွဲဖက်လိုက်မိ၏။ မမကိုယ်လေး တွန့်ခနဲဖြစ်သွားပေမယ့် ကျွန်တော် လွှတ်မပေးဘဲ ရင်ခွင်ထဲသို့ ခေါင်းထိုးအပ်လိုက်မိတော့သည်။

"မရက်စက်ပါနဲ့ မမရယ်။ ဘာမှမလုပ်ပြပါနဲ့တော့။ ကျွန်တော့်မှာ ဘာအဖြစ်တွေရှိနေလို့လဲ မမရဲ့။ မမလက်မခံနိုင်အောင် ဘာချို့ယွင်းချက်တွေ ရှိနေလို့လဲ။ ကျွန်တော် မမကို ဘယ်လောက်ထိချစ်ပြီး မျှော်လင့်နေတယ်ဆိုတာသိရဲ့နဲ့ မညှာချင်ပါနဲ့တော့။ ရန်ကုန်ရောက်မှ လူငယ်လေးတစ်ယောက်အတွက် အသက်အလိုလိုရှင်နေတာဆို။ မရက်စက်ပါနဲ့ မမရယ်။ ကျွန်တော့်ရင်ထဲကို ဝင်ကြည့်စမ်းပါ။ ခဏလေးဖြစ်ဖြစ် ဝင်ခဲ့စမ်းပါ မမရဲ့"





ကျွန်တော် တိုးတိတ်အက်ကွဲစွာမြည်တမ်းလိုက်သောအခါ မမထံမှ စကားသံထွက်မလာတော့။ မထင်မှတ်ဘဲ ထွက်ကျလာသော ကျွန်တော့်မျက်ရည်တွေ မမရင်ဘတ်သို့ ကူးစက်သွားစဉ် မမရင်ခုန်သံတွေ လိုတာထက် ပိုမြန်နေပြီဆိုတာ ကျွန်တော် သတိထားလိုက်မိတာမို့ ဖျတ်ခနဲ မမကိုမော့ကြည့်လိုက်မိသည်။

လည်လာသောမျက်ရည်တို့ကို မမ ကြိုးစားထိန်းနေပုံရ၏။ နဖူးမှာလည်း ချွေးများ အနည်းငယ်စို့နေ၏။

ဘုရား . . . ဘုရား . . . မမရောဂါဖောက်တော့မှာလား။

ကျွန်တော် ကြည့်နေရာမှ စိုးထိတ်ပြာဝေသွားပြီး မမခါးပေါ်မှ ကျွန်တော့်လက်တွေကို ပြန်ရုပ်လိုက်သည်။ ပြီးတော့ မမလက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်စဉ် အေးစက်နေသော အရသာကို ထိတွေ့လိုက်ရပြန်သည်။ ကျွန်တော့်ရင်ထဲမှာ သနားစိတ်တွေနှင့်အတူ မမကို ပိုချစ်သွားရ၏။ မမ ဘယ်လိုပဲနေနေ ရောဂါခံစားတာကအစ

www.burmeseclassic.com



မမနှင့်ပတ်သက်သမျှအရာအားလုံးကို ကျွန်တော် ဝိုလို့သာ ချစ်မြဲချစ်နေပါသည်။

ကျွန်တော် မမကိုကြည့်ရင်း မထိန်းနိုင်တော့ဘဲ မတ်တတ်ရပ်ပြီး ဆွဲဖက်ထားလိုက်တော့၏။

"မမရယ် . . . ဘာဖြစ်လို့ ဒီလောက်ကြိတ်ခံစားနေရတာလဲ၊ ရင်ဖွင့်လိုက်စမ်းပါ မမရဲ့၊ မမ ကျွန်တော့်ကို ချစ်နေတယ်ဆိုတာ ကျွန်တော်ဝိုသိလာတယ်။ ဘာဖြစ်လို့ မျိုသိပ်နေရတာလဲ မမရယ်၊ ကျွန်တော်နဲ့လိုက်ခဲ့တော့နော်"

ကျွန်တော် မမပါးနား တိုးတိုးလေးကပ်ရွတ်လိုက်တော့ မမက အိပ်မက်မှလန့်နိုးသလို "ဖယ်စမ်း" ဟု အော်ပြီး ကျွန်တော့်ကို ဆောင့်တွန်းလိုက်သည်။

"မင်း နောက်ထပ် ကိုယ့်အသားကို ထိဖို့မကြိုးစားနဲ့၊ မင်းကို လက်ခံလို့မရဘူး၊ မင်းမှာ အပြစ်တွေအများကြီး ရှိနေလို့ပဲ ချယ်ရီရဲ့"

"ဘယ်လိုပြောလိုက်တယ်၊ ကျွန်တော့်ကို မမ





လက်မခံနိုင်တဲ့အကြောင်းက ဘာလဲ၊ ကျွန်တော့်ရဲ့အပြစ်တွေဆိုတာ ဘာလဲ၊ ထောက်ပြစမ်းပါ၊ ရှာပြစမ်းပါ။ တွေ့ရင် ကျွန်တော့်ကိုယ် ကျွန်တော် ဆုံးမပါ့မယ် မမရဲ့"

"မင်း ကိုယ့်ကိုချစ်တာဟာ ကိုယ် လက်မခံနိုင်တဲ့ အကြောင်းပဲပေါ့၊ မင်း ကိုယ့်အသားကို ထိခဲ့တာတွေဟာ မင်းရဲ့ကြီးမားတဲ့ပြစ်ချက်တွေပဲပေါ့၊ ဒီမှာ ချယ်ရီမောင်မောင် မင်းဘဝနဲ့ ကိုယ့်ဘဝက လုံးဝကိုမတန်တာ၊ မင်းကို လက်ထပ်ဖို့ဆိုတာ ဝေးရော၊ ကိုယ့်အသားကို ထိတာတောင် သေချင်အောင် ရွံလှပြီ၊ အဲဒါ ကိုယ့်ရဲ့နောက်ဆုံး အဖြေပဲ၊ သွားတော့"

ကျွန်တော် ပြုံးလိုက်သည်၊ ပြီးမှ . . .

"အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့"

ဟု အော်ပြီး မမလက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"မင်း မကိုင်နဲ့နော်၊ လွှတ်စမ်း . . . ကိုယ့်အသားကို မထိနဲ့၊ မင်းအသားနဲ့ကိုယ့်အသားနဲ့ လုံးဝမတန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မလွှတ်ဘူး။ အဲဒီလိုပြောလေ ကိုင်ချင်လေပဲ"

"လွှတ်စမ်း . . . လွှတ်လို့ပြောနေတယ်"

"မလွှတ်ဘူး။ ကမ္ဘာ့အပြင်ဘက်ကို အတူတူထွက်မှာ . . . လာ"

ကျွန်တော် ဘာကိုမှ မမြင်တော့ဘဲ မမလက်ကို ဆွဲလာခဲ့တော့သည်။ မြုံထဲအရောက်မှာတော့ စောစောက ခပ်ဖွဲဖွဲရွာနေသောမိုးက ရုတ်တရက် သည်းသည်းမဲမဲရွာချလေ၏။ ကျွန်တော်တို့နှစ်ယောက်လုံး ကြွက်စုတ်ကလေးတွေ ဖြစ်သွားပါသည်။

"ချယ်ရီ . . . လွှတ်နော် . . . လွှတ်"

" . . . "

"ကြည့်စမ်း . . . လူမိုက် . . . လူမိုက် . . . ငါ့လက်ကိုလွှတ်"

မမက အော်လေ ကျွန်တော်က ဘာမှမပြောဘဲနှင့် မိုးရေထဲမှာ ဆွဲလားရုန်းလားဖြစ်နေစဉ် မြုံရှေ့သို့ ကားတစ်စီးထိုးရပ်လာလေသည်။ လှည့်ကြည့်လိုက်တော့ ကား



မှန်ကို ထည့်ပြီးစိုက်ကြည့်နေသော အဘကို ရင်ဆိုင်လိုက်ရတော့၏။

"ဟော . . . ဒီနှစ်ယောက် မိုးရေထဲမှာ ဘယ်လိုဖြစ်နေကြတာလဲ"

ဟု အဘက ကားထဲမှ လှမ်းအော်လိုက်တာမို့ ကျွန်တော် မမလက်ကို လွှတ်ပေးပြီး ခေါင်းငုံ့ထားလိုက်မိပါသည်။ သွားပြီ . . . အဘမရှိချိန်ကို မှန်းပြီး မမကိုခိုးဖို့ ထွက်လာခဲ့သော အကြံအစည်သည် လုံးဝစီစဉ်လို့မရအောင် ကြေမွသွားပြီဖြစ်သည်။

"ဘာဖြစ်ရမလဲ။ အိမ်ထဲလာပြီး ဇော်ကားနေတာလေ။ ဒီလောက်တောင် ဖွတ်တိုးမိုက်ချင်တာ။ ဒီမှာ ကြည့်စမ်း ချယ်ရီမောင်မောင်။ မင်း ချစ်ခင်တဲ့ အဘ . . . မင်းလေးစားတယ်ဆိုတဲ့အဘလေ . . . ဘယ်သူထင်လဲ။ အဲဒါ တိုယ့်ရဲ့အမျိုးသားပဲ"

"ဟင်"

ကျွန်တော့်မျက်နှာတစ်ပြင်လုံး ဖြတ်ရိုက်ခံလိုက်ရ

www.burmeseclassic.com



သလို နာကျင်နိမြန်းသွားလေသည်။

"ဟာ . . . မယ်လေး"

အဘကလည်း တအံ့တဩဖြင့် ကားပေါ်မှ ဖြုန်းခနဲဆင်းလာသည်။

"ကိုယ်တရားဝင်လက်ထပ်ထားတဲ့ ယောကျ်ား"

ကျွန်တော့်ခေါင်းကို အလေးလံဆုံးအရာတစ်ခုဖြင့် ထုချလိုက်သလို ကြေမွသွားပြီး နားနှစ်ဖက်ကို အုပ်လိုက်မိ၏။

"ကိုယ့်အသက်နှစ်ဆယ်ကတည်းက ပေါင်းလာတဲ့ လင်သား"

အား . . . ကျွန်တော် သေသွားပြီ။

လူကောင်းပကတိကြီးမှ နားထဲဝင်လာသော စကားကျည်ဆန်များကြောင့် အသက်နှင့်ခန္ဓာ ကွဲထွက်လွင့်စင်သွားပါသည်။ ကျွန်တော် နားနှစ်ဖက်ကိုအုပ်လျက် အရှိန်ပြင်းစွာ မိုးရေထဲသို့ ပြေးထွက်လာခဲ့လေ၏။

ကျွန်တော် လူ့ဘဝထဲမှာ ဆက်လက်ရပ်တည်နိုင်

●———ကျွမ်းလောပ———●



အင်အားမရှိအောင် ရှက်နာကျပြီး သေဆုံးခဲ့ရလေပြီ။ မိုးရေထဲမှာ အရူးတစ်ယောက်လို ထွက်ပြေးခဲ့သော ကျွန်တော်သည် ကျွန်တော့်အိမ်သို့မဟုတ်ဘဲ ခြေဦးတည့်ရာသို့ဖြစ်၏။ "ဒုဿနသော" ဟု မြည်နေသော မိုးခြိမ်းသံတွေက ကျွန်တော့်ခေါင်းပေါ်သို့ အကြိမ်များစွာ ကျရောက်လာ၏။

ဘယ်လောက်ဆိုးဝါးလိုက်တဲ့ ကျွန်တော့်အဖြစ်လဲ။

ကျွန်တော့်လောက် မိုက်မဲဆိုးသွမ်းသူ . . .

ကျွန်တော့်လောက် တစ်ဖွတ်ထိုး တစ်ဖောက်ကန်းနိုင်သူ . . .

ကျွန်တော့်လောက် ကမ္ဘားရှူးထိုးနိုင်သူ . . .

ကျွန်တော့်လောက် လူကဲခတ်ညံ့ဖျင်းသူ . . .

ဒီကမ္ဘာပေါ်မှာ ရှိပါဦးမလား။

ဒါမှမဟုတ် . . .

ချယ်ရီမောင်မောင်ကပဲ လူကဲခတ်ညံ့တာလား?

မမမြင့်မြတ်မယ်ကပဲ ပရိယာယ် ကြွယ်ဝတာ

www.burmeseclassic.com

www.burmeseclassic.com



လား?

. . . ?

နောက်ဆုံးတော့ ကျွန်တော် ချစ်မြတ်နိုးမိသော ဝတ္ထုလေးကို အစအဆုံးဖတ်ပြီးချိန်မှာ ဝတ္ထုနောက်ဆုံး နိဂုံး ချုပ်လိုက်မှုနှင့် ကျွန်တော့်ရင်ထဲ ပြင်းပြင်းထန်ထန်ကျ ရောက်လာသော hit တစ်ခုကတော့ ကျွန်တော် အရှင် လတ်လတ်နှင့် လူ့သေကောင်ဘဝသို့ ရောက်ရှိသွားခြင်းပဲ ဖြစ်ပါသည်။

"ခွေးကောင် . . . တော်တော်အသုံးမကျတဲ့ သတ္တဝါ။ ဒီလောက်တောင် အသုံးမကျတဲ့သတ္တဝါမျိုးကွာ"

ကျွန်တော် အရူးတစ်ယောက်လို ရေရွတ်ရင်း ဗုဒ္ဓသနသောဆိုသည့် မိုးခြိမ်းသံတွေနှင့် အဆိပ်ပြင်းသော မိုးရေတွေအောက်မှာ ဘယ်အချိန်ထိ ပြေးလွှားနေမည် မသိတော့ပါ။

× × ×



ကျွန်တော် သိလိုက်ရတာတစ်ခုကတော့ . . .

ကျွန်တော် ဖတ်ခဲ့သော ဝတ္ထုလေး၏နိဂုံးပိုင်း သည် . . .

ကျွန်တော့်ရင်ကို အဲဒီလောက်ပြင်းထန်သွားသည် ဟု . . .

ထင်ခဲ့သော်လည်း . . .

တကယ်တမ်း ပြင်းထန်ခဲ့သည့် နိဂုံးပိုင်းလေးက

ဘဝကို ပဟေဠိနန်းတော်ကြီးလို . . .

လှလှပပ တည်ဆောက်သွားခဲ့သော မမ . . .

ကျွန်တော့်ကိုလည်း

ထူးဆန်းသည့်ပဟေဠိမေးခွန်းလေးတွေ . . .

တစ်ခုပြီးတစ်ခု လက်ဆောင်ပေးသွားခဲ့သော မမ

ပြီးတော့ -

www.burmeseclassic.com



တစ်ဖက်သတ်ဆန်သည့် ဝတ္ထုလေးအဖြစ် . . .

ဝိုဝိုပြင်ပြင် သရုပ်ဆောင်သွားခဲ့သော မမသည်

ကျွန်တော် မိုးရေထဲ ထွက်မပြေးခင် . . .

တစ်ချက်လောက်ငဲ့ကြည့်လိုက်မည်ဆိုပါက . . .

ကျွန်တော့်နောက်ကျောကို စိုက်ကြည့်ရင်း . . .

ခွေခနဲ လဲကျသေဆုံးသွားတာကို . . .

တွေ့လိုက်ရမည်ဆိုတာပဲဖြစ်သည်။

သို့သော် - ထိုကိစ္စကို . . .

ကျွန်တော့်မိသားစုက ဖုံးကွယ်ထားခဲ့တာမို့ . . .

တစ်နှစ်ခန့်အကြာ - ကျွန်တော် စင်္ကာပူမှာ . . .

relax လုပ်ပြီး ပြန်ရောက်လာမှ . . .

သိလိုက်ရခြင်း ဖြစ်ပါသည်။



လက်တစ်စုံဖြင့် . . .

တစ်စုံတစ်ရာ . . .

**လေဒီဇော်**



# စာဖတ်ပရိသတ်အတွက် အမှတ်တရ



သို့

ဆရာမ Lady

"အချစ်မှုးသူများ" စာအုပ်ကို ဂါတ်လမ်းနဲ့အတူ

■ တကယ်တော့ . . .

သူမတို့အားလုံးဟာ

အချစ်မှုးသူများသာဖြစ်၏။

အရက်ကို

များများသောက်မိလို့

မူးမူးရူးရူးနှင့် ဖရိုဖရဲဖြစ်တတ်သလိုမျိုး

အချစ်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

သို့

လေဒီလို့ပဲ ခင်မင်ရင်းနှီးစွာ ခေါ်မယ်နော် . . .

လေဒီရဲ့ပထမဆုံးလုံးချင်းဝတ္ထုဖြစ်တဲ့

"အမုန်းတွေရုပ်"ကို ဖတ်ရတယ်။

အရမ်းကို ဖတ်လို့ကောင်းတယ်။

"ရှုံးရှုံးမှုံးမှုံးရင်ထဲကဦး" ဆိုတဲ့ဝတ္ထုကိုလည်း ဖတ်ချင်လှပြီ။

မထွက်သေးလို့ မဖတ်ရသေးဘူး။ အဲဒီဝတ္ထု ထွင်ရင် ဖတ်ဖြစ်အောင် ဖတ်လိုက်မယ်နော်။

လေဒီကို တစ်ခုလောက် တောင်းဆိုပါရစေ။ နောက်ဝတ္ထုတွေကျရင် သူငယ်ချင်း သုံးယောက်ဇာတ်လမ်းလေး ရေးပါလား။

လေဒီက စာရေးတာတော်တော့ ရေးတတ်မှာပေါ့။ သေချာပေါက်ရေးပေးပါနော်။ ပရိသတ်တစ်ယောက်အနေနဲ့ တောင်းဆိုတာပါ။ ဝတ္ထုခေါင်းစဉ်လေးကို စဉ်းစားပေးလိုက်မယ်။ "ရင်ရိုပ်လှှာ၊ လက်ာလှိုင်း နှင့် နှင်းရိပ်မှို" တဲ့ . . .

အဲဒါ ဇာတ်ကောင်မိန်းကလေး သုံးယောက်ရဲ့ နာမည်လေ။

သူတို့သုံးယောက်ရဲ့နာမည်ကို ခေါင်းစဉ်တပ်လိုက်တာ။

အဲဒီခေါင်းစဉ်လေးနဲ့ ဝတ္ထုရေးပါနော် . . .

လေဒီရဲ့ ပြန်စာကို စောင့်မျှော်နေပါ့မယ်။

ပြန်စာနဲ့အတူ လေဒီရဲ့ ဓာတ်ပုံလေးပါ ထည့်ပေးလိုက်ပါနော် . . .

လေဒီကို ထာဝရစဉ်ဆက်မပြတ် အားပေးနေမယ့် ပရိသတ် . . .

လမင်း

အိမ်အမှတ် (၂၂၂/ဂ)

တော်ဝင်သစ်ခွခြံ

ညောင်ပင်သာရပ်ကွက်

ကလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

သို့

သူငယ်ချင်းလို့ပဲ ရင်းရင်းနှီးနှီးခေါ်မယ်နော် . . .

သူငယ်ချင်း မင်းရဲ့လက်ရာကို တွေ့တွေ့ချင်း ဂုဏ်ယူစိတ်အပြည့်နဲ့ ညတွင်း အပြီး အားပါးတရ ဖမ်မိတယ် . . .

[မနက် Wedding တစ်ခုအတွက် မိတ်ကပ်လိမ်းဖို့ရှိတာတောင် မေ့ထားလိုက်တယ်လေ]

ကိုယ်က ဘာမှမဟုတ်သေးတော့ ဘာမှမဝေဖန်ရဲဘူး။

ကြိုက်တယ် သူငယ်ချင်း ကြိုးစား . . .

"မတစ်ထောင် တစ်ကောင်ဖွား" ထဲမှာ မင်းလည်း ပါသွားပြီ။

ကိုယ်လည်း လိုက်ခဲ့မယ် . . .

တစ်နေ့ စာပေဥယျာဉ်ထဲမှာ အလန်းဆုံး အလှဆုံးနဲ့ အမွှေးဆုံး ပွင့်နေတဲ့ပန်းတွေဟာ ကိုယ်တို့သူငယ်ချင်းတွေပဲ ဖြစ်ရမှာပေါ့။ ဟုတ်တယ်မို့လား . . . နောက်ပြီး မင်းရဲ့ပရိသတ်တွေထဲမှာ အမာခံပရိသတ်အဖြစ် ရပ်တည်ပေးမယ် – ယုံ။

လေးစားအားကျလျက်

(hair & Makeup) ဒီဇိုင်နာ–ကိုမင်း

ရွှေမင်းသား beauty Saloon

ပြည်လမ်း၊ အောင်လမြို့။

သို့

ဆရာမ လေဒီဇော် မင်္ဂလာပါရှင်

ညီမကတော့ "အချစ်၏အသက်တိတ်ပေါက်ကွဲမှုတစ်ရပ်" ဆိုတဲ့ ဝတ္ထုကိုဖတ်ပြီး အရမ်းကြိုက်နှစ်သက်မိလို့ စာရေးလိုက်တာပါ။

ဆရာမ စာရေးပုံရေးနည်းက တကယ်မိတယ်။

စာသားလေးတွေလည်း လှပါတယ်။

ဆရာမရဲ့ထွက်ပြီးတဲ့ စာအုပ်တွေထဲမှာ "အမုန်းတွေရပ်" "ရှုးရှုးမှူးမှူးရင်ထဲကညီး" နဲ့ "အချစ်မူးသူများ" ဆိုတဲ့ စာအုပ်တွေကလည်း အရမ်းကောင်းပါတယ်။

မထင်မှတ်ဘဲ ပေါ်လာတဲ့ ဇာတ်သိမ်းပုံလေးတွေကို ကြိုက်လို့ ခုလို စာရေးဖြစ်တာပါ။ နောက်ထွက်မယ့်စာအုပ်တွေကိုလည်း အမြဲအားပေးနေမှာပါ။ ဆရာမ အောင်မြင်ပါစေလို့ ဆုတောင်းပါတယ် . . . ။

နင်းစန္ဒာ

ရွှေအင်းသာလမ်းသွယ်(၁)

၂၁(၇)ရပ်ကွက်

ကသာမြို့။

www.burmeseclassic.com

www.burmeseclassic.com

သို့

မင်္ဂလာပါ . . . လေဒီ

ကျွန်တော်က လေဒီရဲ့ ပရိသတ်ပါ . . .

လေဒီ စာရေးတာ အရမ်းကောင်းတယ် . . .

ဖတ်ရတာ အရသာ သိပ်ရှိတာပဲ . . .

လေဒီရဲ့ဝတ္ထုတွေကို ဝယ်ဖတ်ဖြစ်တယ် . . .

"တဒင်္ဂပေမယ့် ရင်ထဲမှာတော့ အထင်ကရမိုး"

ဆိုတဲ့ ဝတ္ထုလေးက အရမ်းမိုက်တယ်ဗျာ . . .

ကျွန်တော် လေဒီရဲ့ biography ကို သိချင်ပါတယ်။

လေဒီ စာပြန်ပါနော် - စာပြန်ရင်

လေဒီရဲ့ဓာတ်ပုံလေးတစ်ပုံလောက် ထည့်ပေးပါ . . .

ဒီထက်မက လေဒီ အောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ် . . .

လေဒီရဲ့ ပရိသတ်

လှိုင်မင်းထွန်း

တပ-၄၅၆

ကြည်တော်စုလမ်း

မိုးမိတ်မြို့

ရှမ်း/မြောက်

BURMESE CLASSIC

ဆရာမ လေဒီထံ

ခင်မင်လေးစားစွာဖြင့် ဆရာမကို စာရေးလိုက်ပါတယ်။ ဆရာမဆီ မိတ်ဆက်စာရေးချင်နေတာ ကြာပါပြီ။

ဆရာမဝတ္ထုတွေက အရမ်းဖတ်လို့ ကောင်းတယ်။ တစ်မျိုးပဲ။ ဘယ်သူနဲ့မှ မတူဘူး။ ပညာပေးပါတာလေးတွေလည်း ကြိုက်ပါတယ်။ "အချစ်အားလုံးငါ့အပေါ် ပုံလိုက်ပါ" ထိ ဖတ်ပြီးပါပြီ။ အဲဒီစာအုပ်က အရမ်းအားရစရာကောင်းပါတယ်။ နောင်ကိုလည်း အဲဒါမျိုး များများရေးပါလို့ အကြံပြုပါရစေ။ "ရှူးရှူးမှူးမှူးရင်ထဲကဦး" ဆိုတဲ့ဝတ္ထုလေးကိုလည်း လှမင်း၊ ဝတ်မှုံရွှေရည်တို့နဲ့ ရိုက်နေပြီလို့ ကြားရပါတယ်။ အဲဒီဇာတ်လမ်းထဲက ကောင်မလေးက ဝတ်မှုံနဲ့ ကွက်တိပါပဲ။ နောက်စာအုပ်တွေကိုလည်း ဇာတ်ကားရိုက်တာ ကြည့်ချင်ပါသေးတယ်။ ဒီထက်မက အောင်မြင်ပါစေလို့လည်း ဆုတောင်းပါတယ်။ ဖြစ်နိုင်ရင် ပြန်စာနဲ့အတူ ဆရာမရဲ့ ဖုန်းနံပါတ်လေးပါ လိုချင်ပါတယ်။ ဆရာမကို ထာဝရ အားပေးနေမှာပါ။

မင်းမင်း

မန္တလေးတိုင်း

အမရပူရမြို့

www.burmeseclassic.com

www.burmeseclassic.com

သို့

လေဒီဂော် - မင်္ဂလာပါနော်

ကျွန်တော်က ဆရာမရဲ့ပရိသတ်တစ်ဦးပါ။

"ရှုံးရှုံးမှူးမှူး ရင်ထဲကဦး" ဝတ္ထုလေးကို

အရမ်းကြိုက်တယ် . . .

"အမုန်းတွေရင်" လည်း ကောင်းတယ်။

ဆရာမရဲ့ဘိုင်အိုဂရပ်ဖီကို သိချင်ပါတယ်။

ဓာတ်ပုံတစ်ပုံလောက်ကော လက်ဆောင်ပေးပါလား

စာပြန်ပေးပါနော် . . .

ဆရာမတစ်ယောက်

အောင်မြင်မှုများစွာ ရရှိပါစေ . . .

ဟိန်းသူရကို

ကျောက်တောင်ရွာ၊

ဂုမိုင်လမ်း(အထက်)

မိုးမိတ်မြို့

ရှမ်း/မြောက်

BURMESE CLASSIC

www.burmeseclassic.com